# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ခုနှစ် နိုဝင်ဘာလ ၃၀ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၉) ၊ အမှတ်(၃၀၇)၊ ၁၃၈၆ ခုနှစ် ၊ တော်သလင်းလပြည့်ကျော် ၁၅ ရက်၊ ၁၁-၁၀-၂၀၂၄၊ တနင်္ဂနွေနေ့။


## မြတ်ဗုဒ္ဓ၏ အဆုံးအမတရား

စန္ဒကူးပန်း၊ တောင်ဇလပ်ပန်း၊ ကြာပန်း၊ မြတ်လေးပန်း စသော ပန်းနံ့သာတို့ထက် သီလတည်းဟူသော အနံ့သည် အတုမရှိ ထူးကဲလွန်မြတ်၏။

(ဓမ္မပဒ)



၂၀၂၄ ခုနှစ် (၆၁)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ တတိယနေ့တွင် ရတနာကုန်သည်များက ခင်းကျင်းပြသထားသည့် ကျောက်စိမ်းအတွဲများကို စိတ်ကြိုက်လေ့လာကြည့်ရှုစစ်ဆေးကြစဉ်။

## (၆၁)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ တတိယနေ့ ဆက်လက်ကျင်းပ

နေပြည်တော် အောက်တိုဘာ ၁၀

၂၀၂၄ ခုနှစ် (၆၁)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ တတိယနေ့ကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိမဏိရတနာကျောက်စိမ်းခန်းမ၌ ဆက်လက်ကျင်းပရာ ပြည်တွင်း၊ ပြည်ပ ရတနာကုန်သည်များဖြင့် စည်ကားလျက်ရှိသည်။ စာမျက်နှာ ၅ သို့ ☆

## အပတ်စဉ် ဗုဒ္ဓဟူးနေ့တိုင်းတွင် နေအိမ်မှသာဆောင်ရွက်ကြရန် သတ်မှတ်ကြေညာချက်အား မူလအတိုင်း ပုံမှန်ရုံးတက်ဆောင်ရွက်နိုင်ပါရန် ထုတ်ပြန်ခြင်း

နေပြည်တော် အောက်တိုဘာ ၁၀

၁။ အရှေ့အလယ်ပိုင်းပဋိပက္ခကြောင့် ဖြစ်ပေါ်လာခဲ့သည့် စက်သုံးဆီရှားပါးမှုကို ကြိုတင်ကာကွယ်ရန်အတွက် စက်သုံးဆီ သုံးစွဲမှုကို ချွေတာလျှော့ချရန်ရည်ရွယ်၍ အစိုးရရုံးဌာနများမှ အရာထမ်း၊ အမှုထမ်းများသည် သက်ဆိုင်ရာရုံးဌာနများသို့ သွားရောက်ခြင်းမပြုဘဲ မိမိနေထိုင်ရာ နေအိမ်၊ အဆောင်များတွင်သာ ရုံးလုပ်ငန်းဆောင်ရွက်ခြင်းအား ၂၀၂၄ ခုနှစ်၊ မတ်လ ၂၅ ရက်နေ့မှ စတင်ပြီး အပတ်စဉ်ဗုဒ္ဓဟူးနေ့တိုင်းတွင် (Work from Home) ဆောင်ရွက်သွားကြရန် သတ်မှတ်ကြေညာခဲ့ပါသည်။

၂။ အထက်ပါ အပတ်စဉ်ဗုဒ္ဓဟူးနေ့တိုင်းတွင် (Work from Home) ဆောင်ရွက်သွားကြရန် သတ်မှတ်ကြေညာချက်အား ယနေ့မှစ၍ မူလအတိုင်း ပုံမှန်ရုံးတက်ဆောင်ရွက်နိုင်ပါရန် ထုတ်ပြန်အပ်ပါသည်။

သတင်းထုတ်ပြန်ရေးအဖွဲ့
နိုင်ငံတော်သမ္မတရုံး


ယနေ့ ဖတ်စရာအညွှန်း

ဘန်း‌ဒ်လီနိကို ခေါ်ယူရန် ဘိုင်ယန်မြူးနစ်အသင်း စိတ်ဝင်စား
စာမျက်နှာ ၁၁

(၄၈)ကြိမ်မြောက် အိမ်တော်ရာ ခြင်းအလှခတ်ပွဲတော် စတင်ကျင်းပ
စာမျက်နှာ ၁၂

ထိန်းသိမ်းစို့လေ ဒြပ်မဲ့အမွေ (ဆောင်းပါး)
စာမျက်နှာ ၁၄


## မြန်အောင်မြို့နယ်ရှိ မမြရေလှောင်တမံ တမံပေါင်လျှော့ကျမှုကြောင့် အရေးပေါ်ရေပိုလွှဲမှ ဆည်ရေများ လျှော့ချလျက်ရှိ၊ ဒေသခံပြည်သူများနှင့် ကျေးရွာစိုက်ကေများ ထိခိုက်မှုမရှိ



မြန်အောင်မြို့နယ်ရှိ မမြရေလှောင်တမံ တမံပေါင်လျှော့ကျမှုဖြစ်ပွားခဲ့သည့်နေရာအား တာဝန်ရှိသူများ ကြည့်ရှုစစ်ဆေးစဉ်။

နေပြည်တော် အောက်တိုဘာ ၁၀

ဧရာဝတီ တိုင်းဒေသကြီး မြန်အောင်မြို့နယ်ရှိ မမြရေလှောင်တမံသည် ယနေ့နံနက် ၆ နာရီ ၃၀ မိနစ်ခန့်တွင် ရေလှောင်တမံ၏ တမံပေါင်မှာ တမံအလျား ၂၅၀ ပေ၊ အနံ ၁၀ ပေခန့်မှ မြေသား ၂၇ ပေခန့်အထိ လျှော့ကျခဲ့သည့်အတွက် ယနေ့နံနက်ပိုင်းမှစ၍ အရေးပေါ်ရေပိုလွှဲမှ ဆည်ရေများ လျှော့ချလျက်ရှိပြီး ထိုသို့ ဆောင်ရွက်မှုကြောင့် ရေလှောင်တမံပတ်ဝန်းကျင်ရှိ ဒေသခံ စာမျက်နှာ ၅ သို့ ❖

## မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

နေပြည်တော် အောက်တိုဘာ ၁၀

**မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** စစ်ကိုင်းတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။ တနင်္သာရီတိုင်းဒေသကြီးတွင် နေရာအနှံ့အပြား၊ ဧရာဝတီတိုင်းဒေသကြီး၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်း)တို့တွင် နေရာကျဲကျဲနှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်ပါသည်။

**နောက်(၂)ရက်အတွက် ခန့်မှန်းချက်မှာ** နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာကျဲကျဲ မိုးထစ်ချုန်းရွာနိုင်ပါသည်။

**နေပြည်တော်နှင့်အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးအနည်းငယ် ထစ်ချုန်းရွာဖွယ်ရာရှိပါသည်။ ရွာရန်ရာနှုန်း ၄၀ ဖြစ်ပါသည်။

**ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးအနည်းငယ် ထစ်ချုန်းရွာဖွယ်ရာရှိပါသည်။ ရွာရန်ရာနှုန်း ၄၀ ဖြစ်ပါသည်။

**မန္တလေးမြို့နှင့်အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်ပါသည်။

မိုး/ဇလ

၂၀၂၆ ခုနှစ်၊ အောက်တိုဘာ ၁၁ ရက်၊ တနင်္ဂနွေနေ့။
မန္တလေးနေ့စဉ်

## မျိုးဆက်သစ်များ၏ ဖန်တီးနိုင်စွမ်းနှင့်အနုပညာစွမ်းရည်များ ပွံ့ဖြိုးတိုးတက်လာစေရန် အားပေးမြှင့်တင်ပေးရမည်

၂၀၂၆ ခုနှစ် (၂၇) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကို အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှုအမွေအနှစ်များ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊ အမျိုးသားရေးစရိုက်လက္ခဏာများ မပျောက်ပျက်စေရန်နှင့် မျိုးဆက်သစ်လူငယ်များကြားတွင် ရိုးရာယဉ်ကျေးမှုကို ချစ်မြတ်နိုးသည့် အမျိုးသားရေးစိတ်ဓာတ် ပိုမိုထွန်းကားပြန့်ပွားလာစေရေး၊ မြန်မာ့ရိုးရာယဉ်ကျေးမှုအနုပညာရပ်များ၊ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်လာရန် ဖော်ထုတ်မြှင့်တင်ရေး၊ နိုင်ငံတော်တည်ဆောက်ရေးကဏ္ဍတွင် ယဉ်ကျေးမှုအနုပညာစွမ်းအားဖြင့် တစ်တပ်တစ်အား ပူးပေါင်းပါဝင်ဆောင်ရွက်ရေးစသည့် ဦးတည်ချက်များဖြင့်ကျင်းပသွားမည်ဖြစ်သည်။

မြန်မာ့ရိုးရာယဉ်ကျေးမှု အနုပညာအမွေအနှစ်များကို မျိုးဆက်သစ်လူငယ်များအနေဖြင့် အစဉ်အလာမပျက် ဆက်လက်ထိန်းသိမ်းလိုစိတ်၊ ဂုဏ်ယူမြတ်နိုးတန်ဖိုးထားလိုစိတ်များ ဖြစ်ထွန်းလာစေရေးတို့အတွက် အလေးထားဆောင်ရွက်ကြရန်လိုအပ်ကြောင်း၊ ပြိုင်ပွဲကြီးအောင်မြင်စွာကျင်းပနိုင်ရေးအတွက် ပြိုင်ပွဲဝင်များရွေးချယ်ရေးနှင့် ပြိုင်ပွဲအဆင့်ဆင့်ကို စနစ်တကျ ကျင်းပနိုင်ရေးအတွက် အလေးထားဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ပြိုင်ပွဲဝင်များကို ရိုးရာအနုပညာ၏ မူရင်းအနှစ်သာရနှင့် အစဉ်အလာများကို ထိန်းသိမ်းလိုက်နာစေပြီး တစ်ဖက်တွင်လည်း မျိုးဆက်သစ်များ၏ ဖန်တီးနိုင်စွမ်းနှင့်အနုပညာစွမ်းရည်များ ဖွံ့ဖြိုးတိုးတက်လာစေရန် အားပေးမြှင့်တင်ပေးရမည်ဖြစ်ကြောင်း (၂၇) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီနာယက ဒုတိယသမ္မတ ဒေါ်နန်းနီနီအေး က အောက်တိုဘာ ၈ ရက် နံနက်ပိုင်းတွင် နေပြည်တော်ရှိ ယဉ်ကျေးမှု၊ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ယဉ်ကျေးမှုရတနာခန်းမ၌ ကျင်းပသည့် ၂၀၂၆ခုနှစ်၊ (၂၇) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီ ဒုတိယအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေး၌ ပြောကြားခဲ့သည်။ အကဲဖြတ်ပညာရှင်များအနေဖြင့် သက်ဆိုင်ရာအနုပညာရပ်၏ စံနှုန်းများ၊ ရိုးရာမူရင်းအနှစ်သာရများ၊ အနုပညာစွမ်းရည်၊ တင်ဆက်မှုပုံစံနှင့် စည်းမျဉ်းစည်းကမ်းများကို အခြေခံပြီး ပွင့်လင်းမြင်သာမှု၊ မျှတမှုရှိရှိဖြင့် အကဲဖြတ်ပေးနိုင်ရေး စနစ်တကျစီမံဆောင်ရွက်ရမည်ဖြစ်သည်။

ဒုတိယသမ္မတက ဆက်လက်ပြောကြားရာတွင် ရိုးရာအနုပညာပညာရှင်ကြီးများ၏ အတွေ့အကြုံနှင့် ပညာရပ်များကို မျိုးဆက်သစ်များထံ လက်ဆင့်ကမ်းပေးနိုင်ရေးကိုလည်း အလေးထားရမည်ဖြစ်ကြောင်း၊ ပြိုင်ပွဲကာလအတွင်း တင်ဆက်မှုများကို စနစ်တကျ မှတ်တမ်းတင်ထားခြင်းဖြင့်လည်း အနာဂတ်ကာလတွင် သုတေသနပြုခြင်းနှင့် လေ့လာသင်ယူမှုများအတွက် အသုံးချနိုင်မည်ဖြစ်ကြောင်း၊ ပြိုင်ပွဲဝင်များ၏ စိတ်ဓာတ်တက်ကြွမှု၊ အနုပညာစွမ်းရည် အပြည့်အဝဖော်ထုတ်နိုင်မှုနှင့် ကျန်းမာရေး၊ လုံခြုံရေးတို့ကိုလည်း စနစ်တကျစီမံဆောင်ရွက်ပေးရန်လိုအပ်ကြောင်း၊ ထို့ပြင် ပြိုင်ပွဲကျင်းပရာတွင် ကဏ္ဍများအလိုက် ကြိုတင်ပြင်ဆင်စီမံထားပြီး တာဝန်ရှိသူများက မိမိတို့၏တာဝန်များကို အချိန်မီပြီးမြောက်အောင် ပူးပေါင်းဆောင်ရွက်ကြရန်မှာကြားလိုကြောင်း၊ ပြိုင်ပွဲကို အောင်မြင်စွာကျင်းပနိုင်ရေးအတွက် အစည်းအဝေးတက်ရောက်လာကြသူအားလုံးက သက်ဆိုင်ရာကဏ္ဍအလိုက် စိတ်အားထက်သန်စွာ၊ တာဝန်ယူမှုရှိစွာ၊ ပူးပေါင်းညှိနှိုင်းဆောင်ရွက်ကြရန်ကိုလည်း တိုက်တွန်းမှာကြားလိုကြောင်း ပြောကြားသည်။

မျိုးဆက်သစ်များ၏ ဖန်တီးနိုင်စွမ်းနှင့်အနုပညာစွမ်းရည်များ ဖွံ့ဖြိုးတိုးတက်လာစေရန် အားပေးမြှင့်တင်ပြီး နည်းပညာတိုးတက်လာမှုနှင့်အတူ ဒီဂျစ်တယ်နည်းပညာများကို အသုံးချပြီး မြန်မာ့ရိုးရာအနုပညာများကို မှတ်တမ်းတင်ခြင်း၊ ထိန်းသိမ်းခြင်း၊ ဖြန့်ဝေခြင်းနှင့် မျိုးဆက်သစ်များထံ ရောက်ရှိစေရေးကိုလည်း ဆက်လက်ဖော်ဆောင်သင့်ပါကြောင်း ရေးသားလိုက်ရပေသည်။

## မြန်မာနိုင်ငံပြန်တမ်း

### အမြဲတမ်းအတွင်းဝန် / ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ပေးအပ်ခြင်း

ပြည်ထောင်စုအစိုးရအဖွဲ့သည် ကျန်းမာရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမြတ်ဝဏ္ဏစိုး အား အမြဲတမ်းအတွင်းဝန်/ညွှန်ကြားရေးမှူးချုပ် တာဝန်များကို ထမ်းဆောင်ရန် တာဝန်ပေးအပ်လိုက်သည်။

## မြန်မာနိုင်ငံပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ပြောင်းရွှေ့ခန့်ထားခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးမောင်မောင်ရှိန်း ကို အမျိုးသားစီမံကိန်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ အမျိုးသားမှတ်တမ်းများမော်ကွန်းတိုက်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ ပြောင်းရွှေ့ခန့်ထားလိုက်သည်။

## အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခုလှုပ်ရှား

နေပြည်တော် အောက်တိုဘာ ၁၀

ယနေ့နံနက် ၆ နာရီ ၄၀ မိနစ် ၄၁ စက္ကန့်တွင် ကမ္ဘာ့အေးမြေငလျင်စခန်းမှ တောင်ဘက် ၃၈ မိုင်ခန့်ကွာဝေးသော မြန်မာ့ပင်လယ်ပြင် (ကွမ်းခြံကုန်းမြို့၏ အရှေ့တောင်ဘက် ၁၆ မိုင်ခန့်အကွာ) မြောက်လတ္တီတွဒ် ၁၆ ဒသမ ၃၀ ဒီဂရီ၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒသမ ၂၁ ဒီဂရီ၊ အနက် ၁၂ ကီလိုမီတာကို ဗဟိုပြု၍ ပမာဏ ၃ ဒသမ ၅(M) အဆင့်ရှိအင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခုလှုပ်ရှားသွားကြောင်း တိုင်းထွာရရှိသည်။

မိုး/ဇလ

ပန်းမန်သစ်ပင်၊ လေသန့်စင်၍
ဥယျာဉ်တောတန်း၊ စိတ်ရွှင်လန်း၏။

## အပူရှောင်စခန်း ဖွင့်လှစ်နိုင်မည့် နေရာများအား မြို့နယ်တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေး

ကျောက်ပန်းတောင်း အောက်တိုဘာ ၁၀

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင်၊ ကျောက်ပန်းတောင်းမြို့နယ်၌ စူပါအယ်လ်နီညိုရာသီဥတုဖြစ်စဉ် ဖြစ်ပေါ်လာပါက သက်ကြီးရွယ်အိုများ အပူဒဏ်ကာကွယ်နိုင်ရန်အတွက် အပူရှောင်စခန်းများ ဖွင့်လှစ်ပေးသွားမည်ဖြစ်ရာ အပူရှောင်စခန်း ဖွင့်လှစ်နိုင်မည့် နေရာများအား ယနေ့နံနက် ၉ နာရီက မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြသည်။

မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးညွန့်ရွှေ၊ အတွင်းရေးမှူး ရဲမှူးနိုင်ဝင်းထွန်းနှင့်အဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ၊ မြို့နယ်မီးသတ်ဦးစီးမှူးနှင့် မြို့နယ်သာသနာရေးဦးစီးမှူး တို့လိုက်ပါလျက် ကျောက်ပန်းတောင်းမြို့နယ် အင်တိုင်းအရှေ့ကျေးရွာအနီးရှိ နွဲ့ရိုးတောရကျောင်းဓမ္မာရုံ၊ ဘူတာရပ်ကွက်ရှိ မြို့နယ်လုံးဆိုင်ရာသာသနာ့ဗိမာန်၊ မြို့မရပ်ကွက်ရှိ ဆုတောင်းပြည့် မဟာစေတီကြီး ဘုရားဝင်းအတွင်းရှိ ဓမ္မာရုံများနှင့် အဆောက်အအုံများ၊ စိတ္တပါလဂူကျောင်း စာသင်တိုက်နှင့် ရွှေနဒီ ပရဟိတဘုန်းတော်ကြီးသင် ပညာရေးကျောင်းတို့ရှိ နေရာလွတ် အဆောက်အအုံများတွင် အပူရှောင်စခန်း ဖွင့်လှစ်သွားနိုင်ရေးအတွက် သန့်စင်ခန်းလုံလောက်မှုအခြေအနေ၊ သောက်သုံးရေ အလွယ်တကူရရှိနိုင်မှုအခြေအနေနှင့် လျှပ်စစ်မီးရရှိနိုင်မှုအခြေအနေများကို သက်ဆိုင်ရာ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ သက်ဆိုင်ရာ ဘုရားနှင့် ကျောင်းတိုက်အကျိုးတော်ဆောင် တာဝန်ရှိသူများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံမေးမြန်းပြီး အပူရှောင်စခန်းဖွင့်ရန် လိုအပ်လာပါက အသုံးပြုနိုင်ရေး ညှိနှိုင်းဆွေးနွေးကြသည်။ အပူရှောင်စခန်း ဖွင့်လှစ်ရာတွင် အပူဒဏ်ကာကွယ်နိုင်မည့် ပစ္စည်းများထားရှိရေး၊ သက်ကြီးရွယ်အိုများနှင့် ကိုယ်ဝန်ဆောင်မိခင်များအတွက် လိုအပ်ပါက Mobile Toilet များ စီစဉ်ထားရှိရေး၊ ပရဟိတအဖွဲ့များ အရေးပေါ်လူနာတင်ယာဉ်များထားရှိရေးနှင့် ကျန်းမာရေးဝန်ထမ်းများထားရှိ၍ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ၊ နေ့စဉ် စားရေးသောက်ရေးတို့ကို လိုအပ်သလိုဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း သိရသည်။ (၄၅၆)

## မဟာအောင်မြေမြို့နယ်၌ ဈေးနှုန်းချိုသာစွာဖြင့် စားအုန်းဆီရောင်းချပေး

မန္တလေး အောက်တိုဘာ ၁၀

မဟာအောင်မြေမြို့နယ်၊ ဟေမမာလာမြောက်ရပ်ကွက်၊ သီရိမင်္ဂလာ ဓမ္မာရုံအရှေ့တွင် အောက်တိုဘာ ၈ ရက်မှ ၁၀ ရက်အထိ သုံးရက်တာ ဈေးနှုန်းချိုသာစွာဖြင့် စားအုန်းဆီများကို ရောင်းချပေးခဲ့သည်။

အဆိုပါရောင်းချရာသို့ ဟေမမာလာမြောက် ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးဖြိုးဝေကျော်နှင့် ရာအိမ်မှူး၊ ဆယ်အိမ်မှူးများက Golden Lion ကုမ္ပဏီလီမိတက်မှ ရပ်ကွက်နေပြည်သူများအတွက် စားအုန်းဆီဈေးနှုန်းချိုသာစွာ ဝယ်ယူနိုင်ရန် စားအုန်းဆီတစ်ပိဿာလျှင် ငွေကျပ် ၈၆၆၀ ကျပ်နှုန်းဖြင့် အိမ်ထောင်စုတစ်စုလျှင် စားအုန်းဆီ နှစ်ပိဿာ ၅၀ကျပ်သားရောင်းချပေးခဲ့ရာ စုစုပေါင်းအိမ်ထောင်စု ၃၅၀ အတွက် စုစုပေါင်းပိဿာချိန် ၈၇၅ ပိဿာကို ရောင်းချပေးမှုအပေါ် လိုအပ်သည်များ ကူညီဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အောင်ဇော်မင်း

## ရတနာပုဏ္ဏာဝရဒါဌာဓာတုစေတီယ စွယ်တော်မြတ်စေတီ(မန္တလေး) ပရဝဏ်တွင် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

မန္တလေး အောက်တိုဘာ ၁၀

အမရပူရခရိုင်၊ အမရပူရမြို့နယ်ရှိ မဟာဓမ္မရုံသီကုန်းတော်မြတ်၌ တည်ထားကိုးကွယ်အပ်သော ရတနာပုဏ္ဏာဝရဒါဌာဓာတုစေတီယ စွယ်တော်မြတ်စေတီ



တော်(မန္တလေး) ပရဝဏ်တွင် ယနေ့နံနက်ပိုင်းက မန္တလေးတိုင်းဒေသကြီး ယာဉ်လုပ်ငန်းများကြီးကြပ်မှုကော်မတီ(ကုန်တင်/ခေါက်တို)မှ ဥက္ကဋ္ဌ ဦးသန်းအောင်နှင့် ကော်မတီအဖွဲ့ဝင်များ၊ ဝန်ထမ်းများစုပေါင်း၍ သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ကြသည်။

ထိုသို့ ဆောင်ရွက်ရာတွင် စွယ်တော်မြတ်စေတီ(မန္တလေး) အတွင်း အရှေ့ဘက်မုခ်အဝင်လမ်းမြောက်ဘက်ရှိ ဗောဓိ (၅၀၀၀) နန္ဒဝန်ဥယျာဉ်အတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်(၅၀၀၀)ဆူအား အများပြည်သူ ကြည်ညိုသပ္ပာယ်စွာ ဖူးမြော်၍ ကုသိုလ်တိုးပွားနိုင်စေရန် ချုံနွယ်ပိတ်ပေါင်းများအား ခုတ်ထွင်ရှင်းလင်းခြင်း၊ ရုပ်ပွားဆင်းတုများအား ရောင်တော်ဖွင့်ရှင်းလင်းခြင်းများကို လုပ်အားဒါနသန့်ရှင်းရေးများ ဆောင်ရွက်ခဲ့ကြသည်။

(ဝဲပုံ)(မန္တလေးနေ့စဉ်-၄)

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ်စာ မန်း/နေ့စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com
ကြော်ငြာဌာန
ဖုန်း/ Fax-၀၂-၄၀၆၉၉၆၂၊
၂၉လမ်း၊၇၃လမ်းနှင့်၇၄လမ်းကြား၊

## ဒုတိယဝန်ကြီးများ ပြောင်းလဲတာဝန်ပေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်သမ္မတရုံး
အမိန့်အမှတ် ၇၄ / ၂၀၂၆
၁၃၈၈ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၄ ရက်
(၂၀၂၆ ခုနှစ်၊ အောက်တိုဘာလ ၁၀ ရက်)

**ဒုတိယဝန်ကြီးများ ပြောင်းလဲတာဝန်ပေးခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၂၃၄၊ ပုဒ်မခွဲ (က)၊ (ဃ)နှင့် ပြည်ထောင်စုအစိုးရအဖွဲ့ဥပဒေပုဒ်မ ၁၆၊ ပုဒ်မခွဲ(ခ)၊ ပုဒ်မခွဲငယ် (၉)တို့အရ အောက်ဖော်ပြပါ ဒုတိယဝန်ကြီးများအား ယှဉ်တွဲပါ ပြည်ထောင်စုဝန်ကြီးဌာနအသီးသီးတွင် ပြောင်းလဲတာဝန်ပေးလိုက်သည်-

| | | |
|---|---|---|
| (၁) | ဦးကျော်ထင် အမျိုးသားစီမံကိန်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန | ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန |
| (၂) | ဦးဟန်ဝင်းအောင် ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန | အမျိုးသားစီမံကိန်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန |

(ပုံ) မင်းအောင်လှိုင်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် အဖွဲ့ဝင်များအဖြစ် ပြောင်းလဲတာဝန်ပေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်သမ္မတရုံး
အမိန့်အမှတ် ၇၅ / ၂၀၂၆
၁၃၈၈ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၄ ရက်
(၂၀၂၆ ခုနှစ်၊ အောက်တိုဘာလ ၁၀ ရက်)

**မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် အဖွဲ့ဝင်များအဖြစ် ပြောင်းလဲတာဝန်ပေးခြင်း**

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ဥပဒေ ပုဒ်မ ၁၉ အရ အောက်ပါပုဂ္ဂိုလ်များကို မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် အဖွဲ့ဝင်များအဖြစ် ပြောင်းလဲတာဝန်ပေးလိုက်သည်-

(၁) ဦးညီညီ
ဒုတိယဝန်ကြီး
အားကစားရေးရာဝန်ကြီးဌာန

(၂) ဦးထွန်းထွန်းဝင်း
အဖွဲ့ဝင်
ပြည်ထောင်စုရာထူးဝန်အဖွဲ့

(ပုံ) မင်းအောင်လှိုင်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုရာထူးဝန်အဖွဲ့ အဖွဲ့ဝင်အဖြစ် ပြောင်းလဲတာဝန်ပေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်သမ္မတရုံး
အမိန့်အမှတ် ၇၆ / ၂၀၂၆
၁၃၈၈ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၄ ရက်
(၂၀၂၆ ခုနှစ်၊ အောက်တိုဘာလ ၁၀ ရက်)

**ပြည်ထောင်စုရာထူးဝန်အဖွဲ့ အဖွဲ့ဝင်အဖြစ် ပြောင်းလဲတာဝန်ပေးခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၂၄၆၊ ပုဒ်မခွဲ (ခ)၊ ပြည်ထောင်စုအစိုးရအဖွဲ့ဥပဒေ ပုဒ်မ ၁၆၊ ပုဒ်မခွဲ (ခ)၊ ပုဒ်မခွဲငယ် (၁၂) နှင့် ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥပဒေ ပုဒ်မ ၅ တို့အရ အမျိုးသမီးရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်စန်းစန်းနွယ် အား ပြည်ထောင်စုရာထူးဝန်အဖွဲ့ အဖွဲ့ဝင်အဖြစ် ပြောင်းလဲတာဝန်ပေးလိုက်သည်။

(ပုံ) မင်းအောင်လှိုင်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## နေပြည်တော်ကောင်စီဝင်အဖြစ် ပြောင်းလဲတာဝန်ပေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်သမ္မတရုံး
အမိန့်အမှတ် - ၇၇ / ၂၀၂၆
၁၃၈၈ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၄ ရက်
(၂၀၂၆ ခုနှစ်၊ အောက်တိုဘာလ ၁၀ ရက်)

**နေပြည်တော်ကောင်စီဝင်အဖြစ် ပြောင်းလဲတာဝန်ပေးခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၂၈၅၊ ပုဒ်မခွဲ(ခ)၊ ပုဒ်မခွဲငယ်(၂)၊ ပြည်ထောင်စုအစိုးရအဖွဲ့ ဥပဒေပုဒ်မ ၂၂ နှင့် နေပြည်တော်ကောင်စီဥပဒေ ပုဒ်မ(၄)တို့အရ အလုပ်သမားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်သန်း အား နေပြည်တော်ကောင်စီဝင်အဖြစ် ပြောင်းလဲတာဝန်ပေးလိုက်သည်။

(ပုံ) မင်းအောင်လှိုင်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ဒုတိယဝန်ကြီးများ ခန့်အပ်တာဝန်ပေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်သမ္မတရုံး
အမိန့်အမှတ် ၇၈/ ၂၀၂၆
၁၃၈၈ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၄ ရက်
(၂၀၂၆ ခုနှစ်၊ အောက်တိုဘာလ ၁၀ ရက်)

**ဒုတိယဝန်ကြီးများ ခန့်အပ်တာဝန်ပေးခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၂၃၄၊ ပုဒ်မခွဲ (က)၊(ဃ) နှင့် ပြည်ထောင်စုအစိုးရအဖွဲ့ဥပဒေပုဒ်မ ၁၆၊ ပုဒ်မခွဲ (ခ)၊ ပုဒ်မခွဲငယ် (၉) တို့အရ အောက်ပါပုဂ္ဂိုလ်များအား ယှဉ်တွဲပါဝန်ကြီးဌာနအသီးသီးတွင် ဒုတိယဝန်ကြီးများအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်-

| | | |
|---|---|---|
| (၁) | ဦးဝင်းမောင်သိန်း | ပညာရေးဝန်ကြီးဌာန |
| (၂) | ဒေါက်တာ တင်ထွန်း | ကျန်းမာရေးဝန်ကြီးဌာန |
| (၃) | ဒေါက်တာနေသွယ်ကြည် | အမျိုးသမီးရေးရာဝန်ကြီးဌာန |
| (၄) | ဦးမျိုးအောင် | အလုပ်သမားဝန်ကြီးဌာန |
| (၅) | ဦးမျိုးကျော်သူ | အားကစားရေးရာဝန်ကြီးဌာန |

(ပုံ) မင်းအောင်လှိုင်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီး ခန့်အပ်တာဝန်ပေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်သမ္မတရုံး
အမိန့်အမှတ် ၇၉ / ၂၀၂၆
၁၃၈၈ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၄ ရက်
(၂၀၂၆ ခုနှစ်၊ အောက်တိုဘာလ ၁၀ ရက်)

**စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီး ခန့်အပ်တာဝန်ပေးခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၂၆၂ ပုဒ်မခွဲ(င)နှင့် (စ)၊ ပုဒ်မ ၂၆၄၊ ပုဒ်မခွဲ(ဂ)၊ ပြည်ထောင်စုအစိုးရအဖွဲ့ ဥပဒေပုဒ်မ ၁၉၊ ပုဒ်မခွဲ(ဂ)၊ ပုဒ်မ ၈၂၊ ပုဒ်မခွဲ(ဂ)နှင့် တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ဥပဒေပုဒ်မ ၈၊ ပုဒ်မခွဲ(ဆ)၊ ပုဒ်မ ၅၆၊ ပုဒ်မခွဲ(က)တို့အရဦးစောရန်အောင် အား စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့ စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

(ပုံ) မင်းအောင်လှိုင်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ရှမ်းပြည်နယ်တရားလွှတ်တော်တရားသူကြီး ခန့်အပ်တာဝန်ပေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်သမ္မတရုံး
အမိန့်အမှတ် ၈၀ / ၂၀၂၆
၁၃၈၈ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၄ ရက်
( ၂၀၂၆ ခုနှစ်၊ အောက်တိုဘာလ ၁၀ ရက် )

**ရှမ်းပြည်နယ်တရားလွှတ်တော်တရားသူကြီး ခန့်အပ်တာဝန်ပေးခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၀၈၊ ပုဒ်မခွဲ(ခ)၊ ပုဒ်မခွဲငယ်(၄)၊ ပြည်ထောင်စုအစိုးရအဖွဲ့ ဥပဒေပုဒ်မ ၈၂၊ ပုဒ်မခွဲ (ဃ)၊ ပြည်ထောင်စုတရားစီရင်ရေးဥပဒေ ပုဒ်မ၄၅နှင့်တိုင်းဒေသကြီးသို့မဟုတ်ပြည်နယ်အစိုးရအဖွဲ့ဥပဒေပုဒ်မ ၁၈၊ ပုဒ်မခွဲ(ဃ)တို့အရ ဒေါ်အေးအေးလှိုင် အား ရှမ်းပြည်နယ်တရားလွှတ်တော်တရားသူကြီးအဖြစ်ခန့်အပ်တာဝန်ပေးလိုက်သည်။

(ပုံ) မင်းအောင်လှိုင်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးစစ်ဆေးဆောင်ရွက်

**ချောက် အောက်တိုဘာ ၁၀**

မကွေးတိုင်းဒေသကြီး၊ ချောက်ခရိုင်၊ ချောက်မြို့နယ် ဝွေးချိုအုပ်စု၊ ဝွေးချိုကျေးရွာ၌ စက်သုံးဆီရောင်းချသော ဆိုင်များအား မီးဘေးသတိရှိစေရန် ရည်ရွယ်၍ မီးဘေး အန္တရာယ် ကြိုတင်ကာကွယ်ရေး စစ်ဆေးဆောင်ရွက်ခြင်းကို ယမန်နေ့ နံနက် ၈နာရီက စစ်ဆေးခဲ့သည်။

ထိုသို့စစ်ဆေးရာတွင် ဝွေးချိုနယ်မြေ မီးသတ် တပ်ဖွဲ့စခန်း လက်ထောက်မီးသတ်ဦးစီးမှူး ဦးဇော်ဟိန်း၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ဝွေးချိုနယ်မြေစခန်းမှ ရဲတပ်ဖွဲ့ဝင်များက စက်သုံးဆီဆိုင်များဖြစ်သော New Day၊ နေလ စက်သုံးဆီဆိုင်တို့အား စက်သုံးဆီအရောင်းဆိုင်များတွင် သတ်မှတ်ထားသည့် မီးဘေးကြိုတင်ကာကွယ်ရေးပစ္စည်းများထားရှိခြင်း ရှိ၊ မရှိ၊ မီးငြိမ်းသတ်ရေးပစ္စည်းများကောင်းမွန်မှု ရှိ၊ မရှိ၊ အပေါ်စား မီးငြိမ်းသတ်စက်များ အသုံးပြုနိုင်ခြင်း ရှိ၊ မရှိ၊ ရေသိုလှောင်ကန်များ၌ ရေများဖြည့်တင်းထားရှိမှုရှိစေရေး၊ မီးလောင်မှု၊ မီးလန့်မှုမရှိစေရေးစစ်ဆေး ဆောင်ရွက်ပြီးနောက် မီးသတ်ဆေးဘူးကိုင်တွယ်အသုံးပြုပုံအဆင့်ဆင့်၊ လက်တွေ့သရုပ်ပြမီးငြိမ်းသတ်ခြင်းများ ပြသဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

(အောက်ပုံ)
ဝင်းအိမ္မွန်(မြန်/ဆက်)
၀-၀-၀-၀-၀



# အမျိုးသားလွှတ်တော် ရွေးကောက်ပွဲဥပဒေကို သတ္တမအကြိမ် ပြင်ဆင်သည့်ဥပဒေပြဋ္ဌာန်း

**အမျိုးသားလွှတ်တော် ရွေးကောက်ပွဲဥပဒေကို သတ္တမအကြိမ်ပြင်ဆင်သည့်ဥပဒေ**

(၂၀၂၆ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၄ ။)

၁၃၈၈ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၄ ရက်

(၂၀၂၆ ခုနှစ်၊ အောက်တိုဘာလ ၁၀ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို **အမျိုးသားလွှတ်တော် ရွေးကောက်ပွဲဥပဒေကို သတ္တမအကြိမ် ပြင်ဆင်သည့်ဥပဒေ** ဟု ခေါ်တွင်စေရမည်။

၂။ အမျိုးသားလွှတ်တော်ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၁၁ ပုဒ်မခွဲ(ဃ)၏ နောက်တွင် ပုဒ်မခွဲ(င)နှင့် (စ) အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

"(င) သတ်မှတ်ထားသည့်အတိုင်း ရွေးကောက်ပွဲကုန်ကျစရိတ်စာရင်းတင်သွင်းရန် ပျက်ကွက်သဖြင့် အရည်အချင်းပျက်ယွင်းသည်ဟု ရွေးကောက်ပွဲခုံအဖွဲ့၏ ဆုံးဖြတ်ခံရခြင်း၊

(စ) ပုဒ်မ ၄ ပုဒ်မခွဲ(ဂ)အရ သတ်မှတ်ထားသည့် မဲဆန္ဒနယ်မှ ပါတီကိုယ်စားပြု လွှတ်တော်ကိုယ်စားလှယ်တစ်ဦးသည် သက်ဆိုင်ရာပါတီဝင်အဖြစ်မှ ပါတီစည်းမျဉ်း ဖွဲ့စည်းပုံအရ နုတ်ထွက်ခြင်း သို့မဟုတ် ပါတီဝင်အဖြစ်မှ ထုတ်ပယ်ခံရခြင်း။"

၃။ အမျိုးသားလွှတ်တော်ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၁၁ ၏ နောက်တွင် ပုဒ်မ ၁၁-က အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

"၁၁-က။ လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရသူတစ်ဦးသည်-

(က) ယင်းကိုယ်စားပြုပါတီအား နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၁၂ ပုဒ်မခွဲ(က)ပုဒ်မခွဲငယ် (၄)၊ (၅)၊ (၆)၊ (၇) နှင့် (၁၁) တို့ပါ အချက်တစ်ရပ်ရပ်နှင့် ငြိစွန်းသဖြင့် ပုဒ်မခွဲ(ခ)အရ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ထားခြင်းကို ပယ်ဖျက်ခံရပါက လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရခြင်းမှ အလိုအလျောက်ပျက်ပြယ်ပြီးဖြစ်သည်ဟု မှတ်ယူရမည်။

(ခ) ယင်းကိုယ်စားပြုပါတီ ဖျက်သိမ်းလျှင်ဖြစ်စေ၊ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေ ပုဒ်မ ၁၂ ပုဒ်မခွဲ(က) ပုဒ်မခွဲငယ် (၁)၊ (၂)၊ (၃)၊ (၈)၊ (၉)၊ (၁၀)တို့ပါ အချက်တစ်ရပ်ရပ်နှင့် ငြိစွန်းသဖြင့် ပုဒ်မခွဲ(ခ)အရ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ထားခြင်းကို ပယ်ဖျက်ခံရလျှင်ဖြစ်စေ၊ ပုဒ်မ ၂၄ ပုဒ်မခွဲ(င)အရ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ထားခြင်းကို ပယ်ဖျက်ခံရလျှင် ဖြစ်စေ-

(၁) မဲအများဆုံးရသူအနိုင်ယူစနစ်မဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ်ဖြစ်ပါက အခြားပါတီတစ်ခု၏ လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရပ်တည်ခွင့်ပြုရန် သက်ဆိုင်ရာပါတီ၏ ပါတီဝင်ဖြစ်ကြောင်း ခိုင်လုံသော အထောက်အထားဖြင့် ပါတီဖျက်သိမ်းသည့်နေ့မှစ၍ သို့မဟုတ် ပယ်ဖျက်ခံရသည့်နေ့မှစ၍ ရက်ပေါင်း ၆၀ အတွင်း ကော်မရှင်သို့ လျှောက်ထားရမည်။ ယင်းသို့ လျှောက်ထားခြင်းမရှိပါက လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရခြင်းမှ အလိုအလျောက်ပျက်ပြယ်ပြီးဖြစ်သည်ဟု မှတ်ယူရမည်။

ခြွင်းချက်။ တစ်သီးပုဂ္ဂလ လွှတ်တော်ကိုယ်စားလှယ်အဖြစ်သာ ရပ်တည်လိုကြောင်း ဆန္ဒရှိပါက ထိုသို့ရပ်တည်လိုကြောင်း ကော်မရှင်သို့ ရက်ပေါင်း ၆၀ အတွင်း တင်ပြဆောင်ရွက်နိုင်သည်။

(၂) အချိုးကျကိုယ်စားပြုစနစ် မဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ်ဖြစ်ပါက လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရခြင်းမှ အလိုအလျောက်ပျက်ပြယ်ပြီးဖြစ်သည်ဟု မှတ်ယူရမည်။"

၄။ အမျိုးသားလွှတ်တော်ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၂၈ ကို အောက်ပါအတိုင်းအစားထိုးရမည်-

"၂၈။ (က) ပုဒ်မ ၄ ပုဒ်မခွဲ(က)နှင့် ပုဒ်မခွဲ(ခ)တို့ပါ မဲဆန္ဒနယ်အတွက် သက်ဆိုင်ရာ လွှတ်တော်ကိုယ်စားလှယ်လောင်းကလည်းကောင်း၊ ပုဒ်မ ၄ ပုဒ်မခွဲ(ဂ)ပါ မဲဆန္ဒနယ်အတွက် နိုင်ငံရေးပါတီကလည်းကောင်း လွှတ်တော်ကိုယ်စားလှယ်လောင်း အမည်စာရင်းတင်သွင်းလွှာကို သတ်မှတ်ထားသည့်အတိုင်း ရုပ်သိမ်းခွင့်ရှိသည်။

(ခ) လွှတ်တော်ကိုယ်စားလှယ်လောင်းအဖြစ် အမည်စာရင်းထုတ်ပြန်ကြေညာပြီးနောက် လွှတ်တော်ကိုယ်စားလှယ်လောင်းအဖြစ်မှ သတ်မှတ်ထားသည့်အတိုင်း နုတ်ထွက်ခွင့်ရှိသည်။"

၅။ အမျိုးသားလွှတ်တော်ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၃၀-က ခေါင်းစဉ်ပါ "နိုင်ငံရေးပါတီများ" ဆိုသည့် စကားရပ်ကို "နိုင်ငံရေးပါတီများမှ ဇာပိုအလုပ်အမှုဆောင်များ"ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၆။ အမျိုးသားလွှတ်တော်ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၄၂ ပါ "နံနက် ၆ နာရီ"ဆိုသည့်စကားရပ်ကို "နံနက် ၇ နာရီ" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ "ညနေ ၄ နာရီ"ဆိုသည့်စကားရပ်ကို "ညနေ ၅ နာရီ"ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း အသီးသီးအစားထိုးရမည်။

၇။ အမျိုးသားလွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၄၈ ပုဒ်မခွဲ(ခ)ပါ "၂ ရက်ကြိုတင်၍"ဆိုသည့် စကားရပ်ကို "၃ ရက်ကြိုတင်၍" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ "ညနေ ၄ နာရီ မတိုင်မီ" ဆိုသည့် စကားရပ်ကို "နံနက် ၉ နာရီမတိုင်မီ" ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း အသီးသီးအစားထိုးရမည်။

၈။ အမျိုးသားလွှတ်တော်ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၈၈ ပုဒ်မခွဲ(ဃ)ပါ "လွှတ်တော်ကိုယ်စားလှယ် သို့မဟုတ် ရွေးကောက်ပွဲကိုယ်စားလှယ်" ဆိုသည့်စကားရပ်ကို "လွှတ်တော်ကိုယ်စားလှယ် သို့မဟုတ် လွှတ်တော်ကိုယ်စားလှယ်လောင်း သို့မဟုတ် ရွေးကောက်ပွဲကိုယ်စားလှယ်"ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

၉။ အမျိုးသားလွှတ်တော်ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၈၈-က ၏ နောက်တွင် ပုဒ်မ ၈၈-ခ အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

"၈၈-ခ။ ကော်မရှင်သည်-

(က) နိုင်ငံရေးပါတီတစ်ခုသည် မိမိဆန္ဒအလျောက် ဖျက်သိမ်းလျှင်ဖြစ်စေ၊ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေအရ မှတ်ပုံတင်ထားခြင်းကို ပယ်ဖျက်ခံရလျှင်ဖြစ်စေ ပုဒ်မ ၄၉ ပုဒ်မခွဲ(ခ) ပုဒ်မခွဲငယ်(၂)အရ ယင်းပါတီရရှိသော ဆန္ဒမဲရလဒ်များကို ပယ်ဖျက်ရမည်။

(ခ) ပုဒ်မ ၄ ပုဒ်မခွဲ(ဂ)အရ သတ်မှတ်ထားသည့် မဲဆန္ဒနယ်များအတွက် ပုဒ်မခွဲ(က)ပါ ပယ်ဖျက်လိုက်သည့် ဆန္ဒမဲရလဒ်များကို နုတ်ပယ်၍ ကျန်ရှိသော ခိုင်လုံမဲများကို သတ်မှတ်ထားသည့်အတိုင်း ပြန်လည်တွက်ချက်စေပြီး ရွေးကောက်တင်မြှောက်ခံရသည့် လွှတ်တော်ကိုယ်စားလှယ်အမည်စာရင်းကို ကြေညာရမည်။"

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(ပုံ) မင်းအောင်လှိုင်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲဥပဒေကို သတ္တမအကြိမ် ပြင်ဆင်သည့်ဥပဒေပြဋ္ဌာန်း

**တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲဥပဒေကို သတ္တမအကြိမ်ပြင်ဆင်သည့်ဥပဒေ**

(၂၀၂၆ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၅ ။)

၁၃၈၈ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၄ ရက်

(၂၀၂၆ ခုနှစ်၊ အောက်တိုဘာလ ၁၀ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို **တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲဥပဒေကို သတ္တမအကြိမ်ပြင်ဆင်သည့်ဥပဒေ** ဟု ခေါ်တွင်စေရမည်။

၂။ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၁၁ ပုဒ်မခွဲ(ဃ)၏ နောက်တွင် ပုဒ်မခွဲ(င)နှင့် (စ)အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

"(င) သတ်မှတ်ထားသည့်အတိုင်း ရွေးကောက်ပွဲကုန်ကျစရိတ်စာရင်းတင်သွင်းရန် ပျက်ကွက်သဖြင့် အရည်အချင်းပျက်ယွင်းသည်ဟု ရွေးကောက်ပွဲခုံအဖွဲ့၏ ဆုံးဖြတ်ခံရခြင်း၊

(စ) ပုဒ်မ ၄ ပုဒ်မခွဲ(ခ)အရ သတ်မှတ်ထားသည့် မဲဆန္ဒနယ်မှ ပါတီကိုယ်စားပြုလွှတ်တော်ကိုယ်စားလှယ်တစ်ဦးသည် သက်ဆိုင်ရာပါတီဝင်အဖြစ်မှ ပါတီစည်းမျဉ်း ဖွဲ့စည်းပုံအရ နုတ်ထွက်ခြင်း သို့မဟုတ် ပါတီဝင်အဖြစ်မှ ထုတ်ပယ်ခံရခြင်း။"

၃။ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၁၁ ၏ နောက်တွင် ပုဒ်မ ၁၁-က အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

"၁၁-က။ လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရသူတစ်ဦးသည်-

(က) ယင်းကိုယ်စားပြုပါတီအား နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၁၂ ပုဒ်မခွဲ(က)ပုဒ်မခွဲငယ် (၄)၊ (၅)၊ (၆)၊ (၇) နှင့် (၁၁)တို့ပါ အချက်တစ်ရပ်ရပ်နှင့် ငြိစွန်းသဖြင့် ပုဒ်မခွဲ(ခ)အရ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ထားခြင်းကို ပယ်ဖျက်ခံရပါက လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရခြင်းမှ အလိုအလျောက်ပျက်ပြယ်ပြီးဖြစ်သည်ဟု မှတ်ယူရမည်။

(ခ) ယင်းကိုယ်စားပြုပါတီဖျက်သိမ်းလျှင်ဖြစ်စေ၊ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၁၂ ပုဒ်မခွဲ(က)ပုဒ်မခွဲငယ် (၁)၊ (၂)၊ (၃)၊ (၈)၊ (၉) နှင့် (၁၀)တို့ပါ အချက်တစ်ရပ်ရပ်နှင့် ငြိစွန်းသဖြင့် ပုဒ်မခွဲ(ခ)အရ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ထားခြင်းကို ပယ်ဖျက်ခံရလျှင်ဖြစ်စေ၊ ပုဒ်မ ၂၄ ပုဒ်မခွဲ(င)အရ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ထားခြင်းကို ပယ်ဖျက်ခံရလျှင်ဖြစ်စေ-

(၁) မဲအများဆုံးရသူအနိုင်ယူစနစ် မဲဆန္ဒနယ်မှလွှတ်တော်ကိုယ်စားလှယ်ဖြစ်ပါက အခြားပါတီတစ်ခု၏ လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရပ်တည်ခွင့်ပြုရန် သက်ဆိုင်ရာပါတီ၏ ပါတီဝင်ဖြစ်ကြောင်း ခိုင်လုံသော အထောက်အထားဖြင့် ပါတီဖျက်သိမ်းသည့်နေ့မှစ၍ သို့မဟုတ် ပယ်ဖျက်ခံရသည့်နေ့မှစ၍ ရက်ပေါင်း ၆၀ အတွင်း ကော်မရှင်သို့ လျှောက်ထားရမည်။ ယင်းသို့ လျှောက်ထားခြင်းမရှိပါက လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရခြင်းမှ အလိုအလျောက်ပျက်ပြယ်ပြီးဖြစ်သည်ဟု မှတ်ယူရမည်။

ခြွင်းချက်။ တစ်သီးပုဂ္ဂလလွှတ်တော်ကိုယ်စားလှယ်အဖြစ်သာရပ်တည်လိုကြောင်း ဆန္ဒရှိပါက ထိုသို့ရပ်တည်လိုကြောင်း ကော်မရှင်သို့ ရက်ပေါင်း ၆၀ အတွင်း တင်ပြဆောင်ရွက်နိုင်သည်။

စာမျက်နှာ ၅ သို့

○ စာမျက်နှာ ၄ မှ

(၂) အချိုးကျကိုယ်စားပြုစနစ် မဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ်ဖြစ်ပါက လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရခြင်းမှ အလိုအလျောက်ပျက်ပြယ်ပြီးဖြစ်သည်ဟု မှတ်ယူရမည်။"

၄။ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၂၈ ကို အောက်ပါအတိုင်းအစားထိုးရမည်-

"၂၈။ (က) ပုဒ်မ ၄ ပုဒ်မခွဲ(က)နှင့် ပုဒ်မခွဲ(ဂ)တို့ပါ မဲဆန္ဒနယ်အတွက် သက်ဆိုင်ရာ လွှတ်တော်ကိုယ်စားလှယ်လောင်းကလည်းကောင်း၊ ပုဒ်မ ၄ ပုဒ်မခွဲ(ခ)ပါ မဲဆန္ဒနယ်အတွက် နိုင်ငံရေးပါတီကလည်းကောင်း လွှတ်တော်ကိုယ်စားလှယ်လောင်း အမည်စာရင်းတင်သွင်းလွှာကို သတ်မှတ်ထားသည့်အတိုင်း ရုပ်သိမ်းခွင့်ရှိသည်။

(ခ) လွှတ်တော်ကိုယ်စားလှယ်လောင်းအဖြစ် အမည်စာရင်းထုတ်ပြန်ကြေညာပြီးနောက် လွှတ်တော်ကိုယ်စားလှယ်လောင်းအဖြစ်မှ သတ်မှတ်ထားသည့်အတိုင်း နုတ်ထွက်ခွင့်ရှိသည်။"

၅။ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၃၀-က ခြေဆင်းပါ "နိုင်ငံရေးပါတီများ"ဆိုသည့်စကားရပ်ကို "နိုင်ငံရေးပါတီများမှ ဗဟိုအလုပ်အမှုဆောင်များ" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၆။ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၄၂ ပါ "နံနက် ၆ နာရီ" ဆိုသည့် စကားရပ်ကို "နံနက် ၇ နာရီ" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ "ညနေ ၄ နာရီ" ဆိုသည့် စကားရပ်ကို "ညနေ ၅ နာရီ" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း အသီးသီးအစားထိုးရမည်။

၇။ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၄၈ ပုဒ်မခွဲ (ခ) ပါ "၂ ရက်ကြိုတင်၍" ဆိုသည့် စကားရပ်ကို "၃ ရက်ကြိုတင်၍" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ "ညနေ ၄ နာရီ မတိုင်မီ" ဆိုသည့် စကားရပ်ကို "နံနက် ၉ နာရီမတိုင်မီ" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း အသီးသီးအစားထိုးရမည်။

၈။ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၈၈ ပုဒ်မခွဲ (ဃ)ပါ "လွှတ်တော်ကိုယ်စားလှယ် သို့မဟုတ် ရွေးကောက်ပွဲကိုယ်စားလှယ်" ဆိုသည့်စကားရပ်ကို "လွှတ်တော်ကိုယ်စားလှယ် သို့မဟုတ် လွှတ်တော်ကိုယ်စားလှယ်လောင်း သို့မဟုတ် ရွေးကောက်ပွဲကိုယ်စားလှယ်" ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

၉။ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၈၈-က ၏ နောက်တွင် ပုဒ်မ ၈၈-ခ အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

"၈၈-ခ။ ကော်မရှင်သည်-

(က) နိုင်ငံရေးပါတီတစ်ခုသည် မိမိဆန္ဒအလျောက် ဖျက်သိမ်းလျှင်ဖြစ်စေ၊ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေအရ မှတ်ပုံတင်ထားခြင်းကို ပယ်ဖျက်ခံရလျှင်ဖြစ်စေ ပုဒ်မ ၄၉ ပုဒ်မခွဲ(ခ)ပုဒ်မခွဲငယ်(၂)အရ ယင်းပါတီရရှိသော ဆန္ဒမဲရလဒ်များကို ပယ်ဖျက်ရမည်။

(ခ) ပုဒ်မ ၄ ပုဒ်မခွဲ (ခ) အရ သတ်မှတ်ထားသည့် မဲဆန္ဒနယ်များအတွက် ပုဒ်မခွဲ(က) ပါ ပယ်ဖျက်လိုက်သည့် ဆန္ဒမဲရလဒ်များကို နုတ်ပယ်၍ ကျန်ရှိသော ခိုင်လုံမဲများကို သတ်မှတ်ထားသည့်အတိုင်း ပြန်လည်တွက်ချက်စေပြီး ရွေးကောက်တင်မြှောက်ခံရသည့် လွှတ်တော်ကိုယ်စားလှယ်အမည်စာရင်းကို ကြေညာရမည်။"

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(ပုံ) မင်းအောင်လှိုင်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်



ပြည်ထောင်စုဝန်ကြီး ဦးဆန်းဦး ပုလဲအတွဲများ တင်ဒါဖွင့်ဖောက်စစ်ဆေးမှုနှင့် တင်ဒါအောင်သည့် ပုလဲအရောင်းစာရင်းများ ထုတ်ပြန်နေမှုတို့ကို ကြည့်ရှုစစ်ဆေးစဉ်။

☆ ရွှေဖုံးမှ

နံနက်ပိုင်းမှစတင်၍ ပြည်တွင်း၊ ပြည်ပ ရတနာကုန်သည်များသည် မဏိရတနာ ကျောက်စိမ်းခန်းမ အတွင်း ခင်းကျင်းပြသထားသည့် ပုလဲအတွဲများ၊ ကျောက်မျက်အတွဲများ၊ ကျောက်စိမ်းအတွဲများနှင့် ခန်းမအပြင်ဘက် သတ်မှတ်နေရာများအလိုက် ခင်းကျင်းပြသထားသည့် ကျောက်စိမ်းအတွဲများကို စိတ်ကြိုက် လေ့လာကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် ရတနာကုန်သည်များက ပြပွဲတွင် ရောင်းချမည့် ပုလဲအတွဲများကို ကြည့်ရှုစစ်ဆေး၍ ဈေးနှုန်းတင်သွင်းလွှာများကို သက်ဆိုင်ရာ တင်ဒါပုံးများအတွင်းသို့ ထည့်သွင်းကြသည်။

မွန်းလွဲပိုင်းတွင် တင်ဒါအမှတ်(၃) မှ ပုလဲအတွဲ(၁၀၀)၏ အတွဲအမှတ်(၂၄၁)မှ အတွဲအမှတ်(၃၄၀)အထိလည်းကောင်း၊ တင်ဒါအမှတ်(၄)မှ ပုလဲအတွဲ (၁၂၀) ၏ အတွဲအမှတ်(၃၄၁)မှ အတွဲအမှတ် (၄၆၀)အထိလည်းကောင်း တင်သွင်းထားသော ဈေးနှုန်းတင်သွင်းလွှာများကို တာဝန်ရှိသူများက ဖွင့်ဖောက်စစ်ဆေးကာ ယနေ့တွင် ပုလဲအတွဲပေါင်း ၁၉၆ တွဲ ရောင်းချခဲ့ရကြောင်း ကြေညာပေးခဲ့သည်။

မြန်မာ့ကျောက်မျက် ရတနာပြပွဲဗဟိုကော်မတီ နာယက သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဆန်းဦးသည် ပြပွဲကျင်းပရာ မဏိရတနာ ကျောက်စိမ်းခန်းမ၌ ပုလဲအတွဲများ တင်ဒါဖွင့်ဖောက်စစ်ဆေးမှုနှင့် တင်ဒါအောင်သည့် ပုလဲအရောင်းစာရင်းများ ထုတ်ပြန်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

ပြပွဲစတုတ္ထနေ့တွင် တင်ဒါအမှတ်(၅)မှ ပုလဲအတွဲ(၁၂၀)၏ အတွဲအမှတ်(၄၆၁) မှ အတွဲအမှတ်(၅၈၀)အထိကို လည်းကောင်း၊ တင်ဒါအမှတ်(၆)မှ ပုလဲအတွဲ(၁၂၀)၏ အတွဲအမှတ်(၅၈၁) မှ အတွဲအမှတ်(၇၀၀) အထိလည်းကောင်း၊ ပြပွဲပဉ္စမနေ့တွင် ကျောက်မျက်အတွဲပေါင်း ၁၆၀ ကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့်လည်းကောင်း ရောင်းချပေးသွားမည်ဖြစ်သည်။

ထို့အတူ အုပ်စု (အေ၊ ဘီ၊ စီ) သုံးအုပ်စု ခွဲခြားထားသည့် ကျောက်စိမ်းအတွဲပေါင်း ၃၀၇၃ တွဲအနက် အုပ်စု(အေ)နှင့် အုပ်စု(ဘီ)မှ ကျောက်စိမ်းအတွဲပေါင်း ၁၆၀၅ တွဲကို အောက်တိုဘာ ၁၃ ရက်မှ ၁၅ ရက်အထိလည်းကောင်း၊ အုပ်စု(စီ)မှ ကျောက်စိမ်းအတွဲပေါင်း ၁၄၆၈ တွဲကို အောက်တိုဘာ ၁၆ ရက်မှ ၁၇ ရက်အထိလည်းကောင်း အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ဆက်လက် ရောင်းချပေးသွားမည်ဖြစ်သည်။

ထို့ပြင် မဏိရတနာ ကျောက်စိမ်းခန်းမအတွင်း ပုဂ္ဂလိက ကျောက်မျက်နှင့်လက်ဝတ်ရတနာ အရောင်းဆိုင်များကို လည်းဖွင့်လှစ်ထားရှိရာ လာရောက်လေ့လာ ဝယ်ယူသူများဖြင့် စည်ကားလျက်ရှိပြီး အဆိုပါ မြန်မာ့ကျောက်မျက် ရတနာပြပွဲကို အောက်တိုဘာ ၈ ရက်မှ စတင်ကျင်းပခဲ့ရာ အောက်တိုဘာ ၁၇ ရက်အထိ မဏိရတနာ ကျောက်စိမ်းခန်းမ၌ ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

❖ မြန်အောင်မှ

ပြည်သူများနှင့် ၎င်းတို့၏ စိုက်ခင်းများ ထိခိုက်မှု မရှိကြောင်း သိရှိရသည်။

အဆိုပါ မမြရေလှောင်တမံသည် ၂၀၂၆ ခုနှစ် အောက်တိုဘာလ ၇ ရက်မှစတင်၍ အလျား ၅၀ ပေခန့်၊ အနံ ၄ ပေခွဲခန့်၊ မြေသား ၈ လက်မခန့် နိမ့်ကျခဲ့သည့်အတွက် အဆိုပါနေရာအား ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနက ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများကို ဆောင်ရွက်စဉ် အောက်တိုဘာ ၉ ရက် ည ၉ နာရီ ၃၀ မိနစ်ခန့်တွင် တမံပေတိုင် ၉၉၀၀ နှင့် ၁၀၀၀၀ အကြား၊ ဆည်ပေါင်ကားလမ်း၏ အလျား ၂၀၀ ပေခန့်၊ အကျယ် ၂၄ ပေခန့်မှ ရေလှောင်ကန်ဘက်ခြမ်း ၆ ပေခန့်မှာ မူလအတိုင်းတည်ရှိပြီး အပြင်ဘက်ခြမ်း ၁၈ ပေသည် ၃ ပေခွဲခန့် ထပ်မံနိမ့်ကျခဲ့ကြောင်း၊ ယနေ့နံနက် ၆ နာရီ ၃၀ မိနစ်ခန့်တွင် ၎င်းနေရာမှပင် အလျား ၂၅၀ ပေ၊ အနံ ၁၀ ပေခန့်မှထပ်မံ၍ ယခင်နိမ့်ကျခဲ့သည့် ပမာဏအပါအဝင် ၂၇ ပေခန့် ထပ်မံနိမ့်ကျမှုဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း သိရှိရသည်။

ထို့ကြောင့် သိုလှောင်ထိန်းသိမ်းထားရှိသည့် မမြရေလှောင်တမံရေပြင်၏ နိမ့်မြင့်အမှတ် ၃၁၅ ပေအား နိမ့်မြင့်အမှတ် ၃၀၅ ပေသို့ သိုလှောင်ရေ ၁၀ ပေ လျှော့ချနိုင်ရန် တမံ၏အရေးပေါ်ရေပိုလွှဲမှ ရေထုတ်လွှတ်နိုင်ရေးအတွက် သက်ဆိုင်ရာ တာဝန်ရှိသူများ၊ နယ်မြေခံတပ်မတော်သားများနှင့် ဒေသခံပြည်သူများ ပူးပေါင်းကာ စက်ယန္တရားများအသုံးပြု၍ အင်တိုက်အားတိုက် ဆောင်ရွက်လျက်ရှိပြီး ၎င်းရေများသည် ရေဝါချောင်းမှတစ်ဆင့် မမြချောင်း၊ မမြချောင်းမှတစ်ဆင့် ငဝန်မြစ်အတွင်းသို့ စီးဆင်းသွားခြင်းဖြစ်၍ ပတ်ဝန်းကျင်ကျေးရွာ စိုက်ခင်းများ ထိခိုက်မှုမရှိကြောင်း သိရှိရသည်။

ထို့ပြင် ရေလှောင်တမံဆင်ခြေလျှော နိမ့်ကျမှုဖြစ်ပွားသည့် နေရာအနီးနှင့် ဆည်ရေဝင်ရောက်နိုင်သည့် မြန်အောင်မြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု (၄)စု၊ ကျေးရွာ ၁၈ ရွာ၊ အင်္ဂပူမြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု (၇)စု၊ ကျေးရွာ (၇၁)ရွာ၊ စုစုပေါင်း ကျေးရွာအုပ်စု (၁၁)စုရှိ ကျေးရွာ ၈၉ ရွာမှ ပြည်သူများအား အုပ်ချုပ်ရေးအဖွဲ့များ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် ဘေးကင်းစိတ်ချလုံခြုံရာနေရာများသို့ ရွှေ့ပြောင်းနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

ထိုသို့ဆောင်ရွက်ပေးနေမှုများကို ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးအေးကျော်နှင့် တာဝန်ရှိသူများ၊ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် အောင်ကျော်ခိုင်နှင့် တာဝန်ရှိသူများက ယနေ့နံနက်ပိုင်းတွင် သွားရောက်ကြည့်ရှုစစ်ဆေးပြီး ကာကွယ်ရေးလုပ်ငန်းစဉ်များဖြစ်သည့် တာတမံ တာအခြေထောက်ခြင်းလုပ်ငန်းများ လျင်မြန်စွာဆောင်ရွက်နိုင်ရေး၊ အရေးပေါ်ရေပိုလွှဲမှ ရေထုတ်လွှတ်စီးဆင်းရန် စက်ယန္တရားအသုံးပြု၍ တူးဖော်ဆောင်ရွက်နေမှု၊ ဆည်ရေဝင်ရောက်နိုင်သည့် ကျေးရွာများရှိ ဒေသခံပြည်သူများအား ရေလွတ်ရာ ကုန်းမြင့်ဒေသများသို့ ပြောင်းရွှေ့ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးကာ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ ခရိုင်/မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီများနှင့် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရှိရသည်။

ထို့ပြင် တိုင်းမှူးနှင့် တာဝန်ရှိသူများသည် ရေလှောင်တမံဆင်ခြေလျှော မြေသားနိမ့်ကျမှုဖြစ်ပွားသည့် နေရာအနီးရှိ မျှင်ဝါးတောင်ကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာရှိ ဒေသခံပြည်သူများအား တွေ့ဆုံအားပေးစကားပြောကြားပြီး စားသောက်ဖွယ်ရာများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

၁၀၀



ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးအေးကျော်နှင့် တာဝန်ရှိသူများ မြန်အောင်မြို့နယ်ရှိ မမြရေလှောင်တမံ တမံပေါင်လျှော့ကျမှုအား ကာကွယ်ရေးလုပ်ငန်းစဉ်များ ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

# ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး တက္ကသိုလ်ဝင်စာမေးပွဲတို့တွင် တစ်နိုင်ငံလုံး ဘာသာတွဲအလိုက် အမှတ်အများဆုံးဖြင့် ထူးချွန်စွာအောင်မြင်ခဲ့ကြသည့် ကျောင်းသား ကျောင်းသူများ အမျိုးသားပြတိုက် (နေပြည်တော်)သို့ လေ့လာ

နေပြည်တော် အောက်တိုဘာ ၁၀

၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး တက္ကသိုလ်ဝင်စာမေးပွဲတို့တွင် တစ်နိုင်ငံလုံး ဘာသာတွဲအလိုက် အမှတ်အများဆုံးဖြင့် ထူးချွန်စွာ အောင်မြင်ခဲ့ကြသည့် ကျောင်းသား ကျောင်းသူ ၃၆ ဦးနှင့် ကြီးကြပ်ကျောင်းအုပ်ဆရာ ဆရာမ သုံးဦးတို့ကို ပြည်တွင်း (နေပြည်တော်)နှင့် ပြည်ပ(ထိုင်းနိုင်ငံနှင့် ဗီယက်နမ်နိုင်ငံ)များကို လေ့လာရေးခရီးစဉ်အဖြစ် ပို့ဆောင်ပေးသွားမည်ဖြစ်သည်။

ပြည်ပခရီးစဉ် ပို့ဆောင်ရေးမတိုင်မီ ပြည်တွင်းခရီးစဉ်အဖြစ် ယနေ့နံနက်ပိုင်းက အမျိုးသားပြတိုက် (နေပြည်တော်) သို့ လာရောက်လေ့လာကြသည်။

ထိုသို့လေ့လာစဉ် ပြတိုက် တာဝန်ရှိသူများက ပရိုင်းမိတ်နှင့် ကျောက်ဖြစ်ရုပ်ကြွင်းပြခန်း၊ ကျောက်ခေတ်၊ ကြေးခေတ်၊ သံခေတ်ပြခန်း၊ မြန်မာ့ကျောက်ခေတ်ယဉ်ကျေးမှု၊ မြန်မာနိုင်ငံ ကျောက်ခေတ်သစ်ယဉ်ကျေးမှု၊ အညာသားယဉ်ကျေးမှုထွန်းကားရာဒေသများ၊ နံရံဆေးရေးပန်းချီများ၊ ပန်းချီပြခန်း၊ မြန်မာ့အနုသုခုမပြခန်း၊ သမိုင်းမတင်မီခေတ်ပြခန်း၊ ခေတ်အဆက်ဆက် သမိုင်းမှတ်တမ်းများ၊ ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များ၊ မြန်မာ့တူရိယာများ သမိုင်းအကျဉ်း၊ ခေတ်အဆက်ဆက် ရုပ်သေးများ၊ တိုင်းရင်းသားရိုးရာ တူရိယာများကို ရှင်းလင်းပြသကြသည်။

ယမန်နေ့ နံနက်ပိုင်းကလည်း ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးတို့က အဆိုပါကျောင်းသား ကျောင်းသူများကို ရုံးအမှတ် (၁၃) အစည်းအဝေးခန်းမ၌တွေ့ဆုံ၍ ဩဝါဒစကားပြောကြားကြသည်။

အဆိုပါကျောင်းသား ကျောင်းသူများသည် အောက်တိုဘာ ၁၂ ရက်အထိ နေပြည်တော်အတွင်းရှိ အထင်ကရနေရာများကို သွားရောက်လေ့လာကြည့်ရှုကြမည်ဖြစ်ပြီး မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးနှင့် တပ်မတော်စစ်သမိုင်းပြတိုက်တို့သို့လည်း သွားရောက်မည်ဖြစ်ကြောင်း သိရသည်။ သတင်းစဉ်



# တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်) သို့ ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများ သွားရောက်လေ့လာ

နေပြည်တော် အောက်တိုဘာ ၁၀



သမိုင်းစဉ်ကာလတစ်လျှောက်တွင် နိုင်ငံ့ဂုဏ်တင့်စေရန် အားထုတ်ကြိုးပမ်း မြှင့်တင်ပေးခဲ့ကြသည့် ရှေးမြန်မာမင်းများ၊ ခေတ်အဆက်ဆက် ပေါ်ထွက်ခဲ့ကြသည့် သူရဲကောင်းများ၊ သူ့ကျွန်မခံ တွန်းလှန်ခဲ့ကြသည့် မျိုးချစ်ခေါင်းဆောင်ကြီးများ၊ လွတ်လပ်ရေးကြိုးပမ်းမှု ကာလနှင့် လွတ်လပ်ရေးရရှိပြီးနောက်ပိုင်းတွင် နိုင်ငံ့အရေးအတွက် စွန့်လွှတ်ပေးဆပ်မှုများဖြင့် အားထုတ်ကြိုးပမ်းခဲ့ကြသည့် တပ်မတော်သားများ၏ ဂုဏ်ယူဖွယ်ရာ စွမ်းဆောင်ချက်များကို မြင်တွေ့လေ့လာမှုများမှတစ်ဆင့် လူငယ်လူရွယ်များ မျိုးချစ်စိတ်ရှင်သန်ထက်မြက်လာပြီး နိုင်ငံချစ်စိတ်၊ တိုင်းပြည် ချစ်စိတ်များ တိုးတက်ဖြစ်ထွန်းလာစေရန် ရည်ရွယ်ချက်ဖြင့် နိုင်ငံတော်အစိုးရ၏ လမ်းညွှန်မှု၊ တပ်မတော်၏ စီစဉ်ဆောင်ရွက်ပေးမှုတို့ဖြင့် ကျောင်းသား ကျောင်းသူများအား တပ်မတော်စစ်သမိုင်းပြတိုက် (နေပြည်တော်) သို့ လာရောက်လေ့လာနိုင်ရေး စီစဉ် ဆောင်ရွက်ပေးလျက်ရှိသည်။

ယင်းသို့စီစဉ်ဆောင်ရွက်ပေးမှုဖြင့် ပြည်ထောင်စုနယ်မြေ နေပြည်တော် ဇမ္ဗူသီရိမြို့နယ်ရှိ အမှတ်(၅) အခြေခံပညာအထက်တန်းကျောင်း(ဇမ္ဗူသီရိ)မှ ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများသည် ယနေ့တွင် တပ်မတော် စစ်သမိုင်းပြတိုက် (နေပြည်တော်) သို့ လာရောက်လေ့လာကြသည်။

ဦးစွာ ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများသည် တပ်မတော် စစ်သမိုင်းပြတိုက် (နေပြည်တော်)သို့ ရောက်ရှိကြပြီး မြန်မာ့တပ်မတော်သမိုင်း မှတ်တမ်းရုပ်ရှင်ကို စိတ်ဝင်စားစွာ ကြည့်ရှုကြသည်။ ထို့နောက် ပြတိုက်တာဝန်ရှိသူများက လာရောက်လေ့လာကြသော ကျောင်းသား ကျောင်းသူများနှင့်ဆရာ ဆရာမများအား မုန့်များပေးဝေကြသည်။

ယင်းနောက် ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများအား ပြတိုက်တာဝန်ရှိသူက ပြတိုက်၏သမိုင်းနှင့် ပြခန်းများအကြောင်း ရှင်းလင်းပြောကြားသည်။ ယင်းနောက် ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများသည် ပြတိုက်အတွင်းရှိ တပ်မတော်(ကြည်း၊ ရေ၊ လေ)နှင့် လက်ရုံးတပ်ဖွဲ့ညွှန်ကြားရေးမှူးရုံး ပြခန်းများကို စိတ်ပါဝင်စားစွာ လှည့်လည်ကြည့်ရှုခဲ့ကြပြီး သိရှိလိုသည်များကို မေးမြန်းကြရာ ပြခန်းများအလိုက် တာဝန်ရှိသူများက ပြန်လည်ဖြေကြားပေးကြသည်။

ဆက်လက်၍ ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများသည် ပြင်ပပြကွက်များတွင် ခင်းကျင်း ပြသထားသည့် တပ်မတော် (ကြည်း၊ ရေ၊ လေ) တပ်ဖွဲ့များ၏ စစ်လက်နက်ပစ္စည်းများ၊ စစ်ရေယာဉ်များနှင့် တပ်မတော် လေယာဉ်များကို လေ့လာခဲ့ကြပြီး အမှတ်တရ ဓာတ်ပုံများ ရိုက်ကြသည်။

သတင်းစဉ်


## နိုင်ငံသားလုပ်ငန်းရှင်များအနေဖြင့် လျှပ်စစ်နှင့်စွမ်းအင်ကဏ္ဍတွင် ရင်းနှီးမြှုပ်နှံမှုများ တိုးမြှင့်ဆောင်ရွက်လာကြစေရန် ရည်ရွယ်သည့်ဆွေးနွေးပွဲသို့ တက်ရောက်ဆွေးနွေးနိုင်ပါရန် ဖိတ်ခေါ်ခြင်း

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနသည် လျှပ်စစ်ဓာတ်အားစနစ်တည်ငြိမ်ရေး၊ ဓာတ်အားတိုးတက်ရရှိရေး၊ ရေနံနှင့်ရေနံထွက်ပစ္စည်းများ တိုးမြှင့်ထုတ်လုပ်နိုင်ရေး၊ စွမ်းအင်လေလွင့်ဆုံးရှုံးမှု လျှော့ပါးရေး အပါအဝင် နိုင်ငံတော်၏ စွမ်းအင်ဖူလုံရေးနှင့်လုံခြုံရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။

နိုင်ငံတော်တွင် စွမ်းအင်အရင်းအမြစ်မျိုးစုံ တည်ရှိနေသည့်အတွက် ယင်းတို့ကို အချိုးညီစွာပေါင်းစပ်၍ အကျိုးရှိထိရောက်စွာ အသုံးပြုနိုင်ပါက မျှော်မှန်းထားသည့်အချိန်ကာလအတွင်း နိုင်ငံတော်နှင့် ပြည်သူတို့အတွက် စွမ်းအင်လိုအပ်ချက်များကို ဖူလုံစွာ ဖြည့်ဆည်းပေးနိုင်မည်ဟု ယုံကြည်ပါသည်။

လျှပ်စစ်နှင့်စွမ်းအင်ဆိုင်ရာ စီမံကိန်းများ၊ လုပ်ငန်းများသည် ငွေကြေးအရင်းအနှီးကြီးမားပြီး အတတ်ပညာနှင့်လူ့စွမ်းအားအရင်းအမြစ်လိုအပ်ချက်များ ဖြည့်ဆည်းပေးနိုင်မှသာလျှင် အောင်မြင်နိုင်မည်ဖြစ်ရာ နိုင်ငံတော်အနေဖြင့် ပြည်တွင်း/ပြည်ပအဖွဲ့အစည်း အသီးသီးအား ဖိတ်ခေါ်၍ ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။

ယင်းသို့ဆောင်ရွက်ရာတွင် နိုင်ငံသားလုပ်ငန်းရှင်များ၏ ရင်းနှီးမြှုပ်နှံမှုကို အထူးအလေးထား၍ အားပေးလျက်ရှိသည်နှင့်အညီ နိုင်ငံသားလုပ်ငန်းရှင်များကို ရေရှည်တွင် နိုင်ငံတကာစွမ်းအင်ကုမ္ပဏီကြီးများ၊ အဖွဲ့အစည်းကြီးများအဆင့်သို့ တက်လှမ်းနိုင်စေရေးအတွက် ရည်မျှော်လျက် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနတွင် ရင်းနှီးမြှုပ်နှံနိုင်မည့်အခွင့်အလမ်းများ၊ နိုင်ငံတော်အစိုးရအနေဖြင့် အားပေးကူညီမည့် အစီအစဉ်များကို Power Point Presentation များ၊ ရုပ်ပုံကားချပ်များ၊ 3D Model များဖြင့် တာဝန်ရှိသူများက ရှင်းလင်း၍ ချပြဆွေးနွေးသွားမည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ၂၀၂၆ ခုနှစ်၊ နိုဝင်ဘာလ ပထမပတ်တွင် နေပြည်တော်၌ ကျင်းပမည့် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၏ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အခွင့်အလမ်းများ ချပြဆွေးနွေးပွဲသို့ နိုင်ငံသားလုပ်ငန်းရှင်များနှင့် စိတ်ပါဝင်စားသူများ တက်ရောက်ဆွေးနွေးနိုင်ပါရန် ဖိတ်ခေါ်အပ်ပါကြောင်းနှင့် ဆွေးနွေးပွဲသို့ တက်ရောက်လိုသူများအနေဖြင့် ၃၀-၁၀-၂၀၂၆ ရက်နေ့ (၁၆:၃၀)နာရီ နောက်ဆုံးထား၍ အောက်ဖော်ပြပါ ဖုန်းနံပါတ်သို့ ဆက်သွယ်စာရင်းပေးသွင်းနိုင်ပါကြောင်း အသိပေး ဖိတ်ခေါ်အပ်ပါသည်-

ဆက်သွယ်ရန် -ဦးမင်းသူအောင်၊ ဒုတိယညွှန်ကြားရေးမှူး၊
ပြည်တွင်းပြည်ပဆက်ဆံရေးနှင့် သတင်းပြန်ကြားရေးဌာနခွဲ၊
လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန
၀၉ ၄၄၄ ၅၈၈ ၈၈၈၊ Email: messenger@e-moee.gov.mm

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန


**အီတလီစီးရီးအေ ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၆)အနိုင်၊ အရှုံး** (NGB)

| | | |
|---|---|---|
| ဂျီနိုအာ | ၂ - ၁ | ဖီအိုရင်တီးနား |
| အင်တာမီလန် | ၃ - ၁ | ပါးမား |

**စပိန်လာလီဂါ ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၈) အနိုင်၊ အရှုံး** (NGB)

| | | |
|---|---|---|
| အလာဗက်စ် | ၁ - ၂ | အက်သလက်တီကို |
| ဘာစီလိုနာ | ၃ - ၀ | ဂီတာဖေး |

**ဂျာမန်ဘွန်ဒက်လီဂါ ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၅)အနိုင်၊ အရှုံး** (NGB)

| | | |
|---|---|---|
| အော့စ်ဘတ် | ၂ - ၂ | ဘိုင်ယန်မြူးနစ် |
| ဟော်ဖန်ဟိမ်း | ၂ - ၃ | ဟမ်းဘတ် |

# မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင် မန္တလေး-ပြင်ဦးလွင်ကားလမ်း ပုသိမ်ကြီးမြို့နယ်၊ ကျောက်ချောကျေးရွာရှိ (၁၆)မိုင် အနီးပတ်ဝန်းကျင်အား ဌာနပေါင်းစုံမှ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်နေမှုများကို ကွင်းဆင်းစစ်ဆေး

**မန္တလေး အောက်တိုဘာ ၁၀**

မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်သည် တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တာဝန်ရှိသူများ လိုက်ပါပြီး ယနေ့နံနက်ပိုင်းက အောင်မြေသာစံခရိုင်၊ ပုသိမ်ကြီး မြို့နယ်၊ ကျောက်ချောကျေးရွာ (၁၆)မိုင် အနီးပတ်ဝန်းကျင်အား ဌာနပေါင်းစုံမှ လူအင်အား၊ စက်ယန္တရားအင်အားတို့ဖြင့် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်နေမှုများကို ကွင်းဆင်းစစ်ဆေးခဲ့သည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် လမ်းဘေးဝဲ၊ ယာရှိ သစ်ပင်ချုံနွယ်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် အလင်းရောင်ကောင်းမွန်စွာရရှိရေးအတွက် သစ်ပင်ကြီးများအား အလင်းဖွင့်ပေးခြင်း၊ လမ်းမကြီးပေါ်တွင် ဖုန်ထူထပ်ခြင်းများမရှိစေရေး ရှင်းလင်းခြင်းနှင့် ဆေးကြောသန့်ရှင်းခြင်းများကို ဌာနပေါင်းစုံမှ လူအင်အား၊ စက်ယန္တရားအင်အားတို့ဖြင့် စုပေါင်းဆောင်ရွက်နေမှုများကို ကွင်းဆင်းစစ်ဆေး၍ စုပေါင်းသန့်ရှင်းရေးဆောင် ရွက်နေသူများကို အားပေးစကားများပြောကြားကာ တာဝန်ရှိသူများအား ကုန်သယ်ယာဉ်များ ကုန်စည်စီးဆင်းမှု ပိုမိုကောင်းမွန်စေရေးနှင့် ကြန့်ကြာမှုမရှိစေရေး၊ ခရီးသွားယာဉ်များ သွားလာမှုချောမွေ့စွာရှိစေရေးနှင့် ခရီးသွားပြည်သူများ စိတ်ချမ်းမြေ့စေရေးတို့ကို အလေးထားဆောင်ရွက်သွားကြရန် မှာကြားပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။



မန္တလေးတိုင်းဒေသကြီးအတွင်း မြို့နယ်အသီးသီးရှိ ဘုရား၊ စေတီပုထိုးများ၊ ဘုန်းကြီးကျောင်းများ၊ ဆေးရုံများ၊ အခြေခံပညာစာသင်ကျောင်းများ၊ တက္ကသိုလ်များ၌ သန့်ရှင်းသာယာလှပရေးတို့အတွက် တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံ တပ်မတော်သားများနှင့် မိသားစုဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ပြည်သူ့စစ်တပ်ဖွဲ့ဝင်များ၊ စေတနာ့ဝန်ထမ်းများနှင့် ဒေသခံပြည်သူများက စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**

၀-၀-၀-၀

၀-၀-၀-၀-၀

# ၂၀၂၆-၂၀၂၇ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်းအောင်ချက်မြင့်မားရေး ဆွေးနွေးပွဲ ကျင်းပ



**မန္တလေး အောက်တိုဘာ ၁၀**

မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင်၊ မြို့နယ်များမှ ပညာသင်ကြားနေသော ကျောင်းသား၊ ကျောင်းသူများအား ၂၀၂၆-၂၀၂၇ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်းအောင်ချက်မြင့်မားရေးဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းက မန္တလေးတက္ကသိုလ် စာသင်ဆောင်များတွင် ကျင်းပသည်။

၂၀၂၆-၂၀၂၇ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်းအောင်ချက်မြင့်မားရေးဆွေးနွေးပွဲကို မဟာအောင်မြေခရိုင်၊ အောင်မြေသာစံခရိုင်၊ ကျောက်ဆည်ခရိုင်၊ တံတားဦးခရိုင် အတွင်းရှိ အထက်တန်းပြ ဆရာ၊ ဆရာမ ၁၄၅၄ ဦးတို့အား မန္တလေးတက္ကသိုလ် ပါမောက္ခ(ဌာနမှူး)များမှ တက္ကသိုလ်ဝင် သင်ရိုးညွှန်းတမ်းများကို အောက်တိုဘာ ၁ ရက်မှ ၂ ရက်အထိ ဆွေးနွေးပို့ချသွားမည် ဖြစ်သည်။

၂၀၂၆-၂၀၂၇ပညာသင်နှစ် တက္ကသိုလ်ဝင်တန်း အောင်ချက်မြင့်မားရေး ဆွေးနွေးပွဲသို့ မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် လူမှုရေးရာဝန်ကြီး ဦးလှကြွယ်၊ မန္တလေးတက္ကသိုလ် ပါမောက္ခချုပ် ဆရာကြီး ဒေါက်တာ နေဝင်းဦး၊ ဒုတိယပါမောက္ခချုပ်များ၊ ပါမောက္ခ(ဌာနမှူး)များ၊ ခရိုင်၊ မြို့နယ်ပညာရေးမှူးများက ဆွေးနွေးပို့ချနေမှုအပေါ် လှည့်လည်ကြည့်ရှုခဲ့ကြောင်း သိရသည်။

**(အပေါ်ပုံ)**

**အောင်စော်မင်း**

# စဉ့်ကိုင်မြို့နယ်၌ ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေးဟောပြောပွဲ ကျင်းပ

**စဉ့်ကိုင် အောက်တိုဘာ ၁၀**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ စဉ့်ကိုင်မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေးဟောပြောပွဲ၊ စာအုပ်ပြပွဲနှင့် နံရံကပ်စာစောင်ပြပွဲများကို ယမန်နေ့ မွန်းလွဲ ၁ နာရီက လူထုအခြေပြုဗဟိုဌာန ပြည်သူ့စာကြည့်တိုက်၌ ကျင်းပသည်။

အသိပညာပေး ဟောပြောပွဲတွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်ဝင်းဝင်းသန်းက ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေး ဟောပြောရာတွင် ကျောင်းသား၊ ကျောင်းသူများကို ဥပဒေပါ ကလေးအလုပ်သမားဆိုင်ရာ အသက်အရွယ် ကန့်သတ်ချက်များ၊ ကျောင်းသား၊ ကျောင်းသူများအား အသိပညာဗဟုသုတ တိုးပွားစေရန်၊ ဉာဏ်ရည် ဉာဏ်သွေးဖွံ့ဖြိုးစေရန်၊ ပြောရဲဆိုရဲ၊ ပြောတတ်ဆိုတတ်သည့် သတ္တိများရှိစေရန် အသိပညာပေးဟောပြောခဲ့ပြီး မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင် ဒေါ်ခင်ဆန်းက ကလေးအလုပ်သမားဖြစ်ရသည့် အကြောင်းရင်းများ၊ ကလေးများအား ကလေးအလုပ်သမားအဖြစ်ခိုင်းစေမှုများ၊ ကလေးများကို အန္တရာယ်ရှိစေနိုင်သည့် အလုပ်၊ ပြင်းထန်ပြီး ထိခိုက်ဒဏ်ရာရစေသည့်အလုပ်၊ ဖိစီးမှုများသည့်အလုပ်၊ ပင်ပန်းကြီးစွာ လုပ်ရသောအလုပ်များကို ခိုင်းစေမှုမပြုရကြောင်း၊ ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ဥပဒေများနှင့် ပြစ်မှုပြစ်ဒဏ်များ၊ ကလေးအလုပ်သမား လျှော့နည်းစေရန်ကြိုတင်ကာကွယ်ရမည့် နည်းလမ်းများ စသည့် ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာတို့ကို အသိပညာပေးဟောပြောခဲ့သည်။

ဟောပြောပွဲအပြီးတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသည့် စာအုပ်ပြပွဲ၊ ကလေးအလုပ်သမား ပပျောက်ရေး၊ မူးယစ်ဆေးဝါး အန္တရာယ်အကြောင်း၊ ကလေးသူငယ်များ စစ်မှုထမ်းခြင်းမှ ကာကွယ်ရေး အသိပညာပေး နံရံကပ်စာစောင်များကို ကျောင်းသား၊ ကျောင်းသူများက စိတ်ပါဝင်စားစွာ ကြည့်ရှုခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# အယ်လ်နီညိုရာသီဥတုဖြစ်စဉ်များကြောင့် အပူဒဏ်ကာကွယ်ရေး အပူရှောင်စခန်းများဖွင့်လှစ်ရန် ပြင်ဆင်ဆောင်ရွက်လျက်ရှိ

**စဉ့်ကူး အောက်တိုဘာ ၁၀**

မန္တလေးတိုင်းဒေသကြီး၊ စဉ့်ကူးမြို့တွင် အယ်လ်နီညိုရာသီ ဥတုဖြစ်စဉ်များကြောင့် ဖြစ်ပေါ်လာနိုင်သော အပူဒဏ် အန္တရာယ်ကြိုတင်ကာကွယ်နိုင်ရေး အပူရှောင်စခန်းများ ဖွင့်လှစ်ရန် ပြင်ဆင်ဆောင်ရွက်လျက်ရှိရာ ယနေ့ နံနက် ၇ နာရီခွဲက စဉ့်ကူးမြို့၊ အမှတ်(၂)ရပ်ကွက်ရှိ သာသနာ့ဗိမာန်တော်ကြီးတွင် စုပေါင်းသန့်ရှင်းရေး ပြုလုပ်ခဲ့ကြသည်။

အပူရှောင်စခန်းဖွင့်လှစ်ရန် လျာထားသည့် သာသနာ့ဗိမာန်တော်ကြီး၌ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ရာတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးသန့်ဇင်ထွန်း၏ ဦးဆောင်မှုဖြင့် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဝန်ထမ်းများ၊ နယ်မြေခံတပ်ရင်းတပ်ဖွဲ့များ ပူးပေါင်းပါဝင်သော အဖွဲ့တို့က သာသနာ့ဗိမာန်တော်ကြီးအတွင်း သန့်ရှင်းရေးပြုလုပ်ခြင်းနှင့် သာသနာ့ဗိမာန်တော်ကြီးပရိဝုဏ်အတွင်း၊ အပြင်တို့ရှိ မြက်ပင်ချုံနွယ်များ ရှင်းလင်းခြင်း၊ အရိပ်ကောင်းမွန်သည့် သစ်ပင်ကြီးများအောက်တွင် အမှိုက်သရိုက်များရှင်းလင်းခြင်းတို့ ဆောင်ရွက်ခဲ့ကြသည်။



စဉ့်ကူးမြို့နယ်တွင် အယ်လ်နီညိုရာသီဥတုပြောင်းလဲမှု ဖြစ်စဉ်များကြောင့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်လာနိုင်သဖြင့် ကြိုတင်ကာကွယ်ရေး လုပ်ငန်းများကို မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များဖြင့် ပူးပေါင်းပြင်ဆင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(အပေါ်ပုံ)**

**တင်စာလွင်(ပြန်/ဆက်)**

# စက်တင်ဘာ ၂၁ ရက်မှ ၂၂ ရက်အထိ နေပြည်တော်၌ကျင်းပခဲ့သည့် လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်မှုမှသည် နိုင်ငံ့ထုတ်ကုန်တိုးတက်မှုသို့ အမျိုးသားအဆင့် အလုပ်ရုံဆွေးနွေးပွဲတွင် MFVP ဥက္ကဋ္ဌ ဦးကျော်သူ၊ အတွင်းရေးမှူး ဦးပြည့်သာစံတို့၏ ခေတ်မီဆန်းသစ်သော Multi-route ပို့ကုန်ထောက်ပံ့ပို့ဆောင်ရေးနှင့် အရည်အသွေးစံချိန်စံညွှန်းများမှတစ်ဆင့် မြန်မာ့သစ်သီးဝလံ၊ ပန်းမန်နှင့် ဟင်းသီးဟင်းရွက်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေးနှင့် နိုင်ငံ့ထုတ်ကုန်တိုးတက်ရေးစာတမ်း ကောက်နုတ်ချက်

မြန်မာနိုင်ငံ၏ စိုက်ပျိုးရေးကဏ္ဍသည် အမျိုးသားအသားတင်ထုတ်ကုန်(GDP) ၏ ၃၈ ရာခိုင်နှုန်းခန့်ကို အဓိကထောက်ပံ့ပေးနေပြီး စုစုပေါင်း လုပ်သားအင်အား၏ ၇၀ ရာခိုင်နှုန်းခန့်ကို အလုပ်အကိုင်ဖန်တီးပေးထားသည့် စီးပွားရေး မဏ္ဍိုင်ကြီးဖြစ်သည်။ ယင်းအနက် သစ်သီးဝလံ၊ ပန်းမန်နှင့် ဟင်းသီးဟင်းရွက် (Horticulture) ကဏ္ဍသည်စိုက်ပျိုးမြေဧရိယာအကန့်အသတ်အတွင်းမှပင် တန်ဖိုးမြင့်ပို့ကုန် (High-value Exports) များကို ထုတ်လုပ်ပေးနိုင်သည့် မဟာဗျူဟာမြောက်ကဏ္ဍ ဖြစ်သည်။

သို့သော် လွန်ခဲ့သောကာလများအတွင်း မြန်မာ့ သစ်သီးဝလံ ပို့ကုန်များသည် နယ်စပ်ထွက်ပေါက် လေလံစနစ်တစ်ခုတည်း (Single-border Auction Dependency) အပေါ် လွန်စွာမှီခိုခဲ့ရခြင်းကြောင့် လမ်းကြောင်းပိတ်ဆို့မှုများ၊ ဈေးကွက်မတည်ငြိမ်မှုများနှင့် ရိတ်သိမ်းချိန်လွန်ဆုံးရှုံးမှု (Post-harvest Losses) များကို ရင်ဆိုင်ခဲ့ရသည်။

ယခုစာတမ်းသည် သစ်သီးဝလံအသင်းအနေဖြင့် သမားရိုးကျနယ်စပ်ကုန်သွယ်ရေးစနစ်မှ လွတ်မြောက်ကာ Multi-route Transport Corridors (ပင်လယ်ရေကြောင်းနှင့် တိုက်ရိုက်လမ်းကြောင်းများ) သို့ ကူးပြောင်းခြင်း၊ GAP / SPS စံချိန်စံညွှန်းများ မြှင့်တင်ခြင်းနှင့် ကျေးလက်ဒေသအစုအဖွဲ့များ၏ တန်ဖိုးမြင့်ထုတ်ကုန်များကို ကမ္ဘာ့ဈေးကွက်သို့ ချိတ်ဆက်ပေးခြင်းတို့ဖြင့် နိုင်ငံတော်၏ အသားတင် ထုတ်ကုန် (National Output Growth) ကို မည်သို့ အရှိန်အဟုန်မြှင့်တင်မည်ကို အဆိုပြုခြင်းဖြစ်သည်။

### အဓိကမဟာဗျူဟာ မဏ္ဍိုင် (၄) ရပ်

### မဏ္ဍိုင် (၁) – နယ်စပ်လေလံစနစ်မှ Multi-route လမ်းကြောင်းများသို့ ကူးပြောင်းခြင်း

**နယ်စပ်ကုန်သွယ်ရေးအား Backup ပြုလုပ်ခြင်း။** ။ တရုတ်၊ ထိုင်း၊ အိန္ဒိယ၊ ဘင်္ဂလားဒေ့ရှ် နယ်စပ်များမှတင်ပို့ခြင်းအပြင် ပုံမှန်တင်ပို့နိုင်ရန် လိုအပ်သော SPS Measures များကို ကြိုတင်ဆောင်ရွက်ထားခြင်း၊ နှစ်နိုင်ငံ သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက်ဆိုင်ရာများအတွက် လိုအပ်သော ပိုးမွှားရောဂါကာကွယ်နှိမ်နင်းရေးဆိုင်ရာ သဘောတူညီချက်များ ရယူထားခြင်း၊

**ရေကြောင်း၊ လေကြောင်းနှင့် တိုက်ရိုက်ကုန်သွယ်ရေးတိုးချဲ့ခြင်း။** ။ စင်ကာပူ၊ မလေးရှား၊ ဗီယက်နမ်၊ အရှေ့အလယ်ပိုင်းနှင့် ဥရောပဈေးကွက်များသို့ ပင်လယ်ရေကြောင်း အအေးပေးကွင်းဆက် (Direct Sea-freight & Cold-chain Logistics) မှတစ်ဆင့် တိုက်ရိုက်တင်ပို့ရေး၊

### သီးနှံအလိုက် အထူးပြုပို့ကုန်စီမံကိန်းများ

**စိန်တလုံးသရက်** ။ "မြန်မာစိန်တလုံးသရက်" အား အမျိုးသားအဆင့်အမှတ်တံဆိပ် သတ်မှတ်၍ စိုက်ပျိုးမြေဧက ၃၀၀၀၀ အထိ စနစ်တကျအစုအဖွဲ့ ပြန်လည်ဖွဲ့စည်းထားသော စိုက်ခင်းများမှတစ်ဆင့် တစ်နှစ်လျှင် အနည်းဆုံးပို့ကုန်မက်ထရစ်တန် ၆၀၀၀၀ အထိ နိုင်ငံတကာအရည်အသွေးစံနှုန်းဖြင့် တိုက်ရိုက်တင်ပို့ရန်၊ (ဥပမာ – One Diamond Branding)

**ထောပတ်သီး။** ရှမ်းပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် စိုက်ပျိုးထားသော ထောပတ်သီးများ (ဥပမာ- Hass, Amra, Buccaneer စသည်) ကို ရေကြောင်း အအေးခန်းကွန်တိန်နာများဖြင့် နိုင်ငံတကာ ဈေးကွက်သို့ ခြောက်လထက်မနည်း ပုံမှန်တင်ပို့နိုင်ရေးဆောင်ရွက်ရန်၊ ဗီယက်နမ်ကိုယ်ပိုင်ထောပတ်မျိုး (034)၊ ထိုင်းကိုယ်ပိုင်ထောပတ်မျိုး (ဘာကေးနီယား) ကဲ့သို့ မြန်မာကိုယ်ပိုင်ထောပတ်မျိုး (အမရာ) လို မျိုးကောင်းမျိုးသန့်တစ်မျိုးကို ဒေသနှင့် လိုက်လျောညီထွေရှိပြီး နိုင်ငံတကာယှဉ်ပြိုင်နိုင်စွမ်းရှိသော မျိုးကို သုတေသနပြုလုပ်ဖော်ထုတ်၍ ပြန့်ပွားစေကာ မြန်မာထောပတ်သီးကို အမျိုးသားအဆင့် ထုတ်ကုန်တစ်ခုဖြစ်လာစေရန်၊

**အခြားသီးနှံများ။** ငှက်ပျော၊ ပင်မှည့်၊ ဝဥ၊ ကန်စွန်းဥ အစရှိသဖြင့် နိုင်ငံတော်ထုတ်ကုန်လည်း ဖြစ်လာနိုင်ပြီး အာဟာရပြည့်ဝ၍ စားနပ်ရိက္ခာဖူလုံရေးကို အထောက်အကူပြုသော သီးနှံတစ်မည်ချင်း အလိုက် ဗျူဟာများ ဖော်ထုတ်သုံးသပ်ဆောင်ရွက်ရန်။

### မဏ္ဍိုင် (၂) – အရည်အသွေးနှင့် စံချိန်စံညွှန်း ပြည့်မီသော သစ်သီးဝလံများ ထုတ်လုပ်မှုတိုးမြှင့်ရေး

**Good Agricultural Practices (GAP) ချဲ့ထွင်ခြင်း။** ။ နိုင်ငံတကာဈေးကွက်မှ တောင်းဆိုသော အပင်သန့်ရှင်းရေးနှင့် ပိုးမွှားကင်းစင်ရေး (SPS Certificate) များရရှိစေရန် GAP စိုက်ပျိုးမှုစနစ်ကို တောင်သူအဆင့်အထိ အရှိန်အဟုန်မြှင့် ထူထောင်ခြင်း၊

**Good Manufacturing Practices (GMP) / HACCP အသိအမှတ်ပြုလက်မှတ်များ ရရှိစေခြင်း။** ။ သစ်သီးဝလံ၊ ဟင်းသီးဟင်းရွက်များ ခူးဆွတ်၊ ထိန်းသိမ်းကိုင်တွယ်၊ ထုပ်ပိုးသိုလှောင်ဖြန့်ချိရောင်းချရာတွင် နိုင်ငံတကာဈေးကွက်မှ တောင်းဆိုသော အပင်သန့်ရှင်းရေးနှင့် ပိုးမွှားကင်းစင်ရေး (SPS Certificate) များ ရရှိစေရန် ထုပ်ပိုးရုံများ၊ သိုလှောင်ရုံများအား GMP/HACCP စနစ်ကို ကုန်သည်၊ ပွဲစား၊ တောင်သူအဆင့်အထိ အရှိန်အဟုန်မြှင့် ထူထောင်ခြင်း၊

**မူရင်းဒေသ ခြေရာခံနိုင်မှု။** ။ သီးနှံတစ်ခုချင်း၏ စိုက်ပျိုးသည့်ဒေသ၊ ခူးဆွတ်ချိန်နှင့် အချက်အလက်များကို Crop Data Sheet / QR Code တင်ပြနိုင်သည့် စနစ်ကျသော Traceability စနစ်အား ကျင့်သုံးခြင်း၊ တောင်သူများ အလွယ်တကူ စက်ပစ္စည်းနှင့် နည်းပညာသုံးစွဲနိုင်ရန် ရုပ်ပုံ/စာသား ယှဉ်တွဲပါဝင်သည့် လမ်းညွှန်ချက်များ (Visual Illustrations) အသုံးပြုခြင်း။

### မဏ္ဍိုင် (၃) – ကျေးလက်တောင်သူအစုအဖွဲ့များ၊ ဒေသခံတောင်သူများ၏ တန်ဖိုးမြင့်သဘာဝ ထုတ်ကုန်များမှတစ်ဆင့် နိုင်ငံ့ထုတ်ကုန်တိုးမြှင့်ရေး

**တိုင်းရင်းသား ဒေသခံတောင်သူအစုအဖွဲ့များ။** တောင်တန်းဒေသများရှိ တောင်သူများက သဘာဝအတိုင်း စိုက်ပျိုးထားသော သီးနှံများ (ဥပမာ- ကယန်းဒေသထွက် ဧရာတ်သီး၊ နနွင်း၊ မက်ခါစေ့ စသည်) ကို Htubyanbi ထူဗျန်းဘီး (ငှက်မင်းသား) ကဲ့သို့ ဒေသခံအမှတ်တံဆိပ်များဖြင့် စနစ်တကျ ပြုပြင်ထုပ်ပိုး၍ ပို့ကုန်အဖြစ် ပြောင်းလဲခြင်း၊ ချင်းပြည်နယ်မှထွက်ရှိသော ဝဥကို Vakok (ဝကောက်)(အောက်ချင်းငှက်)ကဲ့သို့ ဒေသခံအမှတ်တံဆိပ်ဖြင့် စနစ်တကျပြုပြင်ထုပ်ပိုး၍ ပို့ကုန်အဖြစ် ပြောင်းလဲခြင်း၊ ၎င်းတို့နှင့်လျော်ညီသည့် စီးပွားရေး အဖွဲ့အစည်း(သမဝါယမ သို့မဟုတ် အစုအဖွဲ့ ကုမ္ပဏီများ) ဖွဲ့စည်းပေးပြီး အခွန်အခလျှော့ပေးသက်သာစေသည့် မက်လုံးများပေးခြင်း၊ စီးပွားရေးစွမ်းဆောင်ရည်မြင့်တက်လာရန် သင်ကြားပေးခြင်း၊ အမျိုးသမီး ဦးဆောင်သော စိုက်ပျိုးရေးလုပ်ငန်းများ၏ အခန်းကဏ္ဍကို ပိုမိုမြှင့်တင်ပေးခြင်း၊

**သီးနှံအလိုက် အစုအဖွဲ့များ ပြန်လည်အားကောင်းလာစေခြင်း။** ။ သရက်၊ ဖရဲ၊ သခွားမွှေး၊ ငှက်ပျော၊ ထောပတ်၊ နာနတ် အစရှိသဖြင့် သီးနှံအစုအဖွဲ့များအဖွဲ့ ၃၀ ကျော် ဖွဲ့စည်းထားသော်လည်း ပြန်လည်ဖွဲ့စည်းရန်လိုအပ်နေပြီး ၎င်းတို့ရှင်သန်ရေးအတွက် စီးပွားရေးပုံစံ လည်ပတ်ရန် လိုအပ်နေပါသည်။ မူဝါဒများ၊ အမတော်ကြေးများ၊ အထောက်အပံ့များ လိုအပ်နေပါသည်။

**ကုန်သည်အဖွဲ့များ၊ ကုန်စည်ဒိုင်များ ပြန်လည်အားကောင်းစေခြင်း။** ။ မူဆယ် သစ်သီးဝလံ ကုန်စည်ဒိုင်ကဲ့သို့ သစ်သီးဝလံကုန်စည်ဒိုင်များ ပြန်လည်အားကောင်းလာပြီး သစ်သီးဝလံ ကုန်စည်ဒိုင်များ ပြန်လည်ချိတ်ဆက်ရန် လိုအပ်ပါသည်။ အောင်ပန်းကုန်စည်ဒိုင်၊ တောင်ငူကုန်စည်ဒိုင်၊ တာချီလိတ်ကုန်စည်ဒိုင် အစရှိသဖြင့် သစ်သီးဝလံ ကုန်စည်ဒိုင်များ အားကောင်းလာပြီး နေ့စဉ် ဈေးကွက်ပေါက်ဈေးများ အချိန်နှင့်တစ်ပြေးညီ ပြန်ကြားပေးမည့် Digital Information Clearing-house စနစ်ထူထောင်၍ အငြင်းပွားမှုများကို ကောင်းစွာ ထိန်းသိမ်းကိုင်တွယ်ရန် လိုအပ်ပါသည်။

**ရိတ်သိမ်းချိန်လွန် ဆုံးရှုံးမှုလျှော့ချခြင်း။** ။ သစ်သီးဝလံ၊ ဟင်းသီးဟင်းရွက်သည် အလွယ်တကူ ပုပ်သိုးလွယ်သော ဆုံးရှုံးမှုများသည့် ကုန်စည်ဖြစ်သဖြင့် **အခြောက်ခံခြင်း၊ အနှစ်တိုက်ခြင်း၊ အေးခဲခြင်း၊ အချဉ်တည်ခြင်း** အစရှိသော Processing လုပ်ငန်းလေးမျိုးအနက် တစ်မျိုးမျိုးကို မဖြစ်မနေ ဆောင်ရွက်ကြရပါသည်။ အလွယ်တကူ ပုပ်သိုးလွယ်သော သစ်သီးဝလံများကို မိုဘိုင်းအခြောက်ခံရုံများ (Solar Dome Dryers) နှင့် အနှစ်ပြုပြင်ခြင်းများ ကျင့်သုံးခြင်း၊ နည်းပညာ၊ အသေးစားချေးငွေ သို့မဟုတ် Matching Grant အစီအစဉ်များ ဖန်တီးပေးခြင်းဖြင့် စိုက်ပျိုးမြေထပ်မံတိုးချဲ့စရာမလိုဘဲ အသားတင်ပို့ကုန်တန်ဖိုးကို မြှင့်တင်ခြင်း။

### မဏ္ဍိုင် (၄) – ဈေးကွက်သစ်ဖော်ဆောင်ရေးနှင့် စိုက်ပျိုးရေးဆိုင်ရာ ရင်းနှီးမြှုပ်နှံမှု

China-ASEAN Business Council (CABC)၊ Asia Fruit Logistica ကဲ့သို့သော နိုင်ငံတကာစီးပွားရေးပလက်ဖောင်းများနှင့်ချိတ်ဆက်၍ Myanmar Produce များကို စီးပွားရေးတွေ့ဆုံပွဲများ (Business Matchmaking) တွင် ပုံမှန်မိတ်ဆက်ခြင်း၊ Global Ethical Sourcing နှင့် ESG ဈေးကွက်များသို့ တိုက်ရိုက်ချိတ်ဆက်ပေးခြင်း။

### (၂၀၂၆ – ၂၀၃၀) ငါးနှစ်တာ မြန်မာ့သစ်သီးဝလံ ပို့ကုန်ဖွံ့ဖြိုးရေး လမ်းပြမြေပုံ

| ခုနှစ် | အဆင့် (Phase) | အဓိကပန်းတိုင်နှင့် မဟာဗျူဟာမြောက်လုပ်ဆောင်ချက်များ |
|---|---|---|
| ၂၀၂၆ | Phase 1: အစုအဖွဲ့များ ပြန်လည် အားကောင်းစေခြင်းနှင့် အခြေခံ အဆောက်အအုံ/ စံချိန်စံညွှန်းညှိနှိုင်းရေး | စိန်တလုံးသရက် ဧက ၃၀၀၀၀ စိုက်ပျိုးထုတ်လုပ်မှုဇုန်များတွင် GAP၊ Visual-guided Traceability စနစ်များ စတင်တည်ဆောက်ခြင်း၊ အမျိုးသားအဆင့်အမှတ်တံဆိပ်ပြုလုပ်ရန် ပြင်ဆင်ခြင်း၊ ရှမ်းပြည်နယ်နှင့် ချင်းပြည်နယ်ရှိ ထောပတ်သီးစိုက်ပျိုးသူများအား Global GAP ထောက်ခံချက် ပိုမိုရရှိအောင် အဓိကပန်းတိုင်နှင့် မဟာဗျူဟာမြောက်လုပ်ဆောင်ချက်များ ကူညီပေးခြင်း၊ ထုပ်ပိုးရုံများအား GMP/HACCP လက်မှတ်ရရှိအောင်ဆောင်ရွက်ခြင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနတို့နှင့်ပူးပေါင်း၍ Public-Private Dialogue (PPD) Task Force ဖွဲ့စည်းကာ Digital Phytosanitary (SPS) စနစ် မြန်ဆန်စေရန် ပေါင်းစပ်ခြင်း၊ ထောပတ်သီးအား တရုတ် GACC နှင့် ထိုင်း SPS ရရှိရန် ဆောင်ရွက်ခြင်း |
| ၂၀၂၇ | Phase 2: Multi-route ပို့ကုန်လမ်းကြောင်းများ စတင်ကျင့်သုံးခြင်း | နယ်စပ်လမ်းကြောင်းတစ်ခုတည်း မှီခိုမှုကို ၃၀% အထိ လျှော့ချပြီး ရေကြောင်း/တိုက်ရိုက်လမ်းကြောင်းများတိုးချဲ့ခြင်း၊ ရန်ကုန်ဆိပ်ကမ်းမှ တစ်ဆင့် စင်ကာပူ၊ မလေးရှား၊ အရှေ့အလယ်ပိုင်းနှင့် ဥရောပသို့ Direct Sea-Freight Cold-chain လမ်းကြောင်းများ စတင်ပြေးဆွဲတင်ပို့နိုင်ရန် MFVP အသင်းနှင့် MIFFA အသင်းတို့ စတင်ပူးပေါင်းဆောင်ရွက်ခြင်း၊ စိန်တလုံးသရက် မက်ထရစ် တန် ၅၀၀ ထက်မနည်းကို ရေကြောင်းလိုင်းများဖြင့် တိုက်ရိုက်တင်ပို့ခြင်း၊ အစားအသောက် ဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ (China GAP, ASEAN GAP, EU Standards) ကို ညှိနှိုင်းပေါင်းစပ်ခြင်း |
| ၂၀၂၈ | Phase 3: ရိတ်သိမ်းချိန်လွန် နည်းပညာနှင့် တန်ဖိုးမြှင့်ကဏ္ဍ | ရိတ်သိမ်းချိန်လွန်ဆုံးရှုံးမှုကို ၄၀% မှ ၁၅% အထိ လျှော့ချခြင်း၊ သစ်သီးဝလံဇုန်များတွင် မိုဘိုင်းအအေးခန်းစက်ရုံများ၊ Solar Dome အခြောက်ခံရုံများ တိုးချဲ့တည်ဆောက်ခြင်း၊ အဓိကပန်းတိုင်နှင့် မဟာဗျူဟာမြောက်လုပ်ဆောင်ချက်များနှင့် Processing လုပ်ငန်း လေးမျိုးအတွက် Matching Grant/Microfinance အစီအစဉ်များ ဖန်တီးပေးခြင်း၊ ဒေသထွက် သဘာဝထုတ်ကုန်များကို တန်ဖိုးမြှင့်ပြုပြင်ထားသော စားသောက်ကုန်များ၊ တန်ဖိုးမြှင့်ထုတ်ကုန်များအဖြစ် တင်ပို့နိုင်ရေးစက်ရုံများနှင့် ပုဂ္ဂလိကရင်းနှီးမြှုပ်နှံသူများကို ချိတ်ဆက်ပေးခြင်း၊ စွန့်ပစ်ပစ္စည်းမှ မှိုနှင့် သဘာဝမြေသြဇာထုတ်လုပ်ရေး တစ်တွဲတည်းဆောင်ရွက်ခြင်း |
| ၂၀၂၉ | Phase 4: ဒေသတွင်းနှင့် နိုင်ငံတကာ ဈေးကွက်သစ် ထိုးဖောက်ရေး | "Myanmar Produce / Proud Brand of Myanmar" အမှတ်တံဆိပ် ဗျူဟာသေချာရေးဆွဲ၍ နိုင်ငံတကာ စင်တင်ဈေးကွက်များသို့ ထိုးဖောက်ခြင်း၊ Asia Fruit Logistical ThaiFexi CABC Matching Event များတွင် မြန်မာ့သစ်သီးဝလံနှင့် တန်ဖိုးမြှင့်ထုတ်ကုန်များကို သီးသန့်ပြခန်းများ (National Pavilion) ဖြင့် ပြသခြင်း၊ ဒေသအခြေပြု စိုက်ပျိုးသူများ၊ တိုင်းရင်းသားများနှင့် အမျိုးသမီးဦးဆောင်သော စိုက်ပျိုးရေးလုပ်ငန်းများကို Global Ethical Sourcing ဈေးကွက်များနှင့် ချိတ်ဆက်ပေးခြင်း |

စာမျက်နှာ ၉ သို့ ❐

❒ စာမျက်နှာ ၈ မှ

| | | |
|---|---|---|
| ၂၀၃၀ | Phase 5: ရေရှည်တည်တံ့ သော စိုက်ပျိုးရေး ပို့ကုန်ဖြင့် အမျိုးသား GDP တိုးတက်စေခြင်း | သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက်ကဏ္ဍမှ နိုင်ငံတော်ပို့ကုန်ဝင်ငွေကို လက်ရှိထက် နှစ်ဆမြှင့်တင်ခြင်း၊ မြန်မာ့သစ်သီးဝလံ ပို့ကုန်ကဏ္ဍတစ်ခုလုံးကို ရေကြောင်း၊ လေကြောင်း၊ နယ်စပ်လမ်းကြောင်း စသည့်ဘက်စုံအဓိကပန်းတိုင်နှင့် မဟာဗျူဟာမြောက်လုပ်ဆောင်ချက်များမြှင့်တင်ထားသော စနစ်အဖြစ် အပြည့်အဝလည်ပတ်ခြင်း၊ ကျေးလက်တောင်သူများ၏ အိမ်ထောင်စုဝင်ငွေကို တိုက်ရိုက်မြှင့်တင်ပေးခြင်းဖြင့် စိုက်ပျိုးရေးကဏ္ဍမှ နိုင်ငံတော်၏အသားတင်ထုတ်ကုန် (National Output Growth) တိုးတက်ရေးကို အပြည့်အဝ အထောက်အကူပြုခြင်း |

### အစိုးရနှင့်အဖွဲ့အစည်းများသို့ မူဝါဒဆိုင်ရာဆွေးနွေးချက်များ (Policy Recommendations)

**၁။ အအေးခန်း ကုန်သွယ်ရေး အခြေခံအဆောက်အအုံ။** ရန်ကုန်မြို့ရှိ ဆိပ်ကမ်းများနှင့် အဓိကသီးနှံစုဆောင်းရာ စက်မှုဇုန်များတွင် အအေးခန်းကွန်တိန်နာ (Reefer Container) များနှင့် အအေးခန်းသိုလှောင်ရုံများ ပိုမိုအသုံးပြုနိုင်ရေး လျှပ်စစ်နှင့် အခြေခံအဆောက်အအုံ ထောက်ပံ့ပေးရန်၊

**၂။ Green Channel - SPS နှင့် ပို့ကုန်ထောက်ခံချက်များ လျင်မြန်ရေး။** သစ်သီးဝလံများသည် ပုပ်သိုးလွယ်/သက်တမ်းတိုသဖြင့် သက်ဆိုင်ရာဝန်ကြီးဌာနများက Phytosanitary / GAP ထောက်ခံချက်များကို ဒီဂျစ်တယ်စနစ်ဖြင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ အကောက်ခွန်ဌာနများနှင့် စနစ်တကျချိတ်ဆက်ပေးရန်၊ PPD Task Force ဖွဲ့စည်း၍ GACC/SPS လုပ်ငန်းစဉ်များ တစ်ရှိန်ထိုးအကောင်အထည်ဖော်ရန်၊

**၃။ Green Channel စိုက်ပျိုးထုတ်လုပ်မှု လွန်စက်ပစ္စည်းတင်သွင်းမှု သက်သာခွင့်နှင့် ဘဏ္ဍာရေးမက်လုံး။** မိုဘိုင်းအခြောက်ခံရုံ၊ အအေးခန်းစက်ပစ္စည်းများနှင့် ထုပ်ပိုးစက်ရုံသုံးကိရိယာများ (sorting Machine, color Sorter) အလွယ်တကူရရှိနိုင်ရန် ကုန်သွယ်ရေးနှင့် အခွန်ဆိုင်ရာ သက်သာခွင့်များ ထောက်ပံ့ပေးရန်၊ တောင်သူအစုအဖွဲ့ သမဝါယမများနှင့် ကုမ္ပဏီများအတွက် အခွန်သက်သာခွင့် မက်လုံးပေးခြင်းနှင့် Matching Grant ချေးငွေစနစ်များ ဖန်တီးပေးရန်၊

**၄။ Green Channel - သယ်ယူပို့ဆောင်ရေး။** သစ်သီးဝလံ၊ ဟင်းသီးဟင်းရွက်များ သယ်ယူပို့ဆောင်ရာတွင် ဂိတ်များတွင် Green Channel ဖွင့်ထားပေးနိုင်ပါက ရိတ်သိမ်းချိန်လွန်ဆုံးရှုံးမှု သက်သာစေနိုင်ပါမည်။

### နိဂုံး

ဤစာတမ်းကို အချိန်တိုအတွင်းပြုစုရသဖြင့် ပြည့်ပြည့်စုံစုံ သုံးသပ်ချိန်မရပါသောကြောင့် ထပ်မံအချိန်ယူ၍ (၂၀၂၆ - ၂၀၃၀) လမ်းပြမြေပုံကို အသေးစိတ် ဆက်လက်ရေးဆွဲရဦးမည် ဖြစ်ပါသည်။ သစ်သီးဝလံ၊ ပန်းမန်နှင့် ဟင်းသီးဟင်းရွက်ကဏ္ဍသည် နယ်စပ်လမ်းကြောင်းတစ်ခုတည်းအပေါ် မှီခိုသည့်အလေ့အထမှ ရေကြောင်းနှင့် တိုက်ရိုက်ပို့ကုန်လမ်းကြောင်းများသို့ ကူးပြောင်းကာ GAP၊ Traceability နှင့် တန်ဖိုးမြှင့်ထုတ်ကုန်များအဖြစ် ပြောင်းလဲဆောင်ရွက်ပါက နိုင်ငံတော်အတွက် နိုင်ငံဝင်ငွေ ပိုမိုရရှိစေမည်ဖြစ်ပါသည်။

မြန်မာနိုင်ငံ သစ်သီးဝလံ၊ ပန်းမန်နှင့် ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်း(MFVP)အနေဖြင့် မိမိတို့၏ ညီနောင်အသင်းအဖွဲ့များ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များ၊ တောင်သူအစုအဖွဲ့များနှင့် အစိုးရဌာနများပူးပေါင်းကာ (၂၀၂၆-၂၀၃၀) လမ်းပြမြေပုံအတိုင်း အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြင့် "လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်မှုမှသည် နိုင်ငံထုတ်ကုန်တိုးတက်မှုသို့" ဦးတည်ရာတွင် ကဏ္ဍအလိုက် အဓိကမောင်းနှင်အားအဖြစ် ပါဝင်သွားမည်ဖြစ်ပါသည်။

---

❁ စာမျက်နှာ ၂၄ မှ

ယနေ့နံနက်ပိုင်းတွင် သက်ဆိုင်ရာအားကစားနည်းများအလိုက် သတ်မှတ်ထားသောအားကစားကွင်းများနှင့် အားကစားရုံများတွင် ဆက်လက်ယှဉ်ပြိုင်ကစားကြသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား (၃၃)ကြိမ်မြောက် တပ်မတော်(ကြည်း၊ ရေ၊ လေ) တိုက်ကွမ်ဒိုပြိုင်ပွဲတွင် အဆင့်အလိုက် ပင်းဝိတ်တန်း ဗိုလ်လုပွဲစဉ်များကို ဇေယျာသီရိတပ်မတော်အားကစားရုံ(A)၌ လည်းကောင်း၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒိုင်း တပ်မတော် (ကြည်း၊ ရေ၊ လေ) အမျိုးသား/အမျိုးသမီး ဘော်လီဘောပြိုင်ပွဲ၊ အမျိုးသား/ အမျိုးသမီး ကွာတားအဆင့်ပတ်လည်ပြိုင်ပွဲ ပွဲစဉ်များကို ဇေယျာသီရိတပ်မတော်အားကစားရုံ (B) ၌လည်းကောင်း၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒိုင်း (၃၃)ကြိမ်မြောက် တပ်မတော် (ကြည်း၊ ရေ၊ လေ) မြန်မာ့သိုင်းပြိုင်ပွဲ အမျိုးသားဗန်တို အတိုက်(က) တန်း၊ အမျိုးသားဗန်တို အတိုက် (ခ) တန်း အကြိုဗိုလ်လုပွဲစဉ်များ၊ အမျိုးသား ပန်ကြပ်ဆီလပ် အတိုက် (ခ)တန်း အကြို ဗိုလ်လုပွဲစဉ်များ၊ အမျိုးသမီး ပန်ကြပ်ဆီလပ်အတိုက် အကြိုဗိုလ်လုပွဲစဉ်များ၊ အမျိုးသား ဓားတစ်လက်အတိုက်(က)တန်း အကြိုဗိုလ်လုပွဲစဉ်များ၊ အမျိုးသား ဓားတစ်လက်အတိုက်(ခ)တန်း အကြိုဗိုလ်လုပွဲစဉ်များ၊ ခွဲမှူးဆရာ အဆင့်လက်ရည်ပညာစဉ် စွမ်းရည်ပြပြိုင်ပွဲနှင့် တစ်ယောက် ငါးယောက် အတွဲတိုက် စွမ်းရည်ပြပြိုင်ပွဲများကို ဇေယျာသီရိတပ်မတော်အားကစားရုံ(C)၌လည်းကောင်း အသီးသီးယှဉ်ပြိုင်ကြသည်။



အလားတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)ဝင်းအတွင်းရှိ စိန်ပန်းခန်းမ(၂) ၌ ၂၀၂၆ ခုနှစ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒိုင်း တပ်မတော် (ကြည်း၊ ရေ၊ လေ) ကရာတေးပြိုင်ပွဲတွင် လူသစ်တန်း၊ အကြီးတန်း အသင်းလိုက်"ကုမိတဲ့" ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် လူသစ်တန်း၊ အကြီးတန်း အသင်းလိုက် "ခတ" ပြိုင်ပွဲ ဗိုလ်လုပွဲစဉ်များကို လည်းကောင်း၊ စံပယ်(၆)အားကစားရုံ၌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒိုင်း တပ်မတော် (ကြည်း၊ ရေ၊ လေ) ရိုးရာခြင်းလုံးခတ်ပြိုင်ပွဲတွင် (၄) ပေါက်တန်းပြိုင်ပွဲ၊ အခြေခံအထိ(၆)ချက်ပြိုင်ပွဲများကို လည်းကောင်း အသီးသီးယှဉ်ပြိုင်ကစားကြသည်။

(၅၆) ကြိမ်မြောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒိုင်း တပ်မတော်(ကြည်း၊ ရေ၊ လေ) လက်ဝှေ့ပြိုင်ပွဲကို နေပြည်တော်ရှိ စစ်ကြောရေးနှင့် တည်းခိုရေးစခန်း တပ်နယ်အားကစားခန်းမ၌ ကီလိုတန်းအလိုက် လူသစ်တန်း၊ အလွတ်တန်းနှင့် (က)အဆင့်အကြို ဗိုလ်လုပွဲစဉ်များကိုလည်းကောင်း အသီးသီးယှဉ်ပြိုင်ကစားကြသည်။

ထို့အတူ ၂၀၂၆ ခုနှစ် (၆၃)ကြိမ်မြောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား အလွတ်တန်းအဆင့် ဘောလုံးပြိုင်ပွဲကို ညနေပိုင်းတွင် အကြိုဗိုလ်လုပွဲစဉ်အဖြစ် ဇေယျာသီရိ တပ်မတော်အားကစားကွင်း၌ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) စခန်းမှူးရုံး ကိုယ်စားပြုအသင်းနှင့် နေပြည်တော်တိုင်းစစ်ဌာနချုပ် ကိုယ်စားပြုအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ပွဲကစားချိန် မိနစ် ၉၀ အချိန်ပြည့် အကြိတ်အနယ်ယှဉ်ပြိုင်ခဲ့ကြပြီး ဂိုးမရှိ သရေရလဒ်ထွက်ပေါ်ခဲ့သည်။ ထို့နောက် အချိန်ပို မိနစ် ၃၀ ဆက်လက်ယှဉ်ပြိုင်ကစားကြရာ ဂိုးမရှိသရေရလဒ်သာ ထွက်ပေါ်ခဲ့သဖြင့် ပင်နယ်တီအဆုံးအဖြတ်ဖြင့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) စခန်းမှူးရုံးကိုယ်စားပြုအသင်းက နေပြည်တော်တိုင်းစစ်ဌာနချုပ် ကိုယ်စားပြုအသင်းကို ငါးဂိုး - လေးဂိုးဖြင့် အနိုင်ရရှိခဲ့ပြီး ဗိုလ်လုပွဲသို့ တက်ရောက်ခဲ့ကြောင်း သိရသည်။

အဆိုပါအားကစားပြိုင်ပွဲများသို့ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ ဒိုင်အဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင်အားကစားသမားများနှင့် အားကစားဝါသနာရှင်များ တက်ရောက်ကြည့်ရှုအားပေးခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

---

## စာပတ်ရှိန်မြှင့်တင်ရေးအတွက် မူးယစ်ဆေးဝါးအန္တရာယ်တားဆီးကာကွယ်ရေး အသိပညာပေးဟောပြောပွဲနှင့် ပုံပြင်ပြောပြိုင်ပွဲ ကျင်းပ

**တံတားဦး အောက်တိုဘာ ၁၀**

တံတားဦးမြို့နယ်၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းပြီး ယနေ့နံနက် ၁၀ နာရီက တံတားဦးမြို့နယ်၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနတွင် မူးယစ်ဆေးဝါးအန္တရာယ်တားဆီးကာကွယ်ရေးအကြောင်း အသိပညာပေး ဟောပြောပွဲကျင်းပပြီး ပုံပြင်ပြောပြိုင်ပွဲ ကျင်းပခဲ့သည်။

အခမ်းအနားတွင် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဦးဘိုမောင်က ကျောင်းသား၊ ကျောင်းသူများအနေဖြင့် မူးယစ်ဆေးဝါး အစဆေးလိပ်က ဆိုသည့်အတိုင်း ဆေးလိပ်သောက်ခြင်းကို မပြုလုပ်ကြရန်၊ မူးယစ်ဆေးဝါးသုံးစွဲခြင်း၏ နောက်ဆက်တွဲဆိုးကျိုးများဖြစ်သော စိတ်ပိုင်းဆိုင်ရာထိခိုက်မှု၊ ရုပ်ပိုင်းဆိုင်ရာထိခိုက်မှုများ၊ မူးယစ်ဆေးဝါးအန္တရာယ်၊ ဆေးလိပ်နှင့်ဆေးရွက်ကြီးအန္တရာယ်၊ ဆေးခြောက်အန္တရာယ်၊ စိတ်ကြွရူးသွပ်ဆေးပြားအန္တရာယ်နှင့် လူငယ်များ မူးယစ်ဆေးဝါးနှင့် ပတ်သက်ပြီး ရှောင်ရှားနိုင်ရန်နှင့် လူငယ်များအား မူးယစ်ဆေးဝါး အန္တရာယ် မကျရောက်နိုင်ရန် အတွက် ရှောင်ရှားနိုင်ရေး အချိန်ကိုအကျိုးရှိစွာ အသုံးချတတ်စေရေး၊ စာကြည့်တိုက်နှင့် ရင်းနှီးကျွမ်းဝင်မှုရှိစေရေးနှင့် ပြင်ပဗဟုသုတ ရရှိစေရေးတို့အတွက် ကျင်းပရခြင်းဖြစ်ကြောင်း အကျယ်တဝင့်ရှင်းလင်း ပြောကြားသည်။

ထို့နောက် အသိပညာပေးဟောပြောပွဲသို့ တက်ရောက်လာသူများက မူးယစ်ဆေးဝါး အန္တရာယ်နှင့်ပတ်သက်၍ မိမိတို့ သိရှိလိုသည်များကို ဆွေးနွေး မေးမြန်းကြရာ ဦးစီးအရာရှိက ပြန်လည်ဖြေကြားပေးသည်။

ဆက်လက်၍ ကျောင်းသား၊ ကျောင်းသူများ အသိပညာဗဟုသုတတိုးပွားရေးနှင့် နှုတ်မှုစွမ်းရည်မြှင့်မားရေးအတွက် ပုံပြင်ပြောပြိုင်ပွဲကျင်းပပေးပြီး ကျောင်းသား၊ ကျောင်းသူများအား မြို့နယ်ဦးစီးအရာရှိနှင့်ဝန်ထမ်းများက အမှတ်တရလက်ဆောင်များ ချီးမြှင့်ပေးကြောင်း သိရသည်။

(အောက်ဝဲပုံ)

ရဲတင့်(ပြန်/ဆက်)



**ပလတ်စတစ်ညစ်ညမ်းမှုကိုတိုက်ဖျက်ကြစို့။**

---

## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

**နေပြည်တော် အောက်တိုဘာ ၁၀**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသည့် CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများ သိရှိနိုင်ရေး အသိပေးသတင်း ထုတ်ပြန်ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း အောက်တိုဘာ ၉ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် "qwertyuiopasdfghjklzxcvbnm" TikTok အကောင့်ပိုင်ရှင်ဖြစ်သူ မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ် လက်ပံကျေးရွာနေ ချစ်ဆွေ(ခ)ခလီလွလ်လာအား ည ၉ နာရီ ၃၅ မိနစ်တွင် ချောင်းခွနယ်မြေရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ် အရေးယူဆောင်ရွက်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

■

# အမရပူရမြို့နယ် ရွှေကြက်ယက်၊ ရွှေကြက်ကျ ဆုတောင်းပြည့်မြတ်စွာဘုရား လှေဦးတိုက်ပွဲတော် လှေပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲ ကျင်းပ



**အမရပူရ အောက်တိုဘာ ၁၀**

မန္တလေး၊ အမရပူရမြို့နယ်၊ ရွှေကြက်ယက်ကျေးရွာ၌ မြန်မာတို့၏ ရိုးရာယဉ်ကျေးမှု ရိုးရာ ငှက်လှေလှော်ပြိုင်ပွဲကို နှစ်စဉ်ကျင်းပလျက်ရှိရာ အောင်မြေ ရွှေကြက်ကျ ဆုတောင်းပြည့် ဘုရားခြေတော်ရင်းရှိ ဧရာဝတီမြစ်ရေပြင်၌ အောက်တိုဘာ ၅ ရက် နံနက်ပိုင်းက ဗိုလ်လုပွဲစဉ်များနှင့် ဆုချီးမြှင့်ပွဲ ကျင်းပရာ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးထွန်းသန့်ဇင်မျိုး၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ MBCCD မြို့ပြစီမံကိန်းမှ မန်နေဂျာများ၊ ရွှေကြက်ယက်၊ ရွှေကြက်ကျဂေါပကအဖွဲ့ဝင်များ၊ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ အားကစားသမားများနှင့် ရွှေကြက်ယက်ကျေးရွာအုပ်စုရှိ ပြည်သူများ တက်ရောက်ခဲ့ကြသည်။ **(အပေါ်ပုံ)**

ထို့နောက် တာဝန်ရှိသူများက လှေလှော်ပြိုင်ပွဲတွင် ရွှေကြက်ယက်ကျေးရွာအုပ်စုအတွင်းရှိ လှေလှော်အသင်း အသီးသီးမှ ဗိုလ်လုပွဲများ ယှဉ်ပြိုင်နေမှုများကို ကြည့်ရှုအားပေးခဲ့သည်။

ဆက်လက်၍ ဆုချီးမြှင့်ပွဲကို ကျင်းပရာ ပထမဆုရရှိသည့် မိုးကောင်းရွာ ငှက်လှေလှော်အသင်းအား ချီးမြှင့်ငွေကျပ် သိန်း ၅၀ ကို မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌကလည်းကောင်း၊ ဒုတိယဆု ရရှိသည့် ခြောက်သွေးသောက်ရွာ ငှက်လှေလှော်အသင်းအား ချီးမြှင့်ငွေကျပ် သိန်း ၃၀ကို MB CCD မြို့ပြစီမံကိန်းမှ ဒါရိုက်တာ ဦးဇော်ရဲဝင်းက လည်းကောင်း၊ တတိယဆုရရှိသော ရွှေလေးကွက်သစ်(၁) ငှက်လှေလှော်အသင်းအား ချီးမြှင့်ငွေကျပ် သိန်း ၂၀ ကို MBCCD မြို့ပြစီမံကိန်းမှ ဒါရိုက်တာ ဦးအောင်နိုင်က လည်းကောင်း၊ စတုတ္ထဆုရရှိသော ရွာသစ်ကျေးရွာ ငှက်လှေလှော်အသင်းအား ချီးမြှင့်ငွေကျပ် ၁၀ သိန်းကို ရွှေကြက်ယက်ကျေးရွာ အုပ်ချုပ်ရေးမှူး ဦးမြတ်သူက လည်းကောင်း၊ နှစ်သိမ့်ဆုရအသင်း ၁၂ သင်းအား ချီးမြှင့်ငွေကျပ်တစ်သိန်းစီကို ရွှေကြက်ယက်၊ ရွှေကြက်ကျဂေါပကအဖွဲ့က လည်းကောင်း အသီးသီး ချီးမြှင့်ခဲ့ကြသည်။

အဆိုပါလှေလှော်ပြိုင်ပွဲကို အောက်တိုဘာ ၃ ရက်မှ ၅ ရက်အထိ ရွှေကြက်ယက်ကျေးရွာအုပ်စုရှိ ကျေးရွာ ၁၅ ရွာမှ အသင်း ၁၅ သင်း ပါဝင်ယှဉ်ပြိုင်ခဲ့ကြကြောင်း သိရသည်။

**လဲ့လဲ့နိုင်(အမရပူရ)**



# မိတ္ထီလာနှင့် မြစ်သားမြို့နယ်များတွင် အပူဒဏ်ကာကွယ်ရေး အသိပညာပေးလက်ကမ်းစာစောင်များဖြန့်ဝေ

**မန္တလေး အောက်တိုဘာ ၁၀**

မန္တလေးတိုင်းဒေသကြီးအတွင်းရှိ တံတားဦး၊ မိတ္ထီလာနှင့်မြစ်သား မြို့နယ် ကြက်ခြေနီအသင်းခွဲများသည် မြို့နယ်ကျန်းမာရေးဦးစီးဌာနများနှင့် ပူးပေါင်း၍ အယ်လ်နီညိုရာသီဥတု ဖြစ်စဉ်အား သိရှိနားလည်ရန်နှင့် အပူဒဏ်များမှ ကြိုတင်ကာကွယ်ရန် ရည်ရွယ်၍ လက်ကမ်းစာစောင်များဖြန့်ဝေခြင်းကို အောက်တိုဘာ ၉ရက် နံနက်ပိုင်းက ဆောင်ရွက်ခဲ့ကြသည်။

ကျန်းမာရေးအသိပညာပေးလုပ်ငန်းများဆောင်ရွက်ရာတွင် မြို့နယ်ကြက်ခြေနီအသင်းခွဲမှ ဥက္ကဋ္ဌနှင့်ကော်မတီဝင်များ၊ လူငယ်ကြက်ခြေနီစေတနာလုပ်အားရှင်များနှင့် မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ တာဝန်ရှိသူများ ပူးပေါင်း၍ ဈေးများ၊ လူစည်ကားရာနေရာများတွင် အသိပညာပေးလက်ကမ်းစာစောင်များဖြန့်ဝေခြင်းနှင့် ဆွေးနွေးပြောကြားခြင်းများဆောင်ရွက်ခဲ့သည်။

မြို့နယ်ကျန်းမာရေးဦးစီးဌာနနှင့် ကြက်ခြေနီစေတနာလုပ်အားရှင်များသည် ပြည်သူလူထုအတွင်း အပူဒဏ်ဆိုင်ရာ ကျန်းမာရေးအသိပညာများ တိုးပွားလာစေရန်၊ အပူဒဏ်ကြောင့် ဖြစ်ပေါ်နိုင်သည့် ကျန်းမာရေးထိခိုက်မှုများကို ကြိုတင်ကာကွယ်နိုင်ရန်နှင့် ရပ်ရွာလူထု၏ကျန်းမာရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေးကို အထောက်အကူပြုစေရန် ရည်ရွယ်ဆောင်ရွက်ခဲ့ကြခြင်းဖြစ်ကြောင်း သိရသည်။

**(အပေါ်ပုံ)**

**(ဝ၄၅)**



# မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

**မြင်းမူ အောက်တိုဘာ ၁၀**

စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းခရိုင်၊ မြင်းမူမြို့နယ်တွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ၏ ဦးဆောင်မှုဖြင့် မြို့နယ်သစ်တောဦးစီးဌာနနှင့် မြို့နယ်အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနတို့မှ ကြီးမှူး၍ သဘာဝပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေး သစ်ပင်များ စိုက်ပျိုးခြင်းဖြင့် ဒေသတွင်း အပူချိန်လျော့ကျလာစေရန် ရည်ရွယ်၍ ၂၀၂၆ ခုနှစ်၊ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ (တတိယအကြိမ်)ကို ယမန်နေ့ နံနက်ပိုင်းက မြင်းမူမြို့၊ အနောက်ပိုင်းရပ်ကွက်၊ မြို့နယ်ပြည်သူ့အားကစားကွင်းနှင့် မုံရွာ - စစ်ကိုင်းကားလမ်းမကြီးဘေး မိုင်တိုင် ၄၅/၁နှင့် ၄၅/၃ ကြား၌ စုပေါင်းစိုက်ပျိုးခဲ့သည်။

အဆိုပါ မိုးရာသီ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲသို့ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးစိုးဝင်းနိုင်နှင့်အဖွဲ့ဝင်များ၊ စစ်ကိုင်းခရိုင် အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်ဝင်းရွှေ၊ မြို့နယ်သစ်တောဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးလွင်ကိုကိုလတ်နှင့် ဝန်ထမ်းများ၊ မြို့နယ်အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဆန်းညိုနှင့် ဝန်ထမ်းများ၊ မြို့နယ်ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်ဝန်ထမ်းများ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဝင်များ၊ မြို့မိ၊ မြို့ဖများ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ၊ ဒေသခံပြည်သူများ ၄၅၀ ဦးဖြင့် မြင်းမူမြို့နယ် ပြည်သူ့အားကစားကွင်း၌ တမာပင် ၂၀၀၊ ဒဟတ်ပင် ၁၀၀၊ ပိတောက်ပင် ၁၀၀ နှင့် မုံရွာ-စစ်ကိုင်းကားလမ်းမကြီးဘေးတွင် မိုင်တိုင် ၄၅/၁ နှင့် ၄၅/၃ကြား၌ ဗာဒံပင် ၁၀၀ စုစုပေါင်း အပင် ၅၀၀ တို့ကို စုပေါင်းစိုက်ပျိုးခဲ့ကြပြီး မြင်းမူမြို့နယ်အတွင်း မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲ ပထမအကြိမ် ပျိုးပင် ၁၀၀၀၀၊ ဒုတိယအကြိမ် ပျိုးပင် ၁၃၂၃၅ ပင်နှင့် တတိယအကြိမ် ပျိုးပင် ၅၀၀၊ ယနေ့အထိ ပျိုးပင်ပေါင်း ၂၃၇၃၅ ပင်အား စိုက်ပျိုးပြီးဖြစ်ကြောင်း သိရသည်။ **(အပေါ်ပုံ)**

**မြို့နယ်ပြန်/ဆက်**

# သီဟနန္ဒာစာကြည့်တိုက်ပြုပြင်နေမှု ကြည့်ရှုစစ်ဆေး

**မန္တလေး အောက်တိုဘာ ၁၀**

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာရပ်ကွက်၊ မမ-၁၃၊ ၅၄လမ်းနှင့် ၁၁၆(စီ) လမ်းထောင့်ရှိ ယိုယွင်းပျက်စီးလျက်ရှိသော သီဟနန္ဒာစာကြည့်တိုက် အဆောက်အအုံ ပြန်လည်ပြုပြင်နေမှုအား အောက်တိုဘာ ၅ ရက် မွန်းလွဲ ၁၂ နာရီခွဲက မဟာအောင်မြေခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီနယ်မြေတာဝန်ခံ ဦးကျော်လင်း၊ ဦးမြင့်မောင်နှင့် မြို့နယ်ပါတီအတွင်းရေးမှူး ဦးခင်မောင်ညို၊ ဘဏ္ဍာရေးမှူး ဦးမောင်လွင်တို့က ကြည့်ရှုစစ်ဆေးကြသည်။

သီဟနန္ဒာ စာကြည့်တိုက် ပြုပြင်နေမှုနှင့်ပတ်သက်၍ အရန်ကော်မတီဝင် ဦးဝင်းမောင်၊ ရပ်/ကျေးဥက္ကဋ္ဌ ဦးအောင်ခိုင်နှင့် ရပ်မိ၊ ရပ်ဖ ဦးစောထွန်းတို့က ရှင်းလင်းတင်ပြကြရာ ခရိုင်ပါတီကော်မတီဝင် ဦးကျော်လင်းက စာကြည့်တိုက် ရေရှည်တည်တံ့ရေးအတွက် ဝိုင်းဝန်းဆောင်ရွက်ကြရန်လိုကြောင်း၊ လူငယ်၊ လူရွယ်များအတွက် ဗဟုသုတရရှိစေမည့် သုတ၊ ရသစာပေများ ထားရှိရန်လိုကြောင်း၊ စာကြည့်တိုက်နှင့် ဝန်းကျင်သန့်ရှင်းသာယာပြီး စာကြည့်တိုက်တစ်ခု၏ ဂုဏ်အင်္ဂါနှင့်လျော်ညီစွာ ဆောင်ရွက်ကြစေလိုကြောင်း မှာကြားခဲ့သည်။



အဆိုပါစာကြည့်တိုက်အား ရပ်ကွက်ပါတီဥက္ကဋ္ဌနှင့် ပါတီဝင်များက စုပေါင်းပြုပြင်လျက်ရှိကြောင်း သိရသည်။

**(အောက်ပုံ)**

**(ဝ၄၁)**

# ပုသိမ်ကြီးမြို့နယ်၌ ကျောက်ချောလမ်းခင်းခြင်း ကွင်းဆင်းကြည့်ရှုစစ်ဆေး

**ပုသိမ်ကြီး အောက်တိုဘာ ၁၀**

သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၊ အမရပူရခရိုင်၊ ပုသိမ်ကြီးမြို့နယ်၊ ၂၀၂၆-၂၀၂၇ဘဏ္ဍာရေးနှစ်၊ တိုင်းဒေသကြီး ငွေလုံးငွေရင်း ရန်ပုံငွေဖြင့် ဆောင်ရွက်သည့် ပုသိမ်ကြီး မြို့မအစမှ ဇီးချိုကုန်း-ညောင်ပင်သာ၊ ဆင်ရွာကြီး ကျေးရွာချင်းဆက်လမ်း (၀/၅)မိုင် ကျောက်ချောလမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအား အောက်တိုဘာ ၉ ရက် မွန်းလွဲ ၃ နာရီက မန္တလေးတိုင်းဒေသကြီး ညွှန်ကြားရေးမှူး(မြို့ပြ) ဦးကျော်ဇေယျာဝင်းနှင့် ခရိုင်လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ) ဦးသိန်းထွန်းဦး၊ မြို့နယ်တာဝန်ရှိသူများ ကွင်းဆင်းကြည့်ရှုစစ်ဆေးကြသည်။

အဆိုပါကွင်းဆင်းကြည့်ရှုရာတွင် မြို့နယ်ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ဦးစီးအရာရှိ (မြို့ပြ) ဒေါ်မိုးခိုင်က လုပ်ငန်းဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြမှုအပေါ် ညွှန်ကြားရေးမှူးက လမ်းအရည်အသွေးပြည့်မီစေရန်နှင့် သတ်မှတ်ကာလအတွင်း လုပ်ငန်းများပြီးစီးနိုင်ရေး မှာကြားသည်။ ထိုသို့ ဆောင်ရွက်ပြီးပါက ကျေးရွာ ခုနစ်ရွာ၊ အိမ်ခြေ ၂၅၉၄၁၊ လူဦးရေ ၁၁၂၀၁ ဦးအား အကျိုးပြုမည်ဖြစ်ကြောင်း သိရသည်။ **(အောက်ပုံ) ရွှေရန်ကင်း**



# နိုင်ငံတကာ အားကစား သတင်းများ

## အဲလက်စ်စကော့ အသင်းတွင်သာ ဆက်ရှိသွားမည်ဟု ဘုန်းမောက်အသင်းအတည်ပြု



**လန်ဒန် အောက်တိုဘာ ၁၀**

ကွင်းလယ်ကစားသမား အဲလက်စ်စကော့ အသင်းမှထွက်ခွာမည်ဆိုသော သတင်းများသည် ကောလာဟလများသာဖြစ်ကြောင်း၊ အသင်းတွင်သာ ဆက်ရှိသွားမည်ဟု ဘုန်းမောက်အသင်းက အတည်ပြု ထုတ်ပြန်ကြေညာခဲ့သည်။

အသက်(၂၃)နှစ်အရွယ်ရှိ ကွင်းလယ်ကစားသမားကို လက်ရှိအချိန်တွင် ရီးရဲလ်မက်ဒရစ်အသင်းအပါအဝင် ဥရောပကလပ် အသင်းများစွာက ခေါ်ယူရန် စိတ်ဝင်စားနေသော်လည်း ၎င်းက ဘုန်းမောက်အသင်းတွင်သာ ဆက်ရှိသွားမည်ဖြစ်သည်။

ကွင်းလယ်ကစားသမား အဲလက်စ်စကော့သည် ဘုန်းမောက်အသင်းနှင့်အတူ ၂၀၂၃-၂၀၂၄ မှ ၂၀၂၆-၂၀၂၇ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၉၅ ပွဲ ကစားပြီး ခုနစ်ဂိုး သွင်းယူကာ ခြေစွမ်းပြထားသည်။

ဘုန်းမောက်အသင်းထုတ်ပြန်ချက်တွင် 'အဲလက်စ်စကော့ အသင်းမှာ ဆက်ရှိသွားမှာပါ။ သူကိုယ်တိုင်ကလည်း အသင်းမှာ ပျော်ရွှင်နေပါတယ်'ဟု ထုတ်ပြန်ခဲ့သည်။ **(အပေါ်ဝဲပုံ)**

**(NGB)**

## မီကယ်လ်ဒမ်စ်ဂါ့ဒ် ခြေကျင်းဝတ်ဒဏ်ရာကြောင့် တစ်လခန့် အနားယူရဖွယ်ရှိ

**လန်ဒန် အောက်တိုဘာ ၁၀**

ဒိန်းမတ်အသင်း ကွင်းလယ်ကစားသမား မီကယ်လ်ဒမ်စ်ဂါ့ဒ်သည် ခြေကျင်းဝတ်ဒဏ်ရာကြောင့် တစ်လခန့် အနားယူရဖွယ်ရှိသည်။

အဆိုပါ ကွင်းလယ်ကစားသမားသည် ယူအီးအက်ဖ်အေနေးရှင်းလိဂ်ပွဲစဉ်အဖြစ် ဒိန်းမတ်အသင်းက ပေါ်တူဂီအသင်းကို လေးဂိုး၊ နှစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့သည့်ပွဲစဉ်တွင် ဒဏ်ရာရရှိခဲ့ခြင်းဖြစ်သည်။ **(ယာပုံ)**

ကွင်းလယ်ကစားသမား မီကယ်လ်ဒမ်စ်ဂါ့ဒ် ဒဏ်ရာပြဿနာနှင့် ရင်ဆိုင်ခဲ့ရခြင်းကြောင့် ဒိန်းမတ်အသင်းအတွက်သာမက ကလပ်အသင်းဖြစ်သည့် ဘုန်းမောက်အသင်းအတွက်လည်း ထိုးနှက်ချက်တစ်ရပ်ဖြစ်လာခဲ့သည်။

အသက်(၂၆)နှစ်အရွယ်ရှိ မီကယ်လ်ဒမ်စ်ဂါ့ဒ်သည် ဒိန်းမတ်အသင်းနှင့်အတူ ၂၀၂၀ မှ ၂၀၂၆ ခုနှစ်အတွင်း နိုင်ငံတကာပွဲပေါင်း ၄၃ ပွဲကစားကာ ၁၀ ဂိုးသွင်းယူပြီး ခြေစွမ်းပြထားသည်။**(NGB)**



## 2026 Kinoshita Group Japan Open တင်းနစ်ပြိုင်ပွဲ အောက်တိုဘာ ၁၉ ရက်တွင် စတင်မည်

**အိုဆာကာ အောက်တိုဘာ ၁၀**

ဂျပန်နိုင်ငံ၊ အိုဆာကာမြို့တွင် ကျင်းပပြုလုပ်မည်ဖြစ်သော အမျိုးသမီးတင်းနစ်ပြိုင်ပွဲဖြစ်သည့် 2026 Kinoshita Group Japan Open တင်းနစ်ပြိုင်ပွဲ လာမည့် အောက်တိုဘာ ၁၉ ရက်တွင် စတင်သွားမည် ဖြစ်သည်။

အဆိုပါ 2026 Kinoshita Group Japan Open တင်းနစ်ပြိုင်ပွဲကို အောက်တိုဘာ ၁၉ ရက်မှ အောက်တိုဘာ ၂၆ ရက်အထိ ရှစ်ရက်ကြာ ကျင်းပသွားမည်ဖြစ်သည်။

2026 Kinoshita Group Japan Open တင်းနစ်ပြိုင်ပွဲသို့ နာမည်ကျော် တင်းနစ်မယ်များစွာ ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်သည်။

Kinoshita Group Japan Open တင်းနစ်ပြိုင်ပွဲ၏ လက်ရှိချန်ပီယံမှာ ကနေဒါတင်းနစ်မယ် Leylah Fernandez ဖြစ်သည်။

**(အောက်ပုံ)(NGB)**



## ဘာန်းဒ်လီနိုကို ခေါ်ယူရန် ဘိုင်ယန်မြူးနစ်အသင်း စိတ်ဝင်စား

**မြူးနစ် အောက်တိုဘာ ၁၀**

ဘွန်ဒက်လီဂါထိပ်သီးကလပ် ဘိုင်ယန်မြူးနစ်အသင်းသည် ဖူလ်ဟမ်အသင်း ဂိုးသမား ဘာန်းဒ်လီနိုကို ခေါ်ယူရန် စိတ်ဝင်စားလျက်ရှိသည်။

အသက်(၃၄)နှစ်အရွယ်ရှိ ဂိုးသမားသည် ဖူလ်ဟမ်အသင်းနှင့်အတူ ၂၀၂၂-၂၀၂၃ မှ ၂၀၂၆-၂၀၂၇ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၁၆၁ပွဲကစားပြီး လက်စွမ်းပြနိုင်ခဲ့ခြင်းကြောင့် ဘိုင်ယန်မြူးနစ်အသင်းက ခေါ်ယူရန် စိတ်ဝင်စားလာခြင်းဖြစ်သည်။




ဂိုးသမား ဘာန်းဒ်လီနိုကိုယ်တိုင်ကလည်း လက်ရှိအချိန် ဖူလ်ဟမ်အသင်းတာဝန်ရှိသူများနှင့် အဆင်မပြေဖြစ်နေခြင်းကြောင့် အသင်းမှ ထွက်ခွာလိုလျက်ရှိကြောင်း သတင်းများက ဖော်ပြခဲ့သည်။

ထို့ကြောင့် ဘိုင်ယန်မြူးနစ်အသင်းအနေဖြင့် ဆောင်းရာသီဈေးကွက်အတွင်းတွင် ဖူလ်ဟမ်အသင်းထံမှ ဘာန်းဒ်လီနိုကို ခေါ်ယူသွားနိုင်မည်လားဆိုသည်မှာ စောင့်ကြည့်ရမည်ဖြစ်သည်။

**(ဝဲပုံ)**

**(NGB)**

### စပိန်လာလီဂါ ဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၈) နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ် | ယမန်နှစ်ရလဒ် |
|---|---|---|
| ၁၁-၁၀-၂၀၂၆ ညနေ ၆:၃၀ နာရီ | အယ်လ်ချီ - ဆဲလ်တာဗီဂို | အယ်လ်ချီ ၂-၁ ဆဲလ်တာဗီဂို<br>ဆဲလ်တာဗီဂို ၃-၁ အယ်လ်ချီ |
| ၁၁-၁၀-၂၀၂၆ ည ၈:၄၅ နာရီ | ဆိုစီဒက် - ဒီပိုတီဗို | ဆိုစီဒက် ၅-၀ ဒီပိုတီဗို<br>ဒီပိုတီဗို ၂-၄ ဆိုစီဒက် |
| ၁၁-၁၀-၂၀၂၆ ည ၁၁:၀၀ နာရီ | ဘက်တစ် - အိုဆာဆူနာ | ဘက်တစ် ၂-၀ အိုဆာဆူနာ<br>အိုဆာဆူနာ ၁-၁ ဘက်တစ် |
| ၁၂-၁၀-၂၀၂၆ နံနက် ၀၁:၃၀ နာရီ | ရေးဆင်း - ဗလင်စီယာ | ရေးဆင်း ၂-၂ ဗလင်စီယာ<br>ဗလင်စီယာ ၄-၃ ရေးဆင်း |

### ပြင်သစ်လီဂူး ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၆) နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ် | ယမန်နှစ်ရလဒ် |
|---|---|---|
| ၁၁-၁၀-၂၀၂၆ ည ၇:၃၀ နာရီ | နိစ် - စထားရာဘော့စ် | နိစ် ၁-၁ စထားရာဘော့စ်<br>စထားရာဘော့စ် ၃-၁ နိစ် |
| ၁၁-၁၀-၂၀၂၆ ည ၉:၄၅ နာရီ | ရင်းနက်စ် - အော်ဇေး | ရင်းနက်စ် ၂-၂ အော်ဇေး<br>အော်ဇေး ၀-၃ ရင်းနက်စ် |
| ၁၂-၁၀-၂၀၂၆ နံနက် ၀၁:၁၅ နာရီ | ထရိုင်းယက်စ် - မာဆေးလ် | ထရိုင်းယက်စ် ၀-၂ မာဆေးလ်<br>မာဆေးလ် ၃-၁ ထရိုင်းယက်စ် |

### အီတလီစီးရီးအေ ဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၆) နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ် | ယမန်နှစ်ရလဒ် |
|---|---|---|
| ၁၁-၁၀-၂၀၂၆ ညနေ ၅:၀၀ နာရီ | ကိုမို - ရိုးမား | ကိုမို ၂-၁ ရိုးမား<br>ရိုးမား ၁-၀ ကိုမို |
| ၁၁-၁၀-၂၀၂၆ ည ၇:၃၀ နာရီ | လာဇီယို - မွန်ဇာ | လာဇီယို ၅-၁ မွန်ဇာ<br>မွန်ဇာ ၀-၁ လာဇီယို |
| ။ | လက်ချီ - ဘိုလော့ဂ်နာ | လက်ချီ ၂-၂ ဘိုလော့ဂ်နာ<br>ဘိုလော့ဂ်နာ ၂-၀ လက်ချီ |
| ၁၁-၁၀-၂၀၂၆ ည ၁၀:၃၀ နာရီ | ဆက်ဆူအိုလို - အေစီမီလန် | ဆက်ဆူအိုလို ၂-၀ အေစီမီလန်<br>အေစီမီလန် ၂-၂ ဆက်ဆူအိုလို |
| ၁၂-၁၀-၂၀၂၆ နံနက် ၀၁:၁၅ နာရီ | ကက်ဂလီယာရီ - ဂျူဗင်တပ် | ကက်ဂလီယာရီ ၁-၀ ဂျူဗင်တပ်<br>ဂျူဗင်တပ် ၂-၁ ကက်ဂလီယာရီ |

### မြန်မာနေရှင်နယ်လိဂ် အမှတ်ပေးဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၃) နိုင်ကမ္ဘာ

| ယှဉ်ပြိုင်ရက် | အချိန် | ပွဲစဉ်/(နောက်ဆုံးငါးပွဲ ရလဒ်) | ယမန်နှစ်ရလဒ် |
|---|---|---|---|
| ၁၁-၁၀-၂၀၂၆ တနင်္ဂနွေနေ့ | ညနေ ၃:၃၀ နာရီ | ဟံသာဝတီ - ရှမ်း | ဟံသာဝတီ ၀-၄ ရှမ်း<br>ရှမ်း ၁-၀ ဟံသာဝတီ |
| ။ | ။ | ရန်ကုန်ယူနိုက်တက်-ရန်ကုန်စီးတီး | ------ |

### အင်္ဂလိပ် ပရီးမီးယားလိဂ် ဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၆) နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ် | ယမန်နှစ်ရလဒ် |
|---|---|---|
| ၁၁-၁၀-၂၀၂၆ ည ၇:၃၀ နာရီ | ပဲလေ့စ် - နော်တင်ဟမ် | ပဲလေ့စ် ၁-၁ နော်တင်ဟမ်<br>နော်တင်ဟမ် ၁-၁ ပဲလေ့စ် |
| ။ | ဟားလ်စီးတီး - အဲဗာတန် | ဟားလ်စီးတီး ၂-၂ အဲဗာတန်<br>အဲဗာတန် ၄-၀ ဟားလ်စီးတီး |
| ၁၁-၁၀-၂၀၂၆ ည ၁၀:၀၀ နာရီ | လီတာပူး - မန်စီးတီး | လီတာပူး ၁-၂ မန်စီးတီး<br>မန်စီးတီး ၃-၀ လီတာပူး |

### ဂျာမန်ဘွန်ဒက်လီဂါ ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၅) နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ် | ယမန်နှစ်ရလဒ် |
|---|---|---|
| ၁၁-၁၀-၂၀၂၆ ည ၈:၀၀ နာရီ | ကိုလုံး - မိုချန်ဂလာဘတ် | ကိုလုံး ၃-၃ မိုချန်ဂလာဘတ်<br>မိုချန်ဂလာဘတ် ၃-၁ ကိုလုံး |
| ၁၁-၁၀-၂၀၂၆ ည ၁၁:၀၀ နာရီ | ဖရိုင်းဘတ် - ဗျော်လ်ဖေး | ဖရိုင်းဘတ် ၄-၀ ဗျော်လ်ဖေး<br>ဗျော်လ်ဖေး ၀-၂ ဖရိုင်းဘတ် |

### အင်္ဂလိပ် ချန်ပီယံရှစ် ဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၉) နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ် | ယမန်နှစ်ရလဒ် |
|---|---|---|
| ၁၁-၁၀-၂၀၂၆ ညနေ ၅:၃၀ နာရီ | ဆောက်သမ်တန် - ပို့စ်မောက် | ဆောက်သမ်တန် ၀-၀ ပို့စ်မောက်<br>ပို့စ်မောက် ၁-၁ ဆောက်သမ်တန် |



# သာသနာ့နွယ်ဝင်များအား UID ကတ်များ ကွင်းဆင်းဆောင်ရွက်

**မတ္တရာ အောက်တိုဘာ ၁၀**

မန္တလေး၊ အောင်မြေသာစံခရိုင်၊ မတ္တရာမြို့နယ်၌ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်သီဟစိုးနှင့် ဝန်ထမ်းများက မြို့ပေါ်ငါးရပ်ကွက်မှ သာသနာ့နွယ်ဝင် (ရဟန်း၊ သာမဏေ၊ သီလရှင်) များအား UID ကတ်များ ကွင်းဆင်းဆောင်ရွက်ခြင်းကို ယမန်နေ့ နံနက်ပိုင်းမှစတင်၍ မတ္တရာမြို့ အောင်မြေသုခဘုန်းတော်ကြီးကျောင်း၌ ဆောင်ရွက်ပေးခဲ့သည်။

အဆိုပါ လုပ်ငန်းဆောင်ရွက်ရာသို့ မတ္တရာမြို့နယ် သံဃနာယကအဖွဲ့ အလုပ်အမှုဆောင် ဆရာတော် ဒေါက်တာ ဘဒ္ဒန္တ ခေမိသာရ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးစိုးမြတ်သူများက သွားရောက်ကြည့်ရှုအားပေးခဲ့ကြသည်။

ထို့နောက် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌမှ UID ကတ်ပြုလုပ်ရန် ကြွရောက်လာသော သံဃာတော်များနှင့် သီလရှင်ဆရာလေးများအား အချိုရည်နှင့် ရေသန့်ဘူးများ ဆက်ကပ်လှူဒါန်းခဲ့သည်။

မတ္တရာမြို့နယ်၌ UIDကတ်ဆောင်ရွက်ရန် သာသနာ့နွယ်ဝင် (ရဟန်း၊ သာမဏေ၊ သီလရှင်) ၇၂၇ ပါးရှိပြီး သတ်မှတ်စုရပ်များတွင် ကွင်းဆင်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းနှင့် သံဃာတော်နှင့် သီလရှင် ၇၃ ပါးအား UID ကတ်များ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**(အပေါ်ဝဲပုံ)**

**ရွှေရာသား**

# မန္တလေးတိုင်းဒေသကြီး ကလေးအလုပ်သမား ပပျောက်ရေးဆိုင်ရာ လုပ်ငန်းကော်မတီ(၈)ရပ်၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ



**မန္တလေး အောက်တိုဘာ ၁၀**

မန္တလေးတိုင်းဒေသကြီး ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာကော်မတီ၊ လုပ်ငန်းကော်မတီ(၈)ရပ်၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို အောက်တိုဘာ ၇ ရက် နံနက် ၉ နာရီခွဲက မန္တလေး၊ ချမ်းအေးသာစံမြို့နယ်ရှိ တိုင်းဒေသကြီး လူမှုဝန်ထမ်းဦးစီးဌာနရုံး အစည်းအဝေးခန်းမတွင် ကျင်းပခဲ့ရာ တိုင်းဒေသကြီး ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ ကော်မတီအတွင်းရေးမှူးနှင့်ကော်မတီဝင်များ၊ လုပ်ငန်းကော်မတီ (၈)ရပ်မှ အတွင်းရေးမှူးများ တက်ရောက်ကြသည်။

ရှေးဦးစွာ တိုင်းဒေသကြီး ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာကော်မတီ အတွင်းရေးမှူး ဒေါ်ငြိမ်းမိုးရွှေက အမှာစကားပြောကြားပြီး လုပ်ငန်းကော်မတီ(၈)ရပ်ဖြစ်သော စာရင်းကောက်ယူရေးလုပ်ငန်းကော်မတီ၊ အသိပညာပေးရေးနှင့်စွမ်းဆောင်ရည်မြှင့်တင်ရေးလုပ်ငန်းကော်မတီ၊ ပညာရေးနှင့်အသက်မွေးဝမ်းကျောင်းပညာလုပ်ငန်းကော်မတီ၊ ဥပဒေရေးရာလုပ်ငန်းကော်မတီ၊ အဆိုးရွားဆုံးပုံစံဖြင့် ခိုင်းစေခြင်းခံရသော ကလေးအလုပ်သမားများ ဖယ်ရှားရေးနှင့်ပြန်လည်ကုစားရေးလုပ်ငန်းကော်မတီ၊ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးရေးလုပ်ငန်းကော်မတီ၊ စောင့်ကြည့်အကဲဖြတ်စိစစ်ရေးလုပ်ငန်းကော်မတီနှင့် ရန်ပုံငွေရှာဖွေရေးနှင့်ဘဏ္ဍာရေးလုပ်ငန်းကော်မတီတို့မှ အတွင်းရေးမှူးများက လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုကို အသီးသီးရှင်းလင်းတင်ပြကြသည်။

ထို့နောက် မန္တလေးတိုင်းဒေသကြီး ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာလုပ်ငန်းကော်မတီအလိုက် တာဝန်ရှိသူများက အထွေထွေညှိနှိုင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

**(အပေါ်ပုံ)**

**(မန္တလေးနေ့စဉ်-၆)**

၀-၀-၀-၀-၀-၀

# သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောပွဲ ကျင်းပ

**မန္တလေး အောက်တိုဘာ ၁၀**



မန္တလေး၊ မဟာအောင်မြေမြို့နယ်၌ သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုအဖွဲ့ အယ်လ်နီညိုသဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောပွဲကို အောက်တိုဘာ ၉ ရက် မွန်းလွဲပိုင်းက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနခန်းမတွင် ကျင်းပခဲ့သည်။

ရှေးဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးသိုက်စိုးထွန်းက သဘာဝဘေးဆိုင်ရာနှင့်ပတ်သက်၍ အပူဒဏ်ကာကွယ်ရေး ဆောင်ရန်အချက်များ၊ အပူဒဏ်ကာကွယ်ရေး ရှောင်ကြဉ်ရန်အချက်များကို တက်ရောက်လာသူများအား ပရိုဂျက်တာဖြင့် ရှင်းလင်းပြောကြားပြီးနောက် တက်ရောက်လာကြသော ဌာနဆိုင်ရာ တာဝန်ရှိသူများက အယ်လ်နီညို အပူဒဏ်ကာကွယ်ရေးနှင့်ပတ်သက်၍ ပူးပေါင်းပါဝင်ဆောင်ရွက်ရေး၊ သက်ဆိုင်ရာရပ်ကွက်အုပ်ချုပ်ရေးမှူးများက ရပ်ကွက်အတွင်း အပူရှောင်စခန်းများ ဖွင့်လှစ်နိုင်ရေးအတွက် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ပူးပေါင်းကာ ဆောင်ရွက်သွားမည့်ကိစ္စရပ်များနှင့် ဘဘာဝဘေးနှင့်ပတ်သက်၍ သိရှိလိုသည်များကိုလည်း တာဝန်ရှိသူများအား မေးမြန်းခဲ့ကြသည်။

အဆိုပါ အသိပညာဟောပြောပွဲသို့ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးသိုက်စိုးထွန်း၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မဟာအောင်မြေမြို့နယ်အတွင်း (၁၈)ရပ်ကွက်ရှိ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် ရာအိမ်မှူးများ၊ ရပ်ကွက်စာရေးများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**(အပေါ်ပုံ)**

**(မန္တလေးနေ့စဉ်-၅)**

# (၄၈)ကြိမ်မြောက် အိမ်တော်ရာ ခြင်းအလှခတ်ပွဲတော် စတင်ကျင်းပ

**မန္တလေး အောက်တိုဘာ ၁၀**

နှစ်စဉ်ကျင်းပမြဲဖြစ်သော ချမ်းအေးသာစံမြို့နယ်၊ သီရိဟေမာအရှေ့ရပ်ကွက်ရှိ မဟာလောကရံသီအိမ်တော်ရာစေတီတော် (၁၇၉) ကြိမ်မြောက် ဗုဒ္ဓပူဇနီယပွဲတော်တွင် (၄၈)ကြိမ်မြောက် အိမ်တော်ရာခြင်းအလှခတ်ပွဲတော် ဖွင့်ပွဲအခမ်းအနားကို အောက်တိုဘာ ၉ ရက် နံနက် ၈ နာရီက အဆိုပါစေတီတော်စနေထောင့်ရှိ ခြင်းအလှခတ်ရုံတွင် ကျင်းပခဲ့သည်။

အဆိုပါအခမ်းအနားတွင် စေတီတော် ဂေါပကအဖွဲ့နာယက သီဟသုဓမ္မဇောတဓရ ဦးချစ်ထွန်း၊ ဥက္ကဋ္ဌ ဦးအောင်နိုင်ဦးနှင့် ခြင်းပွဲတော် ကျင်းပရေးကော်မတီဥက္ကဋ္ဌ ဦးဇော်ငွေး (ဇေစံခြင်းအသင်း)တို့က ခြင်းအလှခတ်ပွဲတော်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ပြီး အထူးပွဲခတ်ကစားမှုကို အားပေးကြည့်ရှု၍ ပွဲစဉ်ဇယားအတိုင်း ခြင်းအသင်းများက ဆက်လက်အလှခတ်ကစားကြသည်။

၄င်းခြင်းအလှခတ်ပွဲကို ယခုလ ၂၆ ရက်အထိ နေ့စဉ် နံနက် ၉ နာရီမှ ည ၇နာရီခွဲအထိ အပျော်တမ်း ခြင်းအသင်းပေါင်း ၃၆၈ သင်းတို့က ပွဲစဉ်ဇယားအတိုင်း အလှည့်ကျ ဧည့်ခံခတ်ကစားသွားမည်ဖြစ်ကြောင်း သိရသည်။

**(အောက်ပုံ)(၀၇၂)**

* - * - * - * - * - *



# သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ထင်းအစား အခြားလောင်စာတိုးမြှင့် အသုံးချရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲကျင်းပ

**မကွေး အောက်တိုဘာ ၁၀**

မကွေးမြို့နယ်၊ ဘုရားပြိုကျေးရွာအုပ်စု၊ ငွေးတောက်စမ်းကျေးရွာတွင် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ထင်းအစား အခြားလောင်စာတိုးမြှင့် အသုံးချရေးဆိုင်ရာအသိပညာပေး ဟောပြောပွဲနှင့် စွမ်းအားမြင့်မီးဖိုများ အခမဲ့ဖြန့်ဝေပေးခြင်းကို ယမန်နေ့ မွန်းလွဲပိုင်းတွင် အဆိုပါကျေးရွာရှိ တောင်ကျောင်း ဘုန်းတော်ကြီးကျောင်းတွင် ကျင်းပသည်။



အခမ်းအနားတွင် မကွေးတိုင်းဒေသကြီး ညွှန်ကြားရေးမှူးက သဘာဝပတ်ဝန်းကျင် ယိုယွင်းပျက်စီးမှု တားဆီးကာကွယ်ရေး၊ သစ်တောပြုန်းတီးမှု လျော့ချရေးနှင့် ထင်းအစား အခြားလောင် စာများကို တိုးမြှင့် အသုံးချရေးဆိုင်ရာ နည်းလမ်းများကို အသိပညာပေးဟောပြောခဲ့ပြီး တက်ရောက်လာသူများအား အသိပညာပေးဗီနိုင်းပိုစတာများဖြင့် အသေးစိတ်ရှင်းလင်း ပြောကြားသည်။

ထို့နောက် တာဝန်ရှိသူ များက ဖိုခုံလောက်မီးဖိုနှင့် စွမ်းအားမြင့်အေဝမ်း မီးဖိုတို့၏ လောင်စာကုန်ကျမှုနှင့် မီးခိုး ထွက်ရှိမှု သက်သာပုံများအား လက်တွေ့နှိုင်းယှဉ်ချက်ပြုတ်ပြသခဲ့ပြီး ငွေးတောက်စမ်းကျေးရွာမှ တက်ရောက်လာသူ ဒေသခံပြည်သူ ၃၂၀ ဦးအတွက် စွမ်းအားမြင့်အေဝမ်းမီးဖိုများကို အခမဲ့ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**(ဝဲပုံ)**

**မောင်ခိုင်မင်း(ပြန်/ဆက်)**

# ဆုတောင်းပြည့်စွယ်တော်မြတ်စေတီတော်တွင် သီတင်းကျွတ်လပြည့်နေ့၌ ဆီမီး ၉,၀၀၀ ထွန်းညှိပူဇော်ပွဲနှင့် မီးပုံးပျံလွှတ်တင်ပွဲ ကျင်းပမည်



**မန္တလေး အောက်တိုဘာ ၁၀**

မန္တလေးတိုင်းဒေသကြီး၊ အမရပူရမြို့နယ်ရှိ ဆုတောင်းပြည့်စွယ်တော်မြတ်စေတီတော်တွင် သီတင်းကျွတ်လပြည့်(အဘိဓမ္မာအခါတော်နေ့)ရောက်တိုင်း စဉ်ဆက်မပြတ် ကျင်းပမြဲဖြစ်သော ဆီမီး ၉,၀၀၀ ထွန်းညှိပူဇော်ပွဲကို ယခုနှစ်တွင်လည်း စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်သည်။

ဆုတောင်းပြည့်စွယ်တော်မြတ်စေတီတော်ကြီးတွင် သီတင်းကျွတ်လပြည့်နေ့၌ ဆီမီး ၉,၀၀၀ ထွန်းညှိပူဇော်ပွဲကို ၂၀၀၉ ခုနှစ်မှစတင်၍ ကျင်းပခဲ့ခြင်းဖြစ်ပြီး၊ ယခုနှစ်တွင် အဆိုပါပွဲတော်နှင့်အတူ အောက်ပါအစီအစဉ်များကိုပါ ထည့်သွင်းကျင်းပသွားမည်ဖြစ်ကြောင်း စေတီတော်၏ ဂေါပကအဖွဲ့ရုံးမှ အဖွဲ့မှူး ဦးသန်းဇော်က ပြောသည်။

ဥပုသ်သီလခံယူဆောက်တည်ပွဲ၊ ဓမ္မစကြာရွတ်ဖတ်ပူဇော်ပွဲ၊ ဆီမီး ၉,၀၀၀ ထွန်းညှိပူဇော်ပွဲနှင့် မီးပုံးပျံလွှတ်တင်ပွဲများကို ၄ ရက်တိုင်တိုင် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း၊ ဆီမီး ၉,၀၀၀ ထွန်းညှိပူဇော်ပွဲကို ဓမ္မစကြာစတင်ရွတ်သည့်အချိန်တွင် အခမ်းအနားမှူးက ဆီမီး ၉,၀၀၀ စတင်ထွန်းညှိပူဇော်ကြောင်း ကြေညာချက်နှင့်အတူ အသင်းအဖွဲ့အချို့နှင့် ပြည်သူများက ဆီမီးထွန်းညှိခြင်း၊ ဓမ္မစကြာဝတ်စုံဖြင့် ရွတ်ဆိုခြင်းများကို တစ်ပြိုင်တည်း ဆောင်ရွက်ကြမည်ဖြစ်သည်။

ဗုဒ္ဓဘာသာဝင်အများစုမှာ သီတင်းကျွတ်လပြည့်နေ့ရောက်လျှင် ဆီမီးများထွန်းညှိပူဇော်လေ့ရှိကြသဖြင့် ယခုကဲ့သို့ စည်ကားသိုက်မြိုက်စွာကျင်းပခြင်းဖြစ်ကာ သီတင်းကျွတ်လပြည့်နေ့သည် ဂေါတမမြတ်စွာဘုရားရှင် တာဝတိံသာနတ်ပြည်သို့ ကြွရောက်ပြီး မယ်တော်ဖြစ်ဖူးသော သန္တုသိတနတ်သားကို ဝါတွင်းသုံးလတိုင်တိုင် အဘိဓမ္မာတရားဟောကြားပြီး လူ့ပြည်သို့ ပြန်လည်ကြွရောက်လာသည့် နေ့ထူးနေ့မြတ်ဖြစ်သည်။

ယခုနှစ် သီတင်းကျွတ်လပြည့်နေ့တွင် ဆုတောင်းပြည့်စွယ်တော်မြတ်စေတီတော်သို့ ရောက်ဖူးပြီးသား ပုဂ္ဂိုလ်များသာမက မရောက်ဖူးသေးသည့် ပြည်သူများအနေဖြင့်လည်း လာရောက်၍ ဆီမီးထွန်းညှိပူဇော်ခြင်းနှင့် မီးပုံးပျံလွှတ်တင်ပွဲများသို့ ကြွရောက်ကြည့်ရှု ကုသိုလ်ယူနိုင်ပါကြောင်း ဖိတ်ခေါ်ထားသည်။

(အပေါ်ဝဲပုံ)ရွှေမန်း



# ပုဒ္ဓဝင်ဇာတ်ကွက်တွေကို တစ်မူကွဲပြားတဲ့ ရေးဟန်နဲ့ ခံစားကြည့်ရှုနိုင်မယ့် "လောက၏အလင်းရောင်" တစ်ကိုယ်တော်ပန်းချီပြပွဲ

**မန္တလေး အောက်တိုဘာ ၁၀**

ပန်းချီဆရာမ လွင်လွင်လှိုင်ရွှေ၏ (၈)ကြိမ်မြောက် တစ်ကိုယ်တော်ပန်းချီပြပွဲဖြစ်သည့် "လောက၏အလင်းရောင်"ပန်းချီပြပွဲကို အောက်တိုဘာ ၉ ရက်မှ ၁၁ ရက်အထိ သီရိပစ္စယာ အနုပညာပြခန်းတွင် ပြသလျက်ရှိသည်။

ပြပွဲတွင် လေးတော်တင်ဟန်၊ တောထွက်ဟန်၊ ပရိနိဗ္ဗာန်ပြုဟန် အစရှိသည့် ဗုဒ္ဓဝင်ဆိုင်ရာအကြောင်းအရာများကို ပုံမှန်မြင်တွေ့နေကျ ရေးဟန်များနှင့်မတူဘဲ တစ်မူကွဲပြားသည့် အနုပညာဟန်ဖြင့် ရေးဆွဲထားသော ပန်းချီကားများကို ကြည့်ရှုခံစားနိုင်မည်ဖြစ်သည်။

ပြသထားသည့် ပန်းချီကားများကို Acrylic on Canvas နည်းပညာဖြင့် ရေးဆွဲထားပြီး လက်ရာတစ်ခုချင်းစီတွင် ဗုဒ္ဓဝင်ဇာတ်ကွက်များကို အရောင်အသွေးစုံလင်စွာဖြင့် ဖော်ကျူးထားသည်။

ပြပွဲသို့ ကိုယ်တိုင်လာရောက်ကြည့်ရှုရန် အဆင်မပြေသူများအတွက်လည်း ပြသထားသည့် ပန်းချီကားများ၏ လက်ရာအသေးစိတ်နှင့် ဈေးနှုန်းများကို https://www.facebook.com/share/p/19Wwnkd76g/အွန်လိုင်းမှတစ်ဆင့် ကြည့်ရှုလေ့လာနိုင်ရန် တင်ဆက်ပေးထားသည်။

ဗုဒ္ဓဝင်အကြောင်းအရာများကို အနုပညာရှုထောင့်အသစ်မှ ခံစားကြည့်ရှုလိုသူများအနေဖြင့် အောက်တိုဘာ ၁၁ ရက်အထိ ကျင်းပမည့် အဆိုပါပန်းချီပြပွဲသို့ သွားရောက်လေ့လာနိုင်ကြောင်း သိရသည်။

(အပေါ်ပုံ) ရွှေမန်း

# ပြင်ဦးလွင် ဓမ္မဓရရှခင်းသာကျောင်းဝန်းကျင် အလှဓာတ်ပုံပြိုင်ပွဲ ပထမဆု ငွေကျပ် သိန်း ၅၀ ချီးမြှင့်မည်

**မန္တလေး အောက်တိုဘာ ၁၀**

ပြင်ဦးလွင်မြို့နယ်၊ ရွှေချောင်းကျေးရွာရှိ ဓမ္မဓရရှခင်းသာကျောင်းဝန်းကျင်၏ သဘာဝအလှတရားများကို မှတ်တမ်းတင်နိုင်ရန် ရည်ရွယ်၍ ဓာတ်ပုံပြိုင်ပွဲတစ်ရပ် ကျင်းပမည်ဖြစ်ပြီး ပထမဆုအဖြစ် ငွေကျပ် သိန်း ၅၀ ချီးမြှင့်မည်ဖြစ်သည်။

အဆိုပါပြိုင်ပွဲကို ဓမ္မဓရရှခင်းသာကျောင်း၊ အထက်မြန်မာပြည်ဓာတ်ပုံအသင်းနှင့် မန္တလေးဓာတ်ပုံအသင်းတို့ ပူးပေါင်းကျင်းပခြင်းဖြစ်ပြီး ဒုတိယဆု ငွေကျပ်သိန်း ၃၀၊ တတိယဆု ငွေကျပ်သိန်း ၂၀ နှင့် နှစ်သိမ့်ဆု ၉ ဆုအတွက် တစ်ဆုလျှင် ငွေကျပ် ၅ သိန်းစီ ချီးမြှင့်မည်ဖြစ်သည်။

ပြိုင်ပွဲဝင်တစ်ဦးလျှင် ၁၂ လက်မ × ၁၈ လက်မ အရွယ် ဓာတ်ပုံ ၄ ပုံအထိ တင်သွင်းယှဉ်ပြိုင်နိုင်ပြီး ဓမ္မဓရရှခင်းသာကျောင်းရှိ မေတ္တာလွင်ပြင်စေတီတော်နှင့် ကျောင်းပတ်ဝန်းကျင်၏ အလှတရားများကို ရှုထောင့်အမျိုးမျိုးမှ ထင်ဟပ်ပေါ်လွင်စေသည့် ဓာတ်ပုံများဖြစ်ရမည်ဖြစ်သည်။

ဓာတ်ပုံများကို DSLR (သို့မဟုတ်)Mirrorless ကင်မရာများဖြင့်သာ ရိုက်ကူးခွင့်ပြုထားပြီး Drone၊ ဖုန်းနှင့် Action Cam များဖြင့် ရိုက်ကူးထားသည့်ပုံများကို လက်ခံမည်မဟုတ်ကြောင်း သိရသည်။ ရိုက်ကူးခွင့်ကာလမှာ ၂၀၂၆ ခုနှစ် အောက်တိုဘာ ၁၂ ရက်မှ နိုဝင်ဘာ ၂၉ ရက်အထိ ဖြစ်သည်။



ပြိုင်ပွဲဝင်ဓာတ်ပုံများကို ၂၀၂၆ ခုနှစ် နိုဝင်ဘာ ၂၉ ရက် နံနက် ၁၀ နာရီမှ ညနေ ၄ နာရီအတွင်း အထက်မြန်မာပြည်ဓာတ်ပုံအသင်းနှင့် မန္တလေးဓာတ်ပုံအသင်းတို့၏ ရုံးခန်းသို့ ပေးပို့ရမည်ဖြစ်ပြီး သတ်မှတ်ရက်တစ်ရက်တည်းသာ လက်ခံမည်ဖြစ်သည်။

ဓာတ်ပုံများကို နိုဝင်ဘာ ၃၀ ရက် နံနက် ၉ နာရီတွင် ဓမ္မဓရရှခင်းသာကျောင်း၌ ရွေးချယ်သွားမည်ဖြစ်သည်။

ပြိုင်ပွဲဝင်များအနေဖြင့် မိမိ ကိုယ်တိုင်ရိုက်ကူးထားသော ဓာတ်ပုံများကိုသာ တင်သွင်းရမည်ဖြစ်ပြီး ယခင်ပြည်တွင်း၊ ပြည်ပပြိုင်ပွဲများတွင် ဆုရရှိထားသည့်ပုံများ၊ စီးပွားရေးကြော်ငြာ၊ မီဒီယာနှင့် ဝက်ဘ်ဆိုက်များတွင် အသုံးပြုပြီးပုံများကို တင်သွင်းခွင့်မပြုထားကြောင်း သိရသည်။

ထို့အပြင် ဓာတ်ပုံအတွင်းရှိ အရာဝတ္ထုများကို ဖယ်ရှားခြင်းနှင့် အလွန်အကျွံပြုပြင်ခြင်းများ မပြုလုပ်ရဘဲ ဆုရရှိသူများသည် မူရင်းဓာတ်ပုံဖိုင်နှင့် ပုံနှိပ်ထားသည့်ဖိုင်တို့ကို ဆုရွေးချယ်ပြီး ၅ ရက်အတွင်း ပြိုင်ပွဲကော်မတီထံ ပေးပို့ရမည်ဖြစ်ကြောင်း သိရသည်။

(ဝဲပုံ)

(မန္တလေးနေ့စဉ်-၆)

* - * - * - * - * - *

# အ.ထ.က(၂၁) တွင် ခွေးရူးပြန်ရောဂါ အသိပညာပေးအစီအစဉ် ပြုလုပ်

**မန္တလေး အောက်တိုဘာ ၁၀**

Let's Save the Strays -Myanmar အဖွဲ့မှ ဦးဆောင်၍ အမှတ်(၂၁) အခြေခံပညာအထက်တန်းကျောင်း၌ အောက်တိုဘာ ၈ ရက် နံနက်ပိုင်းက ခွေးရူးပြန်ရောဂါနှင့်ပတ်သက်သည့် အခြေခံအသိပညာပေးအစီအစဉ်ကို ပြုလုပ်ခဲ့ပြီး အ.ထ.က (၂၁)မှ အလယ်တန်းအဆင့် ကျောင်းသား၊ ကျောင်းသူ ၁၆၀ ဦး တက်ရောက်ခဲ့သည်။

အဆိုပါအစီအစဉ်တွင် ခွေးရူးပြန်ရောဂါ မည်သို့ကူးစက်နိုင်သည်၊ ခွေးရူးပြန်ရောဂါဖြစ်ပွားပါက မည်သို့ကာကွယ်ရမည်နှင့် ခွေးများ၏ ကိုယ်ဟန်အနေအထားနှင့် အပြုအမူများကို နားလည်သိရှိနိုင်ရေးအတွက် အသိပညာပေး ဆွေးနွေးခြင်းနှင့် စစ်ဆေးခြင်းများ ပြုလုပ်ပေးခဲ့သည်။

ဆက်လက်၍ ကျောင်းသား၊ ကျောင်းသူများ ကိုယ်တိုင်ပါဝင်လေ့လာနိုင်စေရန် ခွေးများ၏ ကိုယ်ဟန်အနေအထားများကို နားလည်စေရေးအတွက် ဆောရောင်ခြယ်ခြင်းကဲ့သို့သော လှုပ်ရှားမှုများကိုလည်း ထည့်သွင်းပြုလုပ်ပေးခဲ့သည်။

Let's Save the Strays -Myanmar အဖွဲ့အနေဖြင့် ခွေးရူးပြန်ရောဂါနှင့်ပတ်သက်သည့် အသိပညာများကို ကျောင်းသား၊ ကျောင်းသူများသာမက ပြည်သူလူထုအတွင်းပါ ပိုမိုကျယ်ပြန့်စွာ သိရှိလာစေရန် ကျောင်းများနှင့် လူထုအတွင်း အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပြီး အဖွဲ့ဖွဲ့စည်း၍ လုပ်ငန်းများ ဆောင်ရွက်လာသည်မှာ ကိုးနှစ်ခန့်ရှိပြီ ဖြစ်သည်။ **(ယာပုံ)**

ထို့အပြင် ခွေး၊ ကြောင်များအား ကာကွယ်ဆေးထိုးနှံပေးခြင်း၊ အရေပြားရောဂါနှင့် ကင်ဆာရောဂါများအပါအဝင် ရောဂါဝေဒနာများကို အခမဲ့ကုသပေးခြင်းနှင့် သားဆက်ခြားထိန်းချုပ်ရေးအတွက် ခွေးများအား တစ်လလျှင် တစ်ကြိမ်ခန့် ကောင်ရေ ၂၀၀ မှ ၂၅၀ ကြား သားကြောဖြတ်ပေးခြင်းများကိုလည်း ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ (မန္တလေးနေ့စဉ်-၈)



# ထိန်းသိမ်းစို့လေ ဒြပ်မဲ့အမွေ

**နွေးထွေး(ပုသိမ်ကြီး)**

၂၀၂၆ ခုနှစ်၊ အောက်တိုဘာ ၁၇ ရက်သည် 'အပြည်ပြည်ဆိုင်ရာ ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်များနေ့' ဖြစ်ပါသည်။

ကမ္ဘာ့နိုင်ငံအသီးသီးရှိ လူမျိုးတိုင်းတွင် တန်ဖိုးမဖြတ်နိုင်သည့် သမိုင်းယဉ်ကျေးမှုအမွေအနှစ်များ ကိုယ်စီရှိကြပါသည်။ ယဉ်ကျေးမှုအမွေအနှစ်မှာ နှစ်မျိုးရှိပါသည်။ ထိတွေ့ကိုင်တွယ်နိုင်သည့် ဒြပ်ရှိယဉ်ကျေးမှုအမွေအနှစ် (Tangible Cultural Heritage)နှင့် ထိတွေ့ကိုင်တွယ်မပြုနိုင်သည့် ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်(Intangible Cultural Heritage) ဟူ၍ဖြစ်သည်။

၂၀၀၃ ခုနှစ် 'ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်ထိန်းသိမ်းစောင့်ရှောက်ရေးကွန်ဗင်းရှင်း' အပိုဒ်(၂)တွင် 'ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်' ဆိုသည်မှာ လူမှုအသိုက်အဝန်းများ အုပ်စုများနှင့် အချို့ကိစ္စရပ်များတွင် လူပုဂ္ဂိုလ်တစ်ဦးချင်းစီနှင့်သက်ဆိုင်သော တစ်စိတ်တစ်ဒေသအဖြစ်ပါဝင်နေသည့် ဓလေ့ထုံးစံများ၊ ကိုယ်စားပြုချက်များ၊ ဖော်ပြချက်များ၊ ဗဟုသုတများ၊ စွမ်းဆောင်နိုင်သောစွမ်းရည်သတ္တိများ၊ ၎င်းတို့နှင့်ဆက်နွှယ်သည့် ပစ္စည်းကိရိယာများ၊ အရာဝတ္ထုများ ဖြစ်ကြသည်ဟု အဓိပ္ပာယ်ဖွင့်ဆိုသည်။ ထိုဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်များ ဖြစ်တည်နေခြင်းကလည်း လူမျိုးတစ်မျိုး၊ နိုင်ငံတစ်နိုင်ငံ၏ ဖြစ်တည်မှုသမိုင်းကြောင်းကို ထင်ဟပ်ပေါ်လွင်စေနိုင်ရမည်ဖြစ်သည်။

ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်အဖြစ် သတ်မှတ်ရန် လိုအပ်ချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

* မျိုးဆက်တစ်ခုမှ တစ်ခုသို့ လက်ဆင့်ကမ်းခဲ့ကြခြင်း (Transmission)၊

* လူမှုပတ်ဝန်းကျင်တွင် စဉ်ဆက်မပြတ်သစ်လွင်ဆန်းသစ်၍ ရှင်သန်နေခြင်း(Living Heritage)၊

* သမိုင်းကြောင်းသဘာဝများနှင့်ဆက်စပ်နေခြင်း(Interaction with Nature and History)၊

* စဉ်ဆက်မပြတ်တစ်သမတ်တည်းရှိနေခြင်း(Identity and Continuity)၊

* လူတို့၏ ကွဲပြားခြားနားသော ယဉ်ကျေးမှုနှင့် ဖန်တီးတီထွင်မှုတို့ကို အလေးဂရုပြု၍ မြှင့်တင်ပေးခြင်း(Promote Respect)၊

ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်အဖြစ် သတ်မှတ်နိုင်ရန်အတွက် စံသတ်မှတ်ချက်(Domain) ငါးရပ်ရှိပါသည်။ ယင်းတို့မှာ

၁။ ဘာသာစကားများ၊

၂။ ပါးစပ်ရာဇဝင်နှင့် နှုတ်ပြောအစဉ်အလာဖော်ပြချက်များ၊

၃။ ဖျော်ဖြေတင်ဆက်မှု အနုပညာများ၊

၄။ လူမှုရေးအစဉ်အလာ အလေ့အထများနှင့်ပွဲတော်များ၊ ရိုးရာဓလေ့များ၊

၅။ သဘာဝစကြဝဠာဆိုင်ရာဗဟုသုတနှင့် ရိုးရာအစဉ်အလာ အလေ့အထများ၊ ရိုးရာလက်မှုပညာရပ်များ ဖြစ်သည်။

ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီး(UN)၏ အဖွဲ့ခွဲ ယူနက်စကို (UNESCO)အနေဖြင့် နိုင်ငံအသီးသီးရှိ ဒြပ်မဲ့ယဉ်ကျေးမှုအမွေ



အနှစ်များကို ကာကွယ်ထိန်းသိမ်းစောင့်ရှောက်ရန်အတွက် ကမ္ဘာ့ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်ကော်မတီကို ၂၀၀၃ ခုနှစ်တွင် ဖွဲ့စည်းခဲ့ပါသည်။ မြန်မာနိုင်ငံအနေဖြင့် ၂၀၁၃ ခုနှစ်တွင် ပါဝင်လက်မှတ်ရေးထိုးခဲ့ပါသည်။

၂၀၂၃ ခုနှစ်၊ နိုဝင်ဘာတွင် အနှစ်(၂၀)ပြည့်သောအခါ ယူနက်စကို၏ (၄၂)ကြိမ်မြောက် အထွေထွေညီလာခံဆုံးဖြတ်ချက် အမှတ်(၃၄)ဖြင့် အောက်တိုဘာ ၁၇ ရက်ကို 'အပြည်ပြည်ဆိုင်ရာ ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်များနေ့' ဟု သတ်မှတ်ခဲ့ပါသည်။

'အပြည်ပြည်ဆိုင်ရာ ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်များနေ့' ကျင်းပခြင်းရည်ရွယ်ချက်များမှာ-

* ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်အကြောင်းကို ပြည်သူများ ပိုမိုသိရှိတန်ဖိုးထားမြတ်နိုးရန်အတွက် အသိပညာပေးနှိုးဆော်ရန်

* မိမိတို့ ဘိုးဘွားအမွေအနှစ် ဒြပ်မဲ့ယဉ်ကျေးမှုများကို ထိန်းသိမ်းစောင့်ရှောက်ရန်

* မျိုးဆက်သစ်များထံသို့ စဉ်ဆက်မပြတ် လက်ဆင့်ကမ်းရန် ဖြစ်သည်။

၂၀၂၄ ခုနှစ်၊ အောက်တိုဘာ ၁၇ ရက်တွင် ပထမဆုံးအကြိမ်အဖြစ် အပြည်ပြည်ဆိုင်ရာ ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်များနေ့ကို ကမ္ဘာတစ်ဝန်း၌ ကျင်းပခဲ့ကြပါသည်။ ယူနက်စကို ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းစောင့်ရှောက်ရေး ၂၀၀၃ ကွန်ဗင်းရှင်း (UNESCO 2003 Convention)တွင် ပါဝင်သည့် နိုင်ငံများ၊ အဖွဲ့အစည်းများ တက်ကြွစွာပါဝင်ဆင်နွှဲကြပါသည်။

မြန်မာနိုင်ငံတွင် ၂၀၂၅ ခုနှစ်၊ အောက်တိုဘာ ၁၇ ရက်က ဒုတိယအကြိမ် အပြည်ပြည်ဆိုင်ရာ ဒြပ်မဲ့အမွေအနှစ်နေ့ကို အမျိုးသားပြတိုက်၊ ရန်ကုန်မြို့တွင် ပထမဆုံးအကြိမ် ကျင်းပခဲ့ပါသည်။ ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ် စာရင်းဝင်အဖြစ် သတ်မှတ်နိုင်ရန် မြန်မာနိုင်ငံ၌ အမျိုးအစားပေါင်း ၂၀၀၀ ကျော် ပိုင်ဆိုင်ထားရှိကြောင်း လေ့လာသိရှိရပါသည်။ သီတင်းကျွတ်ပွဲတော်၊ တန်ဆောင်တိုင်ပွဲတော်၊ ကချင်မနောပွဲ၊ ကရင်ဒုံးယိမ်း၊ တောင်ပြုံးနတ်ပွဲ၊ ပခန်းကိုကြီးကျော်ပွဲ၊ မြန်မာ့သနပ်ခါး၊ ချိတ်လုံချည်၊ ရုပ်သေးပညာ၊ ယွန်းပညာ၊ မြန်မာ့ဆိုင်းဝိုင်း စသည်တို့ဖြစ်သည်။

'မြန်မာ့သနပ်ခါး' ယဉ်ကျေးမှုကို မြန်မာနိုင်ငံမှ ယူနက်စကိုသို့ ကမ္ဘာ့အမွေအနှစ် စာရင်းဝင်နိုင်ရန် တင်သွင်းထားရှိခဲ့သည်ကို ၂၀၂၆ ခုနှစ်၊ ဒီဇင်ဘာလတွင် ကျင်းပမည့် (၂၁)ကြိမ်မြောက် ICH(Intangible Cultural Heritage) ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ အစိုးရအချင်းချင်း ကော်မတီအစည်းအဝေး (Session of Intergovermental Committee for Safeguarding of ICH)တွင် ညှိနှိုင်းဆွေးနွေးကြမည်ဟု သိရပါသည်။

မြန်မာ့ရိုးရာနှစ်သစ်ကူး အတာသင်္ကြန်ပွဲတော်သည် ပထမဦးဆုံး မြန်မာနိုင်ငံ၏ ကမ္ဘာ့ဒြပ်မဲ့အမွေအနှစ် စာရင်းဝင်ဖြစ်ခဲ့ပြီးဖြစ်ပါသည်။ သင်္ကြန်ပွဲတော်ကို ပါရာဂွေးနိုင်ငံ၊ အဆွန်စီယွန်မြို့၌ ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာ ၂ ရက်မှ ၇ ရက်အထိ ကျင်းပသည့် (၁၉)ကြိမ်မြောက် ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်ညီလာခံတွင် ဒီဇင်ဘာ ၅ ရက်က တရားဝင်အသိအမှတ်ပြု ဆုံးဖြတ်ခဲ့ပါသည်။

မြန်မာနိုင်ငံ၏ ဒြပ်မဲ့ယဉ်ကျေးမှုစာရင်း ကောက်ယူမှုပုံစံကို အသုံးပြု၍ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ဒြပ်မဲ့ယဉ်ကျေးမှု အမွေအနှစ်စာရင်းနယ်ပယ် ငါးခုအလိုက် စုစုပေါင်း ၂၂၈၉ ခု ကောက်ယူပြီးဖြစ်ပါသည်။ မန္တလေးတိုင်းဒေသကြီးတွင် ပုဂံဒေသရှေးဟောင်းနယ်မြေသည် ယူနက်စကို ဒြပ်ရှိအမွေအနှစ်စာရင်းဝင်ခဲ့သည်။ ရတနာပုံ မန္တလေးမြို့ရှိ 'ကမ္ဘာ့အထူးဆုံးစာအုပ်ကြီး' ဟု ဂုဏ်ပြုခေါ်ဆိုကြသော ကုသိုလ်တော်ဘုရားမှ ပိဋကတ်ကျောက်စာများမှာလည်း ဒြပ်ရှိအမွေအနှစ်အဖြစ် ယူနက်စကိုမှ အသိအမှတ်ပြုခဲ့ပြီးဖြစ်သည်။ မြန်မာနိုင်ငံတွင် 'မန္တလေး' သည် ယဉ်ကျေးမှုမြို့တော်အဖြစ် အထူးထင်ရှားကျော်ကြားပါသည်။ ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ် ဇာတ်သဘင်ပညာ၊ မန်းသင်္ကြန်၊ ဒေါ်သီသနပ်ခါး၊ အရီးတောင်းလက်ဖက်၊ မြန်မာ့ဆိုင်းအကျော်အမော်များစွာရှိသော မြန်မာတို့၏ ယဉ်ကျေးမှုမြို့တော်ကြီးဖြစ်ပါသည်။

ယနေ့ခေတ်တွင် ကမ္ဘာ၌ Multicultural အဖြစ် ယဉ်ကျေးမှုများ ရောနှောဆက်သွယ်ရာတွင် နိုင်ငံအသီးသီးသည် မိမိတို့၏ ကိုယ်ပိုင်ယဉ်ကျေးမှုများအား နည်းလမ်းအမျိုးမျိုးဖြင့် ထိုးဖောက်ဝင်ရောက်နိုင်ရန် လွှမ်းမိုးရန်ကြိုးစားလျက်ရှိကြသည်။ မိမိတို့၏ ယဉ်ကျေးမှုကိုယ်ခံအားနည်းပါးလျှင် ကိုယ်ပိုင်ပုံရိပ်နှင့် အနှစ်သာရရှိသည့် ရိုးရာယဉ်ကျေးမှုများ ပျောက်ကွယ်နိုင်မည့် အန္တရာယ်ရှိပါသည်။

မြန်မာ့ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်များသည် ကမ္ဘာ့ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်စာရင်းတွင် ပါဝင်ခြင်းအားဖြင့် ကမ္ဘာကမြန်မာကို ပိုမိုသိရှိလာနိုင်ခြင်း၊ မျိုးဆက်သစ်များကို လက်ဆင့်ကမ်းအမွေပေးနိုင်ခြင်း၊ ကမ္ဘာ့ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်နှင့်ပတ်သက်သည့် အတွေ့အကြုံနှင့်အခွင့်အလမ်းကောင်းများ ရရှိလာစေခြင်း စသည့် အကျိုးကျေးဇူးများ ရရှိနိုင်မည်ဖြစ်ပါသည်။ ထို့ကြောင့် မြန်မာပြည်သူ၊ ပြည်သားများသည် မိမိတို့ဒေသနှင့် ရိုးရာဓလေ့ထုံးစံများ စသည့် ဒြပ်မဲ့အမွေအနှစ်များကို ထိန်းသိမ်းစောင့်ရှောက်ကြရမည်ဖြစ်ပါကြောင်း လေးစားစွာဖြင့် တိုက်တွန်းရေးသား၍ 'အပြည်ပြည်ဆိုင်ရာ ဒြပ်မဲ့အမွေအနှစ်' နေ့အား ဂုဏ်ပြုအပ်ပါသည်။ ။

**စာကိုး:**
- ဒို့ကျေးရွာဂျာနယ်-၂၀၂၆ ခုနှစ်၊ ဧပြီလ၊ အတွဲ(၂၃)
- ကမ္ဘာ့အမွေအနှစ်ပုဂံ-ခင်သိန်း(ညောင်ဦး)
- မျက်မြင်ကိုယ်တွေ့နှင့် အင်တာနက်

## သီးမွှေးငှက်ပျောပင်များ တစ်ပိုင်တစ်နိုင် စိုက်ပျိုးရောင်းချခြင်းဖြင့် မိသားစုအပိုဝင်ငွေရရှိ

**မိုင်းခုတ် အောက်တိုဘာ ၁၁**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းဆတ်ခရိုင်၊ မိုင်းခုတ်မြို့ရှိ ဒေသခံတိုင်းရင်းသားပြည်သူများသည် စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများကိုသာ အဓိကထားလုပ်ကိုင်လျက်ရှိရာ သီးမွှေးငှက်ပျောပင်များကို တစ်ပိုင်တစ်နိုင် စိုက်ပျိုးရောင်းချခြင်းဖြင့် အခြားသီးနှံများထက် အမြတ်ငွေ ပိုမိုရရှိကြောင်း သီးမွှေးငှက်ပျောပင် စိုက်ပျိုး ရောင်းချသူများထံမှ သိရသည်။

သီးမွှေးငှက်ပျောပင်ကို မိမိမြေအကျယ်အဝန်းပေါ်မူတည်ကာ ပင်ခြားတန်းခြား ၁၀ ပေထား၍ စိုက်ပျိုးနိုင်ကြောင်း၊ စိုစွတ်သော မြေအနေအထားကို ကြိုက်သော်လည်း ရေဝပ်မြေကို မနှစ်သက်ကြောင်း၊ စိုက်ပျိုးစရိတ်အလွန်သက်သာကြောင်း၊ စိုက်ပျိုးပြီး ရှစ်လအကြာတွင် ပင်မကြီးမှ အသီးများ စတင်ရရှိပြီး ခူးဆွတ်ရောင်းချနိုင်ကာ ပင်ပွားအတက်မှ နောက်ထပ် လေးလအကြာတွင် အသီးများ ဆက်သီးလာကြောင်း၊ မြေဩဇာအဖြစ် နွားချေးနှင့် မြေဆွေးကိုသာ အသုံးပြုရ၍ ကုန်ကျစရိတ်အလွန်သက်သာသောကြောင့် မိမိတို့ခြံဝင်း မြေကွက်လပ်တွင် တစ်ပိုင်တစ်နိုင်စိုက်ပျိုးခြင်းဖြင့် မိသားစုအပိုဝင်ငွေရရှိနိုင်မည်ဖြစ်ကြောင်း တစ်ပိုင်တစ်နိုင် သီးမွှေးငှက်ပျောပင် စိုက်ပျိုးရောင်းချသူ ဦးတင်မောင်ဦးက ပြောသည်။

ငှက်ပျောသီး ထွက်ရှိမှုအနေဖြင့် ငှက်ပျောတစ်ခိုင်လျှင် ၁၃ ဖီးခန့်ရရှိပြီး တစ်ဖီးလျှင် အလုံး ၂၂ လုံး၊ ၂၃ လုံးခန့် ပါရှိကြောင်း၊ လက်ရှိတွင် တစ်ဖီးလျှင် ငွေကျပ် ၃၀၀၀ နှုန်းဖြင့် ရောင်းချရကြောင်း၊ စားသုံးသူများ ကြိုက်နှစ်သက်သည့်အတွက် တောင်သူများအနေဖြင့် ပိုမိုစိုက်ပျိုးလာကြကြောင်း သိရသည်။

(ယာပုံ)

မြို့နယ်(ပြန်/ဆက်)



# ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေး ကျင်းပ

**တောင်တွင်းကြီး အောက်တိုဘာ ၁၀**

မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့က ကြီးမှူး၍ ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်တွင် အမြဲမပြတ်လေ့လာသင်ယူရေးစကားဝိုင်း (Never Stop Learning Talk Show)၊ အထက်တန်းအဆင့် ကျပန်းစကားပြောပြိုင်ပွဲ၊ အလယ်တန်းအဆင့် ပန်းချီပြိုင်ပွဲနှင့် မူလတန်းအဆင့် ပုံပြင်ပြောပြိုင်ပွဲများကို ယနေ့နံနက် ၉ နာရီက တောင်တွင်းကြီးမြို့၊ အမှတ်(၄)အခြေခံပညာအထက်တန်းကျောင်း(မိုးထိ)၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်ဇင်ဦးက ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်တွင် ပြိုင်ပွဲများနှင့် အမြဲမပြတ်လေ့လာသင်ယူရေးစကားဝိုင်းများ ထည့်သွင်းကျင်းပရခြင်းဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် အမြဲမပြတ်လေ့လာသင်ယူရေးစကားဝိုင်း (Never Stop Learning Talk Show)ဆွေးနွေးပွဲကျင်းပရာ စာရေးဆရာ နန္ဒာသိန်းဇံ ရေးသားသည့် "ခရောင်းလမ်းကို ဖြတ်ကျော်ခြင်း" စာအုပ်ဖြင့် ကျောင်းသူ လေးဦးက ပါဝင်ဆွေးနွေးခဲ့ပြီး မူလတန်းအဆင့် ပုံပြင်ပြောပြိုင်ပွဲ၊ အထက်တန်းအဆင့် ကျပန်းစကားပြောပြိုင်ပွဲ၊ အလယ်တန်းအဆင့် ပန်းချီပြိုင်ပွဲ၊ မူလတန်းအဆင့် ပုံပြင်ပြောပြိုင်ပွဲ စသည့် ပြိုင်ပွဲများကို အခြေခံပညာကျောင်းအသီးသီးမှ ကျောင်းသား၊ ကျောင်းသူများက ပါဝင်ယှဉ်ပြိုင်ခဲ့ကြရာ ဆုရရှိသူများအား အောက်တိုဘာ ၁၂ ရက်တွင် ဆုများ ချီးမြှင့်သွားမည်ဖြစ်သည်။

အဆိုပါ ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်သို့ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဆရာ၊ ဆရာမများ တက်ရောက်ခဲ့ပြီး ခင်းကျင်းပြသထားသည့် မြို့နယ်ပန်းချီပညာရှင်များနှင့် ဝါသနာရှင်များ၏ ပန်းချီကားချပ်များ၊ ကျောင်းတွင်း သင်ထောက်ကူပြခန်းများ၊ လှပသာယာ ပြည်မြန်မာ ရောင်စုံဓာတ်ပုံပြခန်းများအား ကြည့်ရှုခဲ့ကြကြောင်း သိရသည်။

(အောက်ပုံ)

နောင်နောင်(မိသနိုးမြေ)



# အမှတ်(၂၉)အခြေခံပညာအထက်တန်းကျောင်း၌ အယ်လ်နီညို အပူဒဏ်ကာကွယ်ရေးဆိုင်ရာ အသိပညာပေးဟောပြော

**မန္တလေး အောက်တိုဘာ ၁၀**

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ အမှတ်(၂၉)အခြေခံပညာအထက်တန်းကျောင်း၌ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက ကြီးမှူး၍ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ မြို့နယ်မီးသတ်ဦးစီးဌာနနှင့် မန္တလေးခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ ပူးပေါင်း၍ ယမန်နေ့ မွန်းလွဲ ၁ နာရီက အဆိုပါကျောင်း၌ အယ်လ်နီညို အပူဒဏ်ကာကွယ်ရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲ ကျင်းပခဲ့သည်။

အဆိုပါ ဟောပြောပွဲတွင် ပြည်ကြီးတံခွန်မြို့နယ်၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးထင်လင်းစိုးက အဖွင့်အမှာစကားပြောကြားခဲ့ပြီး မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်နော်မြတ်မိုးဦးနှင့် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်စောလွင်တို့က ကျောင်းသား၊ ကျောင်းသူများအနေဖြင့် အယ်လ်နီညိုအပူလှိုင်းဖြစ်ပေါ်လာသည့်အခါတွင် ဆောင်ရန်၊ ရှောင်ရန် အကြောင်းအရာများ၊ အပူဒဏ်ကြောင့် မစားရမည့် အစားအစာအကြောင်းအရာများ၊ ရိုးရိုးရေကို တစ်နေ့သုံးလီတာ သောက်သုံးရန်၊ နံနက် ၁၀ နာရီမှ ညနေ ၄ နာရီထိ တတ်နိုင်သမျှအပြင် မသွားရန်၊ အပြင်သွားပါက ဦးထုပ်၊ ထီး၊ အင်္ကျီလက်ရှည်တို့ကို ဝတ်ဆင်သွားရန်၊ အပူဒဏ်ကြောင့်ဖြစ်တတ်သော ကျန်းမာရေးအကြောင်းအရာများကို အသိပညာပေးဟောပြောခဲ့သည်။ ထို့နောက် မြို့နယ်မီးသတ်ဦးစီးဌာန မြို့နယ်မီးသတ်ဦးစီးမှူး ဦးကျော်ကျော်ဦးက ကျောင်းသား၊ ကျောင်းသူများ အယ်လ်နီညို အပူဒဏ်ကြောင့် မီးလောင်မီးလန့်မှုများ မဖြစ်ပေါ်စေရေးအတွက် မီးဘေးလုံခြုံရေးအသိပညာပေးဟောပြောခဲ့ရာ အမှတ်(၂၉)အခြေခံပညာအထက်တန်းကျောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်ချိုက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့သည်။

ထို့နောက် တက်ရောက်လာသည့် ကျောင်းသား၊ ကျောင်းသူများထံ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူးနှင့် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ မြို့နယ်မီးသတ်ဦးစီးဌာနတို့က အပူဒဏ်ကာကွယ်ရေးအသိပညာပေးလက်ကမ်းစာစောင်များနှင့် မီးသတိပေးလက်ကမ်းစာစောင်များအား လက်ဝယ်အရောက် ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

ငင်မင်းမောင်(ခရိုင် ပြန်/ဆက်)

* - * - * - *

* - * - * - * - * - *

* - * - * - * - * - *

ဖတ်စရာ၊ မှတ်စရာ
စုံလင်
မြဝတီ

## မြတ်သောဆရာ့ကျေးဇူး

* မြင်းမိုရ်တောင် နှိုင်းယှဉ်ပြုလို့
မညီမှု အစဉ်သာ။
နေ လတို့ အလင်းတန်း
ဆင့်လွှမ်းဝင်းဖြာ။

* နှလုံးသားက စေတနာ
အရင်းတည်ကာ ကြင်ယုယ။
အတတ်ပညာ မချန်လုပ်ပါလို့
ပေးအပ်သင်ပြ။

* ဆရာဟူသည့် ဂုဏ်အနန္တကိုကွယ့်
ဘယ်အရာမျှ ယှဉ်မမီ။
တပည့်များရဲ့ ဘဝအရေး
သင်ပေးညွှန်သည်။

* အနာဂတ်အတွက် သိဉာဏ်ရည်
ထုဆစ်တည် ရှေ့ဆောင်အား။
ပစ္စည်းမယူ ငွေမမက်ပါလို့
ထက်မြက်စိတ်ထား။

* ကမ္ဘာတစ်ဝန်းက တပည့်များတို့
မမေ့ပြား စိတ်မှာအစဉ်။
စိတ်မှာကွယ့် သတိပွေ့
အောက်မေ့စွာပင်။

* ဆရာများ၏ မြတ်ဂုဏ်အင်
ဦးထိပ်တင် ကန်တော့ဖူး။
ပညာသည် အိုသည်မရှိပေမို့
သိမှတ်ကျေးဇူး။ ။

မင်းမြတ်မိုး(မန်းမြေ)




မျက်စိလျှကြ မျက်ကြည်ရ၊ မြတ်သည့်လျှုဒါန။

# စာဖတ်ရှိန်မြှင့်တင်ရေး ကွင်းဆင်းဆောင်ရွက်

**ချောက် အောက်တိုဘာ ၁၀**

မကွေးတိုင်းဒေသကြီး၊ ချောက်ခရိုင်၊ ချောက်မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ စာဖတ်ရှိန်မြှင့်တင်ရေး အသိပညာပေးဟောပြောခြင်းနှင့် ရွေ့လျားယာဉ်ဖြင့် စာအုပ်၊ စာစောင်များဖတ်ရှုငှားရမ်းပေးခြင်းကို ယမန်နေ့ နံနက် ၉ နာရီက အ·ထ·က-၄(အေးစေတီ)ကျောင်း၌ ကျင်းပခဲ့သည်။ အဆိုပါဟောပြောပွဲတွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဝင်းအိမ့်နှက စာရေးဆရာဖေမြင့် ရေးသားသည့် "ဘဝတိုးတက်မှုအတွက် စာဖတ်ခြင်းစာအုပ်၊ စာဖတ်ခြင်း" ခေါင်းစဉ်ဖြင့် စာဖတ်ခြင်းမှရရှိလာမည့် အကျိုးကျေးဇူးများကိုလည်းကောင်း၊ မူးယစ်ဆေးဝါးအန္တရာယ် အကြောင်းသိကောင်းစရာများကို ကျောင်းသား၊ ကျောင်းသူများ သိရှိလိုက်နာစေရန် ရည်ရွယ်၍ ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများက ကျောင်းသား၊ ကျောင်းသူများအား လူကုန်ကူးမှုတားဆီးကာကွယ်ရေး၊ မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေး နံရံကပ်စာစောင်များနှင့် စာအုပ်များ ခင်းကျင်းပြသရာ ကျောင်းသား၊ ကျောင်းသူများက စိတ်ပါဝင်စားစွာ လေ့လာခဲ့ကြပြီး မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

(အောက်ပုံ)

ကျော်မိုး(ပြန်/ဆက်)



**ကြော်ငြာစာ**

မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ ပြည်ကြီးမျက်ရှင်ရပ်ကွက်၊ အကွက်အမှတ်(၈၁၇)၊ ဦးပိုင်အမှတ်(၂၂)၊ ၆၂လမ်း၊ ၃၁လမ်းနှင့် ၃၂လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သော ဦးမြင့်စိုး၊ ဒေါ်တင်ဝင်းတို့(၂)ဦးအနက် ဒေါ်တင်ဝင်းကွယ်လွန်၍ အမွေဆက်ခံစာချုပ်အမှတ်(၁၈၇/၂၀၂၅)ဖြင့် အမွေဆက်ခံခဲ့သော ခင်ပွန်းဖြစ်သူ ဦးမြင့်စိုးထံမှ အရောင်းအဝယ်စာချုပ်အမှတ်(၂၅၅၃/၂၀၂၅)ဖြင့် ဝယ်ယူခဲ့သော ဒေါ်လှမေ(၁/မကန(နိုင်)၀၁၅၁၅၁)၊ ဒေါ်လီလီလှိုင်(ခ)နန်းလီ(၁၃/သပန(နိုင်)၀၀၀၁၈၅)တို့က အမှုတွဲအမှတ်(၂၇၇၉/၂၀၂၆-၂၀၂၇)ဖြင့် အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ။

**ကြော်ငြာစာ**

မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ ပါတ်ကုန်းပျော်ဘွယ်ရပ်ကွက်၊ အကွက်အမှတ်(၇၆၁)၊ ဦးပိုင်အမှတ်(၁၅)၊ ၃၂(A)လမ်း၊ ၆၇လမ်းနှင့် ၆၈လမ်းကြားရှိ ဦးစောလွင် အမည်ပေါက် ဂရန်မြေကွက်အား အမွေဆက်ခံစာချုပ်အမှတ်(၈၈၅/၂၀၂၆)ဖြင့် အမွေဆက်ခံခဲ့သော ဦးမင်းဟန်(၉/မရမ(နိုင်)၀၁၅၃၈၅)၊ ဦးကျော်ငြိမ်း(၉/မရမ(နိုင်)၀၁၅၃၇၈)၊ ဦးအောင်ဝင်းလွင်(၉/မရမ(နိုင်)၀၁၅၃၉၁)၊ ဒေါ်ရွှေယဉ်မိုး(၉/ခအဇ(နိုင်)၀၀၅၄၅၁)၊ ဒေါ်မွန်မွန်ဟန်(၉/မရမ(နိုင်)၀၈၉၇၃၆)တို့က အမှုတွဲအမှတ်(၂၇၆၁/၂၀၂၆-၂၀၂၇)ဖြင့် သက်တမ်းတိုး၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ။

**ကြော်ငြာစာ**

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၁)ရပ်ကွက်၊ အကွက်အမှတ်(တ-၆)၊ ဦးပိုင်အမှတ်(၉၀)၊ ၆၄လမ်းနှင့်၆၅လမ်းကြား၊ ၁၀၃လမ်းနှင့်၁၀၄လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးသိုက်ထွန်း(၉/စကန(နိုင်)၀၀၁၇၉၈)က ဂရန်စာချုပ် တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ။

**ကြော်ငြာစာ**

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ကံသာယာရပ်ကွက်၊ အကွက်အမှတ်(စစ-၂)၊ ဦးပိုင်အမှတ်(၄၉)၊ ၅၉လမ်း၊ ၁၀၅လမ်းနှင့် ၁၀၆လမ်းကြားရှိ ဒေါ်လှလှချစ် အမည်ပေါက်တောဂရန်မြေကွက်အား အမွေဆက်ခံစာချုပ်အမှတ်(၁၆၈၂/၂၀၁၄)ဖြင့် အမွေဆက်ခံခဲ့သူ ဦးညီညီချစ်(၉/မရမ(နိုင်)၀၇၁၅၀၂)၏ (SP ရရှိသူ ဦးဟောင်မေရှင်း(ခ)ဝင်းမြင့်)က တောဂရန်စာချုပ်နှင့်အတူ အမှုတွဲအမှတ်(၂၇၅၇/၂၀၂၆-၂၀၂၇)ဖြင့် တောမှမြို့ပြောင်း၊ သက်တမ်းတိုး၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ။

**ကြော်ငြာစာ**

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်းတုံးရပ်ကွက်၊ အကွက်အမှတ်(ဗဗ-၂)၊ ဦးပိုင်အမှတ်(၆၁)၊ ၄၇လမ်းနှင့်၄၈လမ်းကြား၊ ၁၁၁လမ်းနှင့်၁၁၂လမ်းကြားရှိ ဦးခင်မောင်ဝင်း အမည်ပေါက် တောဂရန်မြေကွက်အား အမွေဆက်ခံစာချုပ်အမှတ်(၄၂၀/၂၀၂၆)ဖြင့် အမွေဆက်ခံခဲ့သော ဇနီးဖြစ်သူ ဒေါ်ခင်စန်းမြင့်(၉/မနမ(နိုင်)၀၆၅၈၉၄)က တောဂရန်စာချုပ်နှင့်အတူ အမှုတွဲအမှတ်(၂၇၆၈/၂၀၂၆-၂၀၂၇)ဖြင့် တောမှမြို့ပြောင်း၊ သက်တမ်းတိုး၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ။

**ကြော်ငြာစာ**

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာရပ်ကွက်၊ အကွက်အမှတ်(မမ-၁၂)၊ ဦးပိုင်အမှတ်(၆၁)၊ ၁၁၇လမ်းနှင့်၁၁၈လမ်းကြား၊ ၄၉လမ်းနှင့်လမ်း၅၀ကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးဝင်းကျော်မြင့်(၁/ဟပန(နိုင်)၀၁၆၁၉၀)၏ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်(၃၆၀၂/၂၀၂၃)ဖြင့် လွှဲအပ်ခြင်းခံရသူ ဦးလွင်မိုးမြင့်(၁/ဟပန(နိုင်)၀၁၆၁၈၉)က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ။

**ကြော်ငြာစာ**

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ အောင်ပင်လယ်ရပ်ကွက်၊ အကွက်အမှတ်(ဆဆ-၆)၊ ဦးပိုင်အမှတ်(၈၉-ခ)၊ ၅၄လမ်း၊ ၁၀၆လမ်းနှင့်၁၀၇လမ်းကြားရှိ တောဂရန်မြေကွက်အမည်ပေါက်သူ ဦးတင်မြင့်ထံမှ အပေးစာချုပ်အမှတ်(၂၈၈၈/၂၀၁၃)ဖြင့် ပေးကမ်းခြင်းကို လက်ခံခဲ့သူ ဒေါ်ကြည်မြင့်(၅/ပလန(နိုင်)၀၈၄၁၉၁)က တောဂရန်စာချုပ်နှင့်အတူ အမှုတွဲအမှတ်(၂၇၈၃/၂၀၂၆-၂၀၂၇)ဖြင့် တောမှမြို့ပြောင်း၊ သက်တမ်းတိုး၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး ၊
မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ။

**ကြော်ငြာစာ**

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ အောင်ပင်လယ်ရပ်ကွက်၊ အကွက်အမှတ်(၁၈)၊ ဦးပိုင်အမှတ်(၃၅)၊ ၅၁လမ်းနှင့်၅၂လမ်းကြား၊ ၁၀၄လမ်းနှင့် ၁၀၅လမ်းကြားရှိ တောဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်လှမင်း(၉/မနတ(နိုင်)၀၇၁၇၃၉)က တောဂရန်စာချုပ်နှင့်အတူ အမှုတွဲအမှတ်(၂၈၀၀/၂၀၂၆-၂၀၂၇)ဖြင့် တောမှမြို့ပြောင်း၊ သက်တမ်းတိုး လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

**ကြော်ငြာစာ**

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဂ)ရပ်ကွက်၊ အကွက်အမှတ်(ဆ-၁၅)၊ ဦးပိုင်အမှတ်(၁၈)ခဲစင်း၊ ၆၅လမ်းနှင့်၆၇လမ်းကြား၊ ၁၁၉လမ်းနှင့်၁၂၀လမ်းကြားရှိ ဦးသိန်းမြင့် အမည်ပေါက် တောဂရန်မြေကွက်အား အမွေဆက်ခံစာချုပ်အမှတ်(၄၁၈၈/၂၀၁၉)ဖြင့် အမွေဆက်ခံခဲ့သော ဇနီးဖြစ်သူ ဒေါ်မြမြ၏ ( SP ရရှိသူ ဒေါ်နီလာ)ထံမှ အရောင်းအဝယ်စာချုပ်အမှတ်(၆၅/၂၀၂၁)ဖြင့် ဝယ်ယူခဲ့သူ ဒေါ်နှင်းထားဝေ၏ (SP ရရှိသူ ဒေါ်နန်းယဉ်ယဉ်အေး)ထံမှ အရောင်းအဝယ်စာချုပ်အမှတ်(၃၇၃၆/၂၀၂၅)ဖြင့် ဝယ်ယူခဲ့သော ဦးသတိုးလှိုင်(၉/မဟာမ(နိုင်)၀၂၂၂၆၂)၊ ဒေါ်လဲ့လဲ့ဝင်းလှိုင်(၉/ခအဇ(နိုင်)၀၁၇၅၄၁)တို့က တောဂရန်စာချုပ်နှင့်အတူ အမှုတွဲအမှတ်(၂၇၅၄/၂၀၂၆-၂၀၂၇)ဖြင့် တောမှမြို့ပြောင်း၊ သက်တမ်းတိုး၊ ဦးပိုင်ခွဲ၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

**ကြော်ငြာစာ**

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဆ)ရပ်ကွက်၊ အကွက်အမှတ်(ခေ-၁၉)၊ ဦးပိုင်အမှတ်(၃)၊ ၆၅လမ်းနှင့်၆၆လမ်းကြား၊ ၁၃၁လမ်းနှင့်၁၃၂လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သော ဦးခင်မောင်တိုး၊ ဦးဇော်လင်း တို့(၂)ဦးအနက် ဦးဇော်လင်းထံမှ စွန့်လွှတ်စာချုပ်အမှတ်(၂၇၉၀/၂၀၁၃)ဖြင့် လက်ခံခဲ့သူ ဦးခင်မောင်တိုးထံမှ အရောင်းအဝယ်စာချုပ်အမှတ်(၁၄၂၂/၂၀၂၆)ဖြင့် ဝယ်ယူခဲ့သူ ဒေါ်ယုံတီ(၅/အတန(နိုင်)၀၃၈၂၇၁)က အမှုတွဲအမှတ်(၂၇၇၂/၂၀၂၆-၂၀၂၇)ဖြင့် သက်တမ်းတိုး၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ။

**ကြော်ငြာစာ**

မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ မင်းတဲအီကင်းရပ်ကွက်၊ အကွက်အမှတ်(၁၁၂)၊ ဦးပိုင်အမှတ်(၅၂-ခ)၊ ၂၁လမ်းနှင့်၂၂လမ်းကြား၊ ၈၉လမ်းနှင့်လမ်း၉၀ကြားရှိ ဒေါ်အေးခင် အမည်ပေါက် ဘိုးဘမြေကွက်အား အမွေဆက်ခံစာချုပ်အမှတ်(၁၂၁၄/၂၀၂၆)ဖြင့် အမွေဆက်ခံခဲ့ကြသည့် ဒေါ်စန်းစန်းအေး(၉/ခအဇ(နိုင်)၀၂၃၄၆၂)၊ ဦးသီဟထွန်း(၉/ခအဇ(နိုင်)၀၂၃၄၆၃)၊ ဒေါ်ခိုင်ခိုင်ထွန်း(၉/အမဇ(နိုင်)၀၅၈၅၁၂)၊ ဒေါ်အေမီထွန်း(၉/အမဇ(နိုင်)၀၅၈၅၁၃)၊ ဒေါ်ဝေဝေထွန်း(၉/အမဇ(နိုင်)၀၇၅၅၂၄)တို့က ဘိုးဘစာအုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

**ကြော်ငြာစာ**

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ကံသာယာရပ်ကွက်၊ အကွက်အမှတ်(ဖ-၂)၊ ဦးပိုင်အမှတ်(၆၉)ခဲစင်းမြောက်ခြမ်း၊ ၅၈လမ်းနှင့်၅၉လမ်းကြား၊ ၁၁၁လမ်းနှင့်၁၁၂လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးခင်မောင်သိန်း(၉/မရမ(နိုင်)၀၁၅၆၅၇)က ဂရန်စာချုပ်တင်ပြ၍ ခဲစင်းပြ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

**ကြော်ငြာစာ**

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ကံသာယာရပ်ကွက်၊ အကွက်အမှတ်(ဂဂ-၃)၊ ဦးပိုင်အမှတ်(၄၁)၊ ၅၇လမ်းနှင့်၅၈လမ်းကြား၊ ၁၀၃လမ်းနှင့်၁၀၄လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ မိဘများဖြစ်သော ဦးသိန်းလွင်(၉/မလန(နိုင်)၀၇၉၅၄၇)၊ ဒေါ်နွယ်နွယ်ဝင်း(၉/မလန(နိုင်)၀၇၉၅၄၂)တို့မှ သမီးများဖြစ်သော ဒေါ်အေးမို့မို့လွင်၊ ဒေါ်လဲ့ရည်လွင်တို့အား ပေးကမ်းမည်ဖြစ်ပါသဖြင့် ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အပေးစာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ။

**ကြော်ငြာစာ**

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဋ)ရပ်ကွက်၊ အကွက်အမှတ်(တတ-၃၂)၊ ဦးပိုင်အမှတ်(၆၀)၊ ၄၄လမ်းနှင့် ၄၅လမ်းကြား၊ ၁၂၃လမ်းနှင့် ၁၂၄လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဒေါ်သင်းပျံ့ကြူ(၁၂/ဗဟန(နိုင်)၀၁၇၅၀၈)က ဂရန်စာချုပ် တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး ၊
မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ။

**ကြော်ငြာစာ**

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ အောင်ပင်လယ်ရပ်ကွက်၊ အကွက်အမှတ်(စစ-၁၃)၊ ဦးပိုင်အမှတ်(၂၃-ခဲစင်း)၊ ၄၆လမ်းနှင့် ၄၇လမ်းကြား၊ ၁၀၅လမ်းနှင့်၁၀၆လမ်းကြားရှိ ဦးပွကြီး၊ ဒေါ်ညိုလှ၊ ဦးခင်မောင်လွင်တို့ အမည်ပေါက် ဂရန်မြေကွက်အား ဦးပွကြီး(၉/ပသက(နိုင်)၀၁၂၁၀၂)၊ ဒေါ်ညိုလှ(၉/ပသက(နိုင်)၀၁၂၁၅၅)တို့၏ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်(၉၁၅၅/၂၀၁၉)ဖြင့်လည်းကောင်း၊ ဦးခင်မောင်လွင်(၁၂/မရက(နိုင်)၀၇၇၀၇၉)၏ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်(၄၇၇၃/၂၀၂၃)ဖြင့်လည်းကောင်း၊ လွှဲအပ်ခြင်းခံရသူ ဦးသန့်ဇင်(၉/ပသက(နိုင်)၀၅၂၆၅၉)က ဂရန်စာချုပ် တင်ပြ၍ ခဲစင်းပြ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

**ကြော်ငြာစာ**

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာရပ်ကွက်၊ အကွက်အမှတ်(ဘဘ-၉)၊ ဦးပိုင်အမှတ်(၇၉)၊ ၄၆လမ်းနှင့် ၄၇လမ်းကြား၊ ၁၁၄လမ်းနှင့် ၁၁၅လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဦးသန်းအောင်(၉/မနတ(နိုင်)၀၂၇၁၇၆)၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၇၁၉၆/၂၀၂၃)ဖြင့် လွှဲအပ်ခြင်းခံရသူ ဦးဝင်းကိုကို(၈/မကန(နိုင်)၀၆၅၂၄၁)က ဂရန်စာချုပ် တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

**ကြော်ငြာစာ**

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာရပ်ကွက်၊ အကွက်အမှတ်(ဘဘ-၉)၊ ဦးပိုင်အမှတ်(၇၈)၊ ၄၆လမ်းနှင့် ၄၇လမ်းကြား၊ ၁၁၄လမ်းနှင့် ၁၁၅လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဒေါ်ခင်မာကြည်(၉/မနတ(နိုင်)၀၈၀၈၉၀)၏ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်(၇၀၄၁/၂၀၂၃)ဖြင့် လွှဲအပ်ခြင်းခံရသူ ဦးဝင်းကိုကို(၈/မကန(နိုင်)၀၆၅၂၄၁)က ဂရန်စာချုပ် တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

**ကြော်ငြာစာ**

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ငွေတော်ကျီကုန်းရပ်ကွက်၊ အကွက်အမှတ်(၁၆)၊ ဦးပိုင်အမှတ်(၂၄-က)၊ ၆၅လမ်းနှင့် ၆၇လမ်းကြား၊ လမ်း၁၂၀နှင့် ပရံတော်ချောင်းလမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဒေါ်တင်မိုးနိုင်(၉/အမဇ(နိုင်)၀၁၈၂၉၉)၊ ဒေါ်ဇင်မိုးနိုင်(၉/အမဇ(နိုင်)၀၁၈၃၀၀)၊ ဒေါ်လွင်မိုးနိုင်(၉/အမဇ(နိုင်)၀၃၁၂၃၄)တို့က ဂရန်စာချုပ် တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

**ကြော်ငြာစာ**

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဈ)ရပ်ကွက်၊ အကွက်အမှတ်(လလ-၆၂)၊ ဦးပိုင်အမှတ်(၇၄)၊ ၅၃လမ်းနှင့် ၅၄လမ်းကြား၊ ၁၄၃လမ်းနှင့် အမှတ်(၆)ရေဆိုးပစ်ချောင်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဒုတိယဗိုလ်မှူးကြီးညွန့်ဝေ(၁၃/ကခန(နိုင်)၀၀၆၀၁၈)က ဂရန်စာချုပ် တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

**ကြော်ငြာစာ**

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဆ)ရပ်ကွက်၊ အကွက်အမှတ်(ခေ-၁၅)၊ ဦးပိုင်အမှတ်(၁၃)၊ ၆၁လမ်းနှင့် ၆၂လမ်းကြား၊ ၁၃၁လမ်းနှင့် ၁၃၂လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဦးရွှေကျီးလိန်(၁၃/လရန(နိုင်)၀၆၉၃၄၉)၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၂၈၀/၂၀၀၈)ဖြင့် လွှဲအပ်ခြင်းခံရသူ ဦးဝင်းမောင်(၁၃/လရန(နိုင်)၁၀၀၉၀၈)က ဂရန်စာချုပ် တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

# ကုန်အမှတ်တံဆိပ် အသိပေးကြေညာခြင်း

မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ ချမ်းအေးသာစံအရှေ့ရပ်ကွက်နေ ဦးအောင်ဆန်းဦး (ဘ)ဦးအီစမန်(ခ)သက်နောင် (၉/မနမ(နိုင်)၁၀၂၀၀၁)၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် သတိပေးကြေညာအပ်ပါသည်။

ကျွန်ုပ်တို့၏မိတ်ဆွေ **ဦးအောင်ဆန်းဦး** သည် ပူးတွဲဖော်ပြပါ **TBS** ကုန်အမှတ်တံဆိပ်ကို တစ်ဦးတည်းမူပိုင်အမှတ်တံဆိပ်အဖြစ် မန္တလေးမြို့တော်စာချုပ်စာတမ်းမှတ်ပုံတင်ဌာနမှူးရုံးတွင် မှတ်ပုံတင်စာချုပ်အမှတ်**(၁၆၇၆/ ၂၀၂၆)**အရ တရားဝင်မှတ်ပုံတင်သွင်းထားရှိခဲ့ပြီး **TBS အမည်ဖြင့် နွားမွေးမြူရေးနှင့် နို့နှင့်နို့ထွက်ပစ္စည်းဖြန့်ချိရေးလုပ်ငန်း** လုပ်ကိုင်လျက်ရှိရာ အများပြည်သူများ တစ်ခဲနက်အားပေးအသုံးပြုလျက်ရှိပါသည်။

သို့ဖြစ်ပါ၍ ဖော်ပြပါ **TBS** အမှတ်တံဆိပ်ဖြင့် **နွားမွေးမြူရေးနှင့် နို့နှင့်နို့ထွက်ပစ္စည်းဖြန့်ချိရေး**လုပ်ငန်းသည် **ဦးအောင်ဆန်းဦး** ၏ တစ်ဦးတည်းမူပိုင်အဖြစ် အသုံးပြုလျက်ရှိသည့် အမှတ်တံဆိပ် အမည်အမှတ်အသားဖြစ်ပါကြောင်း၊ အခြားမည်သူ တစ်ဦးတစ်ယောက်ကမျှ အဆိုပါအမှတ်တံဆိပ်တစ်ခုလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ၊ ဆင်တူယိုးမှားဖြစ်စေ၊ တုပပြုလုပ်ခြင်းတို့ကို မပြုလုပ်ကြပါရန်နှင့် ပြုလုပ်ပါက **ဦးအောင်ဆန်းဦး**၏ လုပ်ငန်းအကျိုးစီးပွားနှင့် စပ်လျဉ်း၍ ထိခိုက်နစ်နာ ဆုံးရှုံးမှုအရပ်ရပ်အတွက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ တည်ဆဲဥပဒေများနှင့်အညီ တရားစွဲဆိုအရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**

**ဦးလှဘုန်း (LL.B)**

**တရားလွှတ်တော်ရှေ့နေ**

| ဦးရဲဝင်း | ဦးပြည့်ကိုကို | ဒေါ်မြင့်မြင့်အေး | ဒေါ်ချောစု | ဦးဝင်းမောင် |
|---|---|---|---|---|
| (LL.B) | (LL.B) | (LL.M) | (LL.B) | (LL.B) |
| အထက်တန်းရှေ့နေ | တရားလွှတ်တော်ရှေ့နေ | တရားလွှတ်တော်ရှေ့နေ | အထက်တန်းရှေ့နေ | တရားလွှတ်တော်ရှေ့နေ |

**အမှတ်(အေ–၁)၊ ၆၇လမ်း၊ ၃၁–အေလမ်းနှင့် ၃၂လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။**

**ဖုန်း ၀၉–၂၀၃၇၈၆၇၊ ၀၉–၇၆၂၀၃၇၈၆၇၊ ၀၉–၇၉၂၀၃၇၈၆၇၊ ၀၉–၄၀၂၀၃၇၈၆၇**

# အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ အကွက်အမှတ်(၂၆၇)၊ ပုဏ္ဏားစု၊ ပြည်ကြီးပျော်ဘွယ်အနောက်ရပ်ကွက်နေ ဒေါ်ခင်စန်းမြင့် (ဘ)ဦးစံလှ(၉/မနတ(နိုင်)၀၅၂၄၈၅)ကိုင်ဆောင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် အောက်ပါအတိုင်း ကြေညာအပ်ပါသည်။

ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ခင်စန်းမြင့်သည် **'ပုစွန်တံဆိပ်'**(ပထမတန်း ပဲစိမ်းငုံလုံး/ခြမ်း)ကုန်အမှတ်တံဆိပ်အမည်ဖြင့် လုပ်ငန်းကို မန္တလေးမြို့၊ စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် ကုန်အမှတ်တံဆိပ် မှတ်ပုံတင်အမှတ်–၃၈၁၅/၂၀၂၅ ဖြင့် တရားဝင်မှတ်ပုံတင်ပြီး မြန်မာနိုင်ငံအရပ်ရပ်သို့ကောင်းသောအမည်သတင်းဖြင့် ဖြန့်ဖြူးရောင်းချလျက်ရှိရာ ပြည်သူအများက တစ်ခဲနက်အားပေးလျက်ရှိသော လုပ်ငန်းတစ်ခုဖြစ်ပါသည်။ အဆိုပါ **'ပုစွန်တံဆိပ်'**(ပထမတန်း ပဲစိမ်းငုံလုံး/ခြမ်း)လုပ်ငန်းမှာ ဒေါ်ခင်စန်းမြင့်၏ သားသမီး၊ ဆွေမျိုးများနှင့် အခြားမည်သူတစ်ဦးတစ်ယောက်နှင့်မျှ သက်ဆိုင်ခြင်းမရှိပါကြောင်းနှင့် ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ခင်စန်းမြင့် တစ်ဦးတည်းကသာ စီမံခန့်ခွဲခွင့်ရှိသော ကုန်အမှတ်တံဆိပ် တင်သွင်းထားသည့် လုပ်ငန်းသာဖြစ်ပါသည်။

**'ပုစွန်တံဆိပ်'**အမည်ဖြင့် (ပထမတန်း ပဲစိမ်းငုံလုံး/ခြမ်း)ရောင်းဝယ်ရေးလုပ်ငန်းကို ဒေါ်ခင်စန်းမြင့်၏ ခွင့်ပြုချက်မရရှိဘဲ မည်သူတစ်ဦးတစ်ယောက်ကိုမျှ လုပ်ကိုင်ခွင့်ပေးအပ်ထားခြင်းမရှိပါ။ **'ပုစွန်တံဆိပ်'**အမည်ဖြင့် (ပထမတန်း ပဲစိမ်းငုံလုံး/ခြမ်း)ရောင်းဝယ်ရေးလုပ်ငန်းကို ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ခင်စန်းမြင့်၏ ခွင့်ပြုချက်မရရှိဘဲ **'ပုစွန်တံဆိပ်'**အမည်ဖြင့် (ပထမတန်း ပဲစိမ်းငုံလုံး/ခြမ်း)ရောင်းဝယ်ရေးလုပ်ငန်းကို မည်သူမျှ လုပ်ကိုင်ဆောင်ရွက်ရောင်းဝယ်ဖြန့်ဖြူးခွင့် မရှိပါကြောင်းနှင့် **'ပုစွန်တံဆိပ်'** အမည်ဖြင့် (ပထမတန်း ပဲစိမ်းငုံလုံး/ခြမ်း)ရောင်းဝယ်ရေးလုပ်ငန်း၏ လုပ်ငန်းအမှတ်တံဆိပ်ကို အထင်အရှားဖြစ်စေ၊ တစ်စိတ်တစ်ဒေသဖြစ်စေ တုပ၍ ရောင်းချခြင်း၊ ဖြန့်ဖြူးခြင်းများ ပြုလုပ်ပါက တည်ဆဲဥပဒေများနှင့်အညီ တရားစွဲဆိုအရေးယူသွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ခင်စန်းမြင့်၏ လွှဲအပ်ချက်အရ –**

**ဦးနေလင်းစိုး(LL.B) ၊ ဦးနေလင်းထွန်း(LL.B)**

**တရားလွှတ်တော်ရှေ့နေများ**

**အကွက်(၃၇၅)၊ သံ/နောက်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့။**

# အများသိစေရန် ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ အမရပူရခရိုင်၊ အမရပူရမြို့နယ်၊ အကွက်အမှတ်(၆၀၂)၊ ဈေးချိုရပ်ကွက်၊ အရှေ့လားသော်-ဒေါ်အေးသန်း၏ မြေအစပ်၊ အနောက်လားသော်-ဒေါ်အိချော၏မြေအစပ်၊ တောင်လားသော်-လမ်းမြေအစပ်၊ မြောက်လားသော်-ဦးကျော်ဌေး၏ မြေအစပ် စသည့် နယ်(၄)ရပ်အတွင်း တည်ရှိသော အရှေ့မှအနောက် ပေ(၂၀)၊ တောင်မှမြောက် ပေ(၃၀)အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော (၁)ထပ်အိမ် တစ်လုံး အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အရောင်းအဝယ်အရပ်ကတိစာချုပ်ဖြင့်ဝယ်ယူ၍ လက်ရှိလက်ရောက် ပိုင်ဆိုင်ထားပြီး ပြန်လည်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုသူများဖြစ်ကြသည့် (၁)ဦးခင်မောင်လတ် (ဘ)ဦးလေးမောင် (၁၂/မရတ(နိုင်) ၀၆၇၁၈၇)၊ (၂)ဒေါ်ခတ်လွင် (ဘ)ဦးစံလွင်(၉/ကဆန(နိုင်)၂၀၀၇၁၆)တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန် သဘောတူညီပြီးဖြစ်၍ ရောင်းကြေးတန်ဖိုး၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီး ဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုစာချုပ်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်ထံသို့ တင်ပြ၍ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ–**

**ဦးရဲသူရ (LL.B)**

**တရားလွှတ်တော်ရှေ့နေ**

**ငယ်တိုးရပ်ကွက်၊ အမရပူရမြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉–၄၀၁၆၆၀၅၆၀၊ ၀၉–၉၆၉၁၇၈၆၇၉**

# မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ်
## (လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှုဌာန) သင်တန်းလျှောက်လွှာများခေါ်ယူခြင်း

| | | |
|---|---|---|
| ၁ | သင်တန်းအမည် | **Diploma in English Course No.78 (Basic Level)(Weekends)** |
| | ပညာအရည်အချင်း | တက္ကသိုလ်ဝင်တန်းစာမေးပွဲအောင်မြင်ပြီးသူ ဖြစ်ရမည်။ |
| | ပုံစံစရန်နှင့်ဝင်ခွင့်စာမေးပွဲ ကြေးပေးသွင်းရမည့်ရက် | (၂-၁၁-၂၀၂၆)ရက်မှ (၂၀-၁၁-၂၀၂၆)ရက်အထိ |
| | ဝင်ခွင့်စာမေးပွဲ ဖြေဆိုရမည့်ရက် | ၂၈-၁၁-၂၀၂၆ ရက် (စနေနေ့) နံနက် (၉:၀၀ မှ ၁၁:၀၀)နာရီထိ ဝင်ခွင့်ဖြေဆိုရမည်။ |
| | သင်တန်းစတင်မည့်ရက် | (၁၆-၁-၂၀၂၇) စနေနေ့ နံနက် (၉:၀၀ မှ ၁၂:၀၀)နာရီထိ |
| ၂ | သင်တန်းအမည် | **Diploma in English Course No.79 (Basic Level)(Weekends)** |
| | ပညာအရည်အချင်း | တက္ကသိုလ်ဝင်တန်းစာမေးပွဲအောင်မြင်ပြီးသူ ဖြစ်ရမည်။ |
| | ပုံစံစရန်နှင့်ဝင်ခွင့်စာမေးပွဲ ကြေးပေးသွင်းရမည့်ရက် | (၂-၁၁-၂၀၂၆)ရက်မှ (၂၀-၁၁-၂၀၂၆)ရက်အထိ |
| | ဝင်ခွင့်စာမေးပွဲ ဖြေဆိုရမည့်ရက် | ၂၈-၁၁-၂၀၂၆ ရက် (စနေနေ့) မွန်းလွဲ (၁:၀၀ မှ ၃:၀၀)နာရီထိ ဝင်ခွင့်ဖြေဆိုရမည်။ |
| | သင်တန်းစတင်မည့်ရက် | (၁၆-၁-၂၀၂၇) စနေနေ့ မွန်းလွဲ (၁:၀၀ မှ ၄:၀၀)နာရီထိ |
| ၃ | သင်တန်းအမည် | **Postgraduate Diploma in English Course No.69(Basic Level) (Weekends)** |
| | ပညာအရည်အချင်း | တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ဒီဂရီရပြီးသူ ဖြစ်ရမည်။ |
| | ပုံစံစရန်နှင့်ဝင်ခွင့်စာမေးပွဲ ကြေးပေးသွင်းရမည့်ရက် | (၂-၁၁-၂၀၂၆)ရက်မှ (၂၀-၁၁-၂၀၂၆)ရက်အထိ |
| | ဝင်ခွင့်စာမေးပွဲ ဖြေဆိုရမည့်ရက် | ၂၈-၁၁-၂၀၂၆ ရက် (စနေနေ့) မွန်းလွဲ (၁:၀၀ မှ ၃:၀၀)နာရီထိ ဝင်ခွင့်ဖြေဆိုရမည်။ |
| | သင်တန်းစတင်မည့်ရက် | (၁၆-၁-၂၀၂၇) စနေနေ့ မွန်းလွဲ (၁:၀၀ မှ ၄:၀၀)နာရီထိ |
| ၄ | သင်တန်းအမည် | **ကွန်ပျူတာသင်တန်းအခြေခံအမှတ်စဉ်(၁၂၄)(Weekends)** |
| | ပညာအရည်အချင်း | တက္ကသိုလ်ဝင်တန်းစာမေးပွဲအောင်မြင်ပြီးသူ ဖြစ်ရမည်။ |
| | သင်တန်းစတင်မည့်ရက် | (၁၆-၁-၂၀၂၇) စနေ၊ တနင်္ဂနွေ နံနက်(၉:၀၀ မှ ၁၂:၀၀)နာရီထိ |
| ၅ | သင်တန်းအမည် | **ကွန်ပျူတာ Advanced Excel သင်တန်းအခြေခံအမှတ်စဉ်(၁၆)(Weekends)** |
| | ပညာအရည်အချင်း | တက္ကသိုလ်ဝင်တန်းစာမေးပွဲအောင်မြင်ပြီး Basic Computer သင်တန်းဆင်းလက်မှတ်ရရှိပြီးသူ ဖြစ်ရမည်။ |
| | သင်တန်းစတင်မည့်ရက် | (၁၆-၁-၂၀၂၇) စနေ၊ တနင်္ဂနွေနေ့ နံနက်(၉:၀၀ မှ ၁၂:၀၀)နာရီထိ |
| ၆ | သင်တန်းအမည် | **ကွန်ပျူတာသင်တန်း အဆင့်မြင့်အမှတ်စဉ်(၁၀၉)(Weekends)** |
| | ပညာအရည်အချင်း | တက္ကသိုလ်ဝင်တန်းစာမေးပွဲအောင်မြင်ပြီး Basic Computer သင်တန်းဆင်းလက်မှတ်ရရှိပြီးသူ ဖြစ်ရမည်။ |
| | သင်တန်းစတင်မည့်ရက် | (၁၆-၁-၂၀၂၇) စနေ၊ တနင်္ဂနွေ နံနက်(၉:၀၀ မှ ၁၂:၀၀)နာရီထိ |
| ၇ | သင်တန်းအမည် | **English Language Proficiency Course No.55 (Weekends)** |
| | ပညာအရည်အချင်း | တက္ကသိုလ်ဝင်တန်းစာမေးပွဲအောင်မြင်ပြီးသူ ဖြစ်ရမည်။ |
| | သင်တန်းစတင်မည့်ရက် | (၁၆-၁-၂၀၂၇)စနေ၊ တနင်္ဂနွေ နံနက်(၉:၀၀ မှ ၁၂:၀၀)နာရီထိ |
| ၈ | သင်တန်းအမည် | **တရုတ်၊ ပြင်သစ်၊ ဂျာမန်၊ ကိုရီးယားနှင့် ရုရှားဘာသာစကားကျွမ်းကျင်မှုသင်တန်း Basic Level-I, No.70 (Weekends)** |
| | ပညာအရည်အချင်း | တက္ကသိုလ်ဝင်တန်းစာမေးပွဲအောင်မြင်ပြီးသူ ဖြစ်ရမည်။ |
| | သင်တန်းစတင်မည့်ရက် | (၁၆-၁-၂၀၂၇) စနေ၊ တနင်္ဂနွေနေ့ နံနက်(၉:၀၀ မှ ၁၂:၀၀)နာရီထိ |
| ၉ | သင်တန်းအမည် | **Basic Course for Phonetics and Phonology, No.8 (Weekends)** |
| | ပညာအရည်အချင်း | တက္ကသိုလ်ဝင်တန်းစာမေးပွဲအောင်မြင်ပြီးသူ ဖြစ်ရမည်။ |
| | သင်တန်းစတင်မည့်ရက် | (၁၆-၁-၂၀၂၇)စနေ၊ တနင်္ဂနွေ နံနက် (၉:၀၀ မှ ၁၂:၀၀)နာရီထိ |

**Postgraduate Diploma in English Course & Diploma in English Course** သင်တန်းများအတွက် ဝင်ခွင့်လျှောက်လွှာများကို (၂-၁၁-၂၀၂၆)ရက်မှ (၂၀-၁၁-၂၀၂၆)ရက်အထိလည်းကောင်း၊ **English Language Proficiency Course** ၊ ကွန်ပျူတာသင်တန်းများ၊ ဘာသာစကားကျွမ်းကျင်မှုသင်တန်းများနှင့် **Basic Course for Phonetics and Phonology** သင်တန်းများအတွက် လျှောက်လွှာများကို (၂-၁၁-၂၀၂၆)ရက်မှ (၁၃-၁-၂၀၂၇)ရက်အထိလည်းကောင်း ရုံးချိန်အတွင်း လာရောက်လျှောက်ထားရမည်ဖြစ်သည်။ (ပညာအရည်အချင်းအတွက် အောင်လက်မှတ်(သို့)ဘွဲ့ရလက်မှတ်မိတ္တူကို မူရင်းနှင့်အတူ ပူးတွဲတင်ပြရမည်ဖြစ်ပြီး ပတ်စပို့အရွယ် ရောင်စုံဓာတ်ပုံ(၄)ပုံ ယူဆောင်လာရမည်ဖြစ်သည်။) တီရှပ်(သို့)စပို့ရှပ်ဖြင့် ရိုက်ကူးထားသော ဓာတ်ပုံများကို လုံးဝ(လုံးဝ) လက်ခံမည် မဟုတ်ပါ။

စုံစမ်းမေးမြန်းရန် - **CHRD** ရုံးခန်း, ၀၉-၃၃၀၃၉၉၇၇

**အေးအေးသန့်**

**အတွင်းရေးမှူး**

**လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှုဌာန**

**မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ်**

❖ နိုင်ငံတော် ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့။

❖ နိုင်ငံတော် ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော် သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။



## Myawady FC ကို အနိုင်ယူပြီး ဒုတိယနေရာသို့ တက်လှမ်းလာသည့် ချန်ပီယံဟောင်း Yadanarbon FC

**ရန်ကုန် အောက်တိုဘာ ၁၀**

Grand Royal M League 2026-27 Week(3) ပွဲစဉ်အဖြစ် ယနေ့မွန်းလွဲ ၃ နာရီခွဲတွင် သန်လျင်မြို့ရှိ သီဟဒီပ အားကစားကွင်း၌ ကျင်းပသော Myawady FC နှင့် Yadanarbon FC ပွဲတွင် မန္တလေးတိုင်းဒေသကြီး ကိုယ်စားပြုအသင်းက နှစ်ဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

ပွဲစဉ်(၂)တွင် Yangon City FC နှင့် သရေကျခဲ့သော Yadanarbon FC သည် အနိုင်ရရှိရေးအတွက် သေချာပြင်ဆင်ခဲ့ပြီး အမှားအယွင်းနည်းအောင် ကစားနိုင်ခဲ့သည်။

အထူးသဖြင့် ကွင်းလယ်ပိုင်း အသာစီးရယူကာ အပေးအယူ အချိတ်အဆက်မှန်မှန်ဖြင့် ကစားနိုင်ခဲ့သည်။

ပထမပိုင်း ၂၂ မိနစ်တွင် မိုးဆွေကန်သွင်းသောဘောလုံး ဂိုးဘားတန်းထိကာ ပြန်ထွက်လာသည်ကို အသင်းခေါင်းဆောင် Suan Lam Mang က အပြင်းကန်သွင်းပြီး Yadanarbon FC အတွက် ဦးဆောင်ဂိုး သွင်းယူပေးခဲ့သည်။

Myawady FC က ချေပဂိုးရရှိရန်အတွက် တောင်ပံ နှစ်ဖက်မှ ထိုးဖောက်မှုများဖြင့် ကြိုးစားခဲ့သော်လည်း Yadanarbon FC က ပိတ်ဆို့ကစားနိုင်သောကြောင့် အချည်းနှီးဖြစ်ခဲ့ရသည်။

Yadanarbon FC အတွက် အနိုင်သေချာစေမည့် ဒုတိယဂိုးကို ပွဲချိန် ၈၂ မိနစ်တွင် Myawady FC နောက်ခံလူ ဆန်းဝင်းကျော် လက်ဖြင့်ထိ၍ ရရှိလာသော ပင်နယ်တီမှတစ်ဆင့် Suan Lam Mang က အမှားအယွင်းမရှိကန်ကာ သွင်းယူခဲ့ခြင်းဖြစ်သည်။

Yadanarbon FC သည် သုံးပွဲကစားအပြီး နှစ်ပွဲနိုင်၊ တစ်ပွဲသရေ ရမှတ် ခုနစ်မှတ်ဖြင့် Dagon Star United FC နှင့် ရမှတ်တူသော်လည်း ဂိုးကွာခြားချက်အရ ဒုတိယနေရာတွင် ရပ်တည်လျက်ရှိသည်။

**(NGB)**

၀-၀-၀-၀

၀-၀-၀-၀-၀

## တပ်မတော် (ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲများ ဆက်လက်ယှဉ်ပြိုင်ကစား ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) စခန်းမှူးရုံး ကိုယ်စားပြုအသင်း ဗိုလ်လုပွဲတက်ရောက်

နေပြည်တော် အောက်တိုဘာ ၁၀

တပ်မတော် (ကြည်း၊ ရေ၊ လေ) အားကစား ပြိုင်ပွဲများကို လက်ရွေးစင် အားကစားသမားများမှတစ်ဆင့် နိုင်ငံ့ဂုဏ်ကို ဆောင်နိုင်သည့် မြန်မာ့လက်ရွေးစင် အားကစားသမားများအဖြစ် တက်လှမ်းနိုင်စေရန်နှင့် မျိုးဆက်သစ်လူငယ် အားကစားသမားကောင်းများ စဉ်ဆက်မပြတ် ပေါ်ထွန်းလာစေရန် ရည်ရွယ်၍ ကျင်းပလျက်ရှိရာ ၂၀၂၆ ခုနှစ် တပ်မတော် (ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲများကို

စာမျက်နှာ ၉ သို့ ❁



## ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့် တရားမဝင် ၆ ထပ် အဆောက်အအုံ ၁ လုံးအား စနစ်တကျထပ်မံဖြိုချဖျက်ဆီး

**နေပြည်တော် အောက်တိုဘာ ၁၀**

နိုင်ငံတော် အစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလောင်းကစားမှု တိုက်ဖျက်ရေး လုပ်ငန်းစဉ်များကို အမျိုးသားရေး တာဝန်တစ်ရပ်အနေဖြင့် အလေးထား ဆောင်ရွက်လျက်ရှိရာ အွန်လိုင်းလိမ်လည်လောင်းကစားမှုများ အများဆုံးလုပ်ကိုင်ခဲ့သည့် ရွှေကုက္ကိုလ် နယ်မြေအတွင်းရှိ တရားမဝင် အဆောက်အအုံများ၌ အွန်လိုင်းလိမ်လည် လောင်းကစားမှုများ ထပ်မံလုပ်ကိုင်နိုင်ခြင်း မရှိစေရန် အဆိုပါ အဆောက်အအုံများအား အပြီးတိုင် ဖြိုချဖျက်ဆီးခြင်းများကို စနစ်တကျ ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှုများ လုပ်ကိုင်ခဲ့သည့် ဖြိုချဖျက်ဆီးရန်ကျန် တရားမဝင် အဆောက်အအုံ ၆၃ လုံးအနက် ယနေ့တွင် ၆ ထပ် အဆောက်အအုံ ၁ လုံးအားယမ်းဖြင့် ထပ်မံဖောက်ခွဲ၍ စနစ်တကျ ဖြိုချဖျက်ဆီးနိုင်ခဲ့ပြီး ဖျက်ဆီးရန် ကျန်ရှိသည့် အဆောက်အအုံ ၆၁ လုံးကိုလည်း ဆက်လက်၍ စနစ်တကျ ဆက်လက်ဖြိုချဖျက်ဆီး သွားမည်ဖြစ်ကြောင်း သိရှိရသည်။

ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ ဖြိုချဖျက်ဆီးမည့် အဆောက်အအုံ ၆၃ လုံးအနက် ယာဉ်ယန္တရားများဖြင့် ဖြိုချဖျက်ဆီးမည့် အဆောက်အအုံ ၂၅ လုံး၊ ဖောက်ခွဲ၍ ဖြိုချဖျက်ဆီးမည့် အဆောက်အအုံ ၄ လုံးနှင့် လူနေအိမ်များနှင့် မလွတ်ကင်း၍ လူအင်အားအသုံးပြုကာ တစ်လွှာချင်းဖြိုချဖျက်ဆီးမည့် အဆောက်အအုံ ၃၄ လုံးဟူ၍ အဆောက်အအုံ အမျိုးအစားအလိုက် ခွဲခြားသတ်မှတ်ထားပြီး ဖြိုချဖျက်ဆီးခြင်းများကို ဆောင်ရွက်လျက်ရှိရာ ယနေ့တွင်ဖောက်ခွဲ၍ ဖြိုချဖျက်ဆီးမည့် အဆောက်အအုံများ အနက် ၆ ထပ် အဆောက်အအုံ ၁ လုံးကို ထပ်မံ၍ ဖြိုချဖျက်ဆီးခဲ့ခြင်း ဖြစ်သည်။

နိုင်ငံတော် အစိုးရအနေဖြင့် ကမ္ဘာလုံးဆိုင်ရာ လူမှုစီးပွားနယ်ပယ်နှင့် အမျိုးသားလုံခြုံရေးကို ခြိမ်းခြောက်လာသည့် အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလိမ်လည်လောင်းကစားမှု (ONLINE SCAM) များ ပပျောက်စေရေးအတွက် နိုင်ငံတော်အစိုးရက အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများနှင့် ပူးပေါင်းကာ အပြီးတိုင် လုံးဝ ပပျောက်သွားစေရေး အထူးအလေးထား နှိမ်နင်းလျက်ရှိကြောင်း သိရသည်။ ၁၀၀




ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလောင်းကစားမှု ကျူးလွန်ရာတွင် အသုံးပြုသည့် တရားမဝင် အဆောက်အအုံများအား စနစ်တကျဖြိုချဖျက်ဆီးမှု။



ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလောင်းကစားမှု ကျူးလွန်ရာတွင် အသုံးပြုသည့် တရားမဝင် ၆ ထပ်အဆောက်အအုံအား မဖြိုဖျက်မီတွေ့ရစဉ်။



ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလောင်းကစားမှု ကျူးလွန်ရာတွင် အသုံးပြုသည့် တရားမဝင် ၆ ထပ်အဆောက်အအုံအား ဖြိုချဖျက်ဆီးပြီးတွေ့ရစဉ်။